# ကြေးမုံ

**The Mirror Daily**

Established in 1957



**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလိ အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)



၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 10 September 2021 ၁၀၄၉၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံအနေဖြင့် GMS အပြင် အာဆီယံနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အပါအဝင် အခြားသော ဒေသတွင်းနှင့် ဒေသခွဲစီးပွားရေးပေါင်းစည်းမှုများတွင်လည်း ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit) တွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit) ကို ယနေ့နံနက်ပိုင်းတွင် Video Conference စနစ်ဖြင့် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




ကြေးမုံ

# နိုင်ငံ့အရေး၊ အမျိုးသားအရေးအကျိုးပွားတိုး

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်က နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိကာလတွင် အခက်အခဲအမျိုးမျိုး၊ ဖိအားအမျိုးမျိုး၊ အနှောင့်အယှက်အမျိုးမျိုးကြားတွင် နိုင်ငံ့အရေး၊ အမျိုးသားအရေး အကျိုးစီးပွားတို့ကို ဆောင်ရွက်ပေးရေးတို့တွင် အပြောမဟုတ် အလုပ်နှင့် လက်တွေ့ကျကျလုပ်ကိုင်ကြ၍ တိုးတက်မှုများရနေသည်။ ရှေ့အဖို့ နိုင်ငံ့အရေး၊ အမျိုးသားအရေးတို့ကို ပိုမိုစွမ်းဆောင်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်။

နိုင်ငံသာယာဝပြောစေရန်အတွက် စီးပွားရေးကောင်းမွန်ရန် အလုပ်လုပ်နိုင်ရန် လိုအပ်သည်။ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်နေရန် လိုအပ်သည်။ ကျန်းမာရေးကောင်းမွန်ရန်အတွက် ကိုဗစ်–၁၉ ရောဂါ ကင်းဝေးရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုသည်။ ကိုဗစ်–၁၉ ကင်းဝေးမှ အလုပ်လုပ်နိုင်မည်၊ စီးပွားရှာနိုင်မည်၊ ပညာရှာနိုင်မည်၊ တရားရှာနိုင်မည်။ လူမှုဘဝ ပုံမှန်လည်ပတ်ကာ သာယာဝပြောမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကိုဗစ်–၁၉ ရောဂါကင်းဝေးရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည်။ ပြည်သူများကလည်း ကျန်းမာရေး၊ ရောဂါကင်းဝေးရေးအတွက် ပူးပေါင်းပါဝင်လာကြသည်။ ရောဂါကင်းဝေးရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်းသည် အရေးပါကြောင်း သိနားလည်လာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှင့် အခြားဆေးပစ္စည်းများ ဝယ်ယူမှုနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၆၉ သန်း အကုန်အကျခံဝယ်ယူခဲ့သည်။ ဆေးရုံ၊ ဆေးခန်းပြုပြင်ခြင်း၊ ကိုဗစ်စင်တာများနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၆၆ ဘီလီယံ သုံးစွဲခဲ့သည်။ ထို့အပြင် အထွေထွေစရိတ်များအတွက် အမေရိကန်ဒေါ်လာ ငါးသိန်းကျော် သုံးစွဲခဲ့သည်။ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲရန်ဘဏ္ဍာငွေကို အဆင်သင့်ပြင်ဆင်ထားသည်။ ပြည်သူများအား ကိုဗစ်–၁၉ ကာကွယ်ဆေး ၂ ဒသမ ၁ သန်း ပထမအကြိမ်ထိုးနှံပေးခဲ့သည်။ ဒုတိယအကြိမ် ၂ ဒသမ ၆ သန်း ထိုးနှံပြီးပြီ။ ယခုလတွင် ကိုဗစ်–၁၉ ကာကွယ်ဆေး ၁၀ သန်း၊ အောက်တိုဘာလတွင် ၁၀ သန်း၊ နိုဝင်ဘာလတွင် လေးသန်း ထပ်မံရောက်ရှိလာမည်ဖြစ်သည်။ ထပ်မံဝယ်ယူရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ပြည်သူအားလုံး ကာကွယ်ဆေးထိုးပြီးလျှင် ရောဂါကာကွယ်ရေးအတွက် စိတ်ချသလောက်ရှိပြီဖြစ်သည်။

ကိုဗစ်ကာကွယ်ဆေးထိုးနှံရေးအတွက် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော ပြည်သူအားလုံး အကျုံးဝင်သည်။ မတူကွဲပြားသော်လည်း မည်သူ့ကိုမျှခွဲခြားပြီး ချန်ထားမည်မဟုတ်ပေ။ အားလုံးသည် ပြည်သူများဖြစ်ကြသည်ဟူသော ခံယူချက်ထားရှိသည်။ ဝေးလံသောဒေသများ၊ ကယ်ဆယ်ရေးစခန်းများ၊ နယ်စပ်ဒေသများတွင်လည်း ကာကွယ်ဆေးထိုးပေးသည်။ အကျဉ်းသားများကိုလည်း ထိုးနှံပေးသည်။ ရခိုင်ပြည်နယ်တွင်လည်း အကျုံးဝင်သူများအားလုံးကို ကာကွယ်ဆေးထိုးပေးရန် စီစဉ်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနေထိုင်သည့်ဒေသများတွင်လည်း ကာကွယ်ဆေးထိုးနှံပေးရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့သည် NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိနေသော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးရေးကို ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံရေးနှင့်ပတ်သက်လာလျှင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရအောင် စေတနာထားရှိသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း" ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားခဲ့သည်။ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးသာမက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများလည်း ဆောင်ရွက်ပေးနေသည်။

သို့ဖြစ်ရာ ယနေ့မြန်မာနိုင်ငံ၏အခြေအနေမှန်ကို အားလုံးသိကြမည်ဖြစ်သည်။ မြန်မာသာမက ကမ္ဘာကပါ သိလာကြပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်နှင့်ပြည်သူအားလုံးတို့၏အကျိုးစီးပွားကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးမှုများသည် နိုင်ငံ့အရေး၊ အမျိုးသားအရေးကို ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။ ။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်

"ရှေးဦးပြုစုသူရဲကောင်းများ ကျောင်းနှင့်ရပ်ရွာမှာ မွေးထုတ်ထား"

"Be a First Aid hero at school and in your community"

## မိုးညှင်းမြို့နယ်ရှိ ကျေးရွာခြောက်ရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီး

**မိုးညှင်း စက်တင်ဘာ ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြို့နယ်အတွင်းရှိကျေးရွာပေါင်း ခြောက်ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများကို ခွင့်ပြုဘဏ္ဍာငွေကျပ် ၇၇ ဒသမ ၈ သန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**ကွင်းဆင်းကြည့်ရှု**

ကျေးရွာပေါင်းခြောက်ရွာ၌ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကျေးရွာကော်မတီများနှင့်တွေ့ဆုံကာ လုပ်ငန်းလိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**အေးသူ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉ – ၉ –၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၁,၀၃၅ | ၉,၂၀၈,၅၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၇,၀၂၇ | ၂၂,၁၁၃,၈၀၀ |
| MCB | ၈,၀၀၀ | ၇,၈၀၀ | ၆ | ၄၇,၀၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၇,၉၉၉ | ၂၁,၉၉၇,၂၅၀ |
| EFR | ၃,၁၀၀ | ၂,၉၅၀ | ၁၂ | ၃၆,၁၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၄ | ၁၉,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၃၀.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၄၆.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၆၇.၉၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၂.၈၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၆.၉၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၅၁၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၇၆.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၈၇.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၃.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၁၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**စာတည်းများ** – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်စာတည်းများ** – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်းသတင်းထောက်များ** – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်းသတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

**❖ မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရေးဟူသော နည်းလမ်းနှစ်ရပ်ကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိ**

**❖ ယခုနှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိစေရေး မျှော်မှန်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

☆ ရှေ့ဖုံးမှ

ဦးစွာ သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး(7th GMS) ဖွင့်ပွဲအဖြစ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အောင်မြင်မှုများ ဗွီဒီယိုကိုပြသသည်။ ယင်းနောက် အိမ်ရှင်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌတို့က မိန့်ခွန်းအသီးသီး ပြောကြားကြသည်။

**အောင်မြင်မှုများရရှိခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ၁၉၉၂ ခုနှစ်မှစ၍ ဆယ်စုနှစ် သုံးခုနီးပါး လျှောက်လှမ်းလာခဲ့သော GMS အစီအစဉ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လုပ်ဆောင်ရာတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့သဖြင့် ဂုဏ်ယူပါကြောင်း၊ "ခွန်အားသစ်များဖြင့် ဆယ်စုသစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်မည်" ဆိုသည့် ယခုထိပ်သီးအစည်းအဝေး ခေါင်းစဉ်သည် GMS ဒေသခွဲအတွက် လက်ရှိအချိန်နှင့် အကိုက်ညီဆုံး၊ အသင့်တော်ဆုံးပင်ဖြစ်ပါကြောင်း၊ GMS မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂) အရ ကဏ္ဍအလိုက် စီမံကိန်းများနှင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ရထားအဖွဲ့အစည်း (Greater Mekong Railways Association – GMRA) ကို ထူထောင်ရာတွင် ပါဝင်ခဲ့ပြီး နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး လွယ်ကူချောမွေ့စေမှု (Cross–border Transport Facilitation Agreement–CBTA) စာချုပ်များနှင့် နောက်ဆက်တွဲများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ဒေသတွင်းကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် ဖွံ့ဖြိုးမှုအတွက် GMS အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစင်္ကြံများမှာ အလွန်အရေးပါကြောင်းနှင့် ၎င်းတို့အနက် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းသည် မြန်မာနိုင်ငံအတွက် အလွန်အရေးပါသည့် လမ်းကြောင်းဖြစ်ပါကြောင်း၊ ဗီယက်နမ်(ဒါနန်း) မှ ရန်ကုန်(သီလဝါ) အထိ ဆက်သွယ်ထားသည့် အဆိုပါစင်္ကြံသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း ချိတ်ဆက်မှုအားကောင်းစေပြီး ကုန်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်ပါကြောင်း။

အနာဂတ်တွင် GMS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အတွက် လမ်းပြမြေပုံအဖြစ် ဖော်ဆောင်ပေးမည့် ယနေ့ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုထုတ်ပြန်မည့် GMS စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ ကို ကြိုဆိုပါကြောင်း၊ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကြောင့် GMS ဒေသအပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြား၌ ပြောင်းလဲမှုများစွာဖြစ်ပေါ်ခဲ့ပြီး လူသားများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့တွင် ထိခိုက်မှုများ ဖြစ်ပွားစေခဲ့ကာ အခက်အခဲများကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေး၊ ငွေရေးကြေးရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်တို့အပြင် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ဖြေရှင်းရေး အစရှိသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ သက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာတွင် GMS ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့်ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃)ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရေးဟူသော နည်းလမ်းနှစ်ရပ်ကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ မိမိတို့အနေဖြင့် အခက်အခဲအမျိုးမျိုးကြားက ရင်ဆိုင်ကြုံတွေ့နေရသည့် တတိယလှိုင်းကို ကျော်ဖြတ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ယခုနှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကာကွယ်ဆေးထိုးခြင်း လွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိစေရေး မျှော်မှန်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပူးပေါင်းဆောင်ရွက်နေကြသည့် နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် အခက်အခဲများရှိနေသော်လည်း လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများကို အဆွေတော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၏ စီစဉ်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ အထူးလေယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းပေးမှုနှင့် နယ်စပ်မှတစ်ဆင့် တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

**မဲမသမာမှုများပြုလုပ်**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ကြီးမားသည့် မဲမသမာမှုများပြုလုပ်ပြီး လွှတ်တော်ခေါ်ယူရန် ကြိုးစားခဲ့ခြင်းကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ခဲ့သည်မှာ ယခုဆိုလျှင် ခုနစ်လ ကျော်ကာလရှိပြီဖြစ်ပါကြောင်း၊ ထိုသို့ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရပြီး နောက်ပိုင်းတွင် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်က သွေဖည်မသွားစေရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များအနက် ပထမအချက်ဖြစ်သည့် **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်"** ဟူသည့်အချက်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အခြားလုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသစ်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုပြုလုပ်ခဲ့သည့် မဲပေါင်း ၁၁ ဒသမ ၃ သန်း ကျော်ရှိသည်ကို တွေ့ရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ သဘောတူညီချက်(၅)ရပ်ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး(၂) H.E Dato Erywan Pehin Yusof ကို အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန် အဆိုပြုချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံခဲ့ပြီး အာဆီယံခေါင်းဆောင်များ သဘောတူညီချက် (၅)ရပ်၏ မူဘောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် မူဘောင်၊ အာဆီယံမူဘောင်များနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ရှိရင်းစွဲ နှစ်နိုင်ငံသဘောတူညီချက်များနှင့် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အားလုံးပူးပေါင်း၍ ဒေသတွင်းရှိ ပြည်သူအားလုံးအတွက် အကျိုးဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးနှင့် အားလုံးပါဝင်နိုင်ရေးတို့ကို ဆက်လက်ဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် GMS အပြင် အာဆီယံနှင့်ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပါအဝင် အခြားသော ဒေသတွင်းနှင့် ဒေသခွဲ စီးပွားရေးပေါင်းစည်းမှုများတွင်လည်း ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စိန်ခေါ်မှုများရှိနေဆဲ**

ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မိမိတို့ ပူးပေါင်းဆောင်ရွက်မှု ရလဒ်အနေဖြင့် အသိအမှတ်ပြုဖွယ်ကောင်းသည့် တိုးတက်မှုများ ရရှိခဲ့သော်လည်း ဒေသခွဲအတွင်း ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် သတင်းအချက်အလက် ချိတ်ဆက်ပေါင်းစပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရေး၊ ယှဉ်ပြိုင်စွမ်းအားတိုးမြှင့်ရေးနှင့် အသိုက်အဝန်း ပုံသဏ္ဍာန်ပိုမိုပီပြင်ရေး စသည့် နယ်ပယ်များတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ယင်းတို့ကို ကျော်လွှားနိုင်ရေးအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်များနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားထုတ်လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ ထိပ်သီးအစည်းအဝေးတွင် ချမှတ်မည့် မဟာဗျူဟာနှင့်စီမံချက်များသည် ဆယ်စုနှစ်အသစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး ပိုမိုကျစ်လျစ်ခိုင်မာအားကောင်းသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ GMS ဆိုင်ရာ ဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး တွဲဖက်ဝန်ကြီးနှင့် ကမ္ဘောဒီးယား ဖွံ့ဖြိုးရေးကောင်စီ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာ ဆော့ခ် ချန်ဒါ ဆွန်ဖားက GMS ဒေသခွဲအနေဖြင့် ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀၊ GMS ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃) နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်စာတမ်းတို့ကို နိုင်ငံ့ခေါင်းဆောင်များက အတည်ပြုခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

**ပါဝင်တက်ရောက်**

အဆိုပါ သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ GMS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် သက်ဆိုင်သည့် လုပ်ငန်းကော်မတီများအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များလည်း အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ရာ ဆယ်စုနှစ် သုံးခုနီးပါး အောင်မြင်စွာရပ်တည်လျက်ရှိသည့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ကြောင်း၊ GMS အစီအစဉ်အရ ထိပ်သီးအစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏ (၁၀)နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှစတင်၍ သုံးနှစ်လျှင် တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့ကြောင်း၊ ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလ ဒေသခွဲဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံ့ခေါင်းဆောင်များ၏ အရေးပါသော ပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိရာ ယနေ့ကျင်းပသည့် သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀၊ ဂျီအမ်အက်စ် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃)နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်စာတမ်းတို့ကို အတည်ပြုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အာဆီယံနိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး၏ သဘောတူညီချက် (၅)ရပ်ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) H.E Dato Erywan Pehin Yusof ကို အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန် အဆိုပြုချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံခဲ့ပြီး အာဆီယံခေါင်းဆောင်များ သဘောတူညီချက်(၅)ရပ်၏ မူဘောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် မူဘောင်၊ အာဆီယံမူဘောင်များနှင့်အညီ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ရှိရင်းစွဲ နှစ်နိုင်ငံသဘောတူညီချက်များနှင့် အပြည်ပြည်ဆိုင်ရာကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**

# (၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေး ဒုတိယနေ့နှင့် အာဆီယံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ယှဉ်ပြိုင်မှုဆိုင်ရာဆန်းစစ်ချက်အစီရင်ခံစာ ထုတ်ပြန်သည့်အခမ်းအနားများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**
(၅၃) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး ဒုတိယနေ့ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆက်လက်ကျင်းပခဲ့ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်နိုင်ဦးသည် နေပြည်တော်ရှိ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးရုံး မှ ပါဝင်တက်ရောက်သည်။

**ပါဝင်တက်ရောက်**

အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေး ဝန်ကြီးဌာနဝန်ကြီး H.E. Dato Dr. Amin Liew Abdullah က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေစဉ်အတွင်း ဦးစားပေးဆောင်ရွက် လျက်ရှိသည့် စီးပွားရေးလုပ်ငန်းစဉ်များ ဖြစ်ပေါ် တိုးတက်မှုအခြေအနေနှင့် အာဆီယံဘက်စုံပြန်လည် ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေတို့အပေါ် မှတ်တမ်းတင်ပြီး ဆက်လက် ဆောင်ရွက်ဆဲလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက် ရန် ကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့များအား တိုက်တွန်း ခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေးအတွက် ရေရှည် တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိ စေမည့် စီးပွားရေးမူဝါဒများ ဖော်ဆောင်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး ပေါင်းစည်းမှုလုပ်ငန်းစဉ်များ အရှိန်မြှင့်တင် ဆောင်ရွက်ရေးတို့အပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်း များပြန်လည်ဦးမော့စေရေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ပေါင်းစည်းမှု အရှိန်မြှင့်တင်လာစေရေးအတွက် ရည်ရွယ်ဆောင်ရွက်သည့် ဘန်ဒါဆီရီဘီဂါဝန် လမ်းပြမြေပုံကို အတည်ပြုခဲ့ကြသည်။ ထို့အပြင် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့မှ တင်ပြသည့် အကြံပြုချက်များ၊ အဆင့်မြင့်စီးပွားရေးအရာရှိများက တင်ပြသည့် အစီရင်ခံစာနှင့် အနာဂတ်တွင်ချုပ်ဆိုမည့် အာဆီယံ စီးပွားရေးသဘောတူစာချုပ်များ၏ အကောင် အထည်ဖော်မှု နှောင့်နှေးမှုမရှိစေရန် အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ ပြည်တွင်းလုပ်ထုံးလုပ်နည်းများအပေါ် သုံးသပ်မည့် လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာတို့အပေါ် ဝန်ကြီးများက ဆွေးနွေးလမ်းညွှန်ခဲ့ကြသည်။

**ကြိုတင်ညှိနှိုင်း**

ထို့နောက် ဝန်ကြီးများသည် စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အမေရိကန်၊ ဟောင်ကောင်(တရုတ်)၊ အိန္ဒိယ၊ အီးယူ၊ ရုရှား၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ အပေါင်းသုံး(တရုတ်၊ ကိုရီးယား၊ ဂျပန်)၊ အရှေ့ အာရှနှင့် ယူကေနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးများ၌ ဆွေးနွေးမည့်ကိစ္စရပ်များအပေါ် ကြိုတင်ညှိနှိုင်းခဲ့ကြသည်။

အစည်းအဝေး၏ နံနက်ပိုင်းအစီအစဉ်များတွင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်သည် ပြည်ထောင်စုဝန်ကြီးကိုယ်စား တက်ရောက်ခဲ့သည်။ ဒုတိယဝန်ကြီးက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အာဆီယံ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေစဉ်အတွင်း ဦးစားပေးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်း စဉ်များ ပြီးမြောက်မှုကို ကြိုဆိုခဲ့သည်။ ထို့ပြင် ဒုတိယ ဝန်ကြီးက ဒစ်ဂျစ်တယ်စီးပွားရေးပေါင်းစည်းမှု အရှိန် မြှင့်တင်လာစေရေးအတွက် ရည်ရွယ်ဆောင်ရွက် သည့် ဘန်ဒါဆီရီဘီဂါဝန် လမ်းပြမြေပုံ ချမှတ်နိုင်ခြင်း ကို ထောက်ခံခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုအခြေ အနေ ကွာခြားချက်အရ အဆိုပါလမ်းပြမြေပုံ အကောင် အထည်ဖော်ရာတွင် စွမ်းဆောင်ရည်မြှင့်တင်မှု အစီအစဉ်များကို ထည့်သွင်းရန် အကြံပြုခဲ့သည်။




အစည်းအဝေး၌ ဝန်ကြီးများက (၅၃) ကြိမ် မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ ပူးတွဲ ထုတ်ပြန်ချက်ကို အတည်ပြုခဲ့သည်။

**ပါဝင်တက်ရောက်**

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာအဖွဲ့အစည်း(အိုအီးစီဒီ)နှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ ယှဉ်ပြိုင်မှု ဆိုင်ရာဆန်းစစ်ချက်အစီရင်ခံစာ ထုတ်ပြန်သည့် အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ ဗြိတိန်နိုင်ငံ ကုန်သွယ်ရေး မူဝါဒဆိုင်ရာဝန်ကြီး၊ အိုအီးစီဒီ အတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ အခမ်းအနား တွင် အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi က အဖွင့်အမှာစကားပြောကြားပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး H.E. Dato Dr. Amin Liew Abdullah၊ အိုအီးစီဒီ အတွင်းရေးမှူးချုပ် Mr. Mathias Cormann၊ ဗြိတိန် နိုင်ငံ ကုန်သွယ်ရေးမူဝါဒဆိုင်ရာဝန်ကြီး Rt Hon Greg Hands MP တို့က မိန့်ခွန်းများ ပြောကြားခဲ့ သည်။ ထို့နောက် အိုအီးစီဒီက အာဆီယံစီးပွားရေး ဝန်ကြီးများထံသို့ အာဆီယံထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍ၏ ယှဉ်ပြိုင်မှုဆိုင်ရာဆန်းစစ်ချက်အစီရင်ခံစာ များကို လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားပြီးမြောက်ခဲ့သည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေပံ့ပိုးမှုအစီအစဉ်များ တိုးချဲ့ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၉**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း(JICA, Two Step Loan) စီမံကိန်းဦးဆောင်ကော်မတီ အစည်းအဝေး (၁၈/၂၀၂၁) ကို ယနေ့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ကျပ်ဘီလီယံ ၂၀၀ ခန့်ရှိ**



အစည်းအဝေးတွင် စီမံကိန်းဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် JICA, Two Step Loan ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး စီမံကိန်းတန်ဖိုးကျပ် ဘီလီယံ ၂၀၀ ခန့် ရှိကြောင်း၊ ချေးငွေကို ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်း နှစ် ၄၀ အထိ သုံးစွဲနိုင်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူ လယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများ တွင် အဓိကအသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာ များနှင့် လယ်ယာစီးပွားအခြေခံ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများအပါအဝင် ရင်းနှီးမြှုပ်နှံဆောင်ရွက် နိုင်ရန် အတိုးနှုန်းသက်သာသည့် ချေးငွေများကို တောင်သူတစ်ဦးချင်းသို့ ကျပ်သိန်း ၅၀၀ ထိ အတိုးနှုန်း ငါးရာခိုင်နှုန်း၊ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးလျက် ရှိကြောင်း၊ ဩဂုတ်လကုန်ထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၁၈၇ မြို့နယ်တို့မှ တောင်သူ ၅၅၅၆ ဦးသို့ ချေးငွေကျပ် ၂၂၉ ဒသမ ၁၂၆ ဘီလီယံ ထုတ်ချေးထားပြီးဖြစ်သည်ကို တွေ့ရကြောင်း။

ပထမချေးငွေရယူထားသည့် တောင်သူများက ပြန်ဆပ်သည့်ငွေကို ချေးငွေရယူလိုသည့် အခြား တောင်သူများသို့ စဉ်ဆက်မပြတ်ထုတ်ချေးခြင်းဖြင့် ချေးငွေရရှိသူတောင်သူဦးရေ များပြားလာမည် ဖြစ်ကြောင်း၊ ချေးငွေများပုံမှန်ပြန်လည်ကောက်ခံ ရရှိရန်နှင့် ဆုံးရှုံးမှုမရှိစေရန် ချေးငွေထုတ်ချေးရာတွင် စနစ်တကျစိစစ်ဆောင်ရွက်ရန်လိုသကဲ့သို့ ချေးငွေ သက်တမ်းတစ်လျှောက်လုံး အနီးကပ်စောင့်ကြည့် ကြပ်မတ်ရန်လိုကြောင်း၊ သို့မှသာ ချေးငွေအစီအစဉ် တစ်ရပ်လုံးကို ကောင်းမွန်စွာဖြင့် လည်ပတ်နိုင် စေမည်ဖြစ်ပြီး တောင်သူများ၏ ဝင်ငွေတိုးတက်မှု နှင့်အတူ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို အထောက် အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်နှင့် ဘဏ်ခွဲအဆင့်ဆင့်တို့မှ တာဝန်ရှိသူများအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် အမြဲမပြတ် ချေးငွေအကဲဖြတ်သုံးသပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများပြုလုပ်ပြီး စီမံကိန်း အောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူ များက JICA, Two Step Loan ချေးငွေထုတ်ချေး ထားမှု အခြေအနေ၊ ဆက်လက်ထုတ်ချေးနိုင်မည့် အခြေအနေ၊ ချေးငွေပြန်လည်ပေးဆပ်မှု အခြေအနေ နှင့် JICA နှင့် ဆက်သွယ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ တက်ရောက်သူများက ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ချေးငွေအစီအစဉ်အရ ဆက်လက် ထုတ်ချေးရာတွင် နိုင်ငံတော်က ဦးစားပေးချမှတ်ထား သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဘဏ္ဍာငွေပံ့ပိုးမှုအစီအစဉ်များကို တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

## ယခုလို ကြား မြင် သိသည့် အကြောင်းအရာများကိုအခြေခံပြီး မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေသည့်အခြေအနေများကို အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ၊ အကြောင်းနှင့် အကျိုး၊ အကောင်းနှင့် အဆိုးကို ဝေဖန်ပိုင်းခြား လက်ခံသိမြင်နိုင်မယ်လို့ ယုံကြည်

# မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား တွေ့ဆုံရှင်းလင်း




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မြန်မာနိုင်ငံအခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များအား တွေ့ဆုံရှင်းလင်းပြောကြားစဉ်။

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မြန်မာနိုင်ငံအခြေစိုက် သံတမန်များအား တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ)၌ ကျင်းပသည်။

### တက်ရောက်

တွေ့ဆုံရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများဖြစ်ကြသည့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တူရကီ၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ဘရူနိုင်း၊ နီပေါ၊ တီမောလက်စ်တေ၊ ပါကစ္စတန်၊ လာအို၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ကိုရီးယား၊ ဂျပန်၊ ရုရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဩစတြေးလျ၊ ကူဝိတ်၊ ကာတာနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံ၊ သံရုံးဒုတိယအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ဒုတိယဌာနကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများက တွေ့ဆုံရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များအား ရင်းရင်းနှီးနှီး တစ်ဦးချင်း ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ ကျင်းပပြုလုပ်သည့် တွေ့ဆုံရှင်းလင်းပွဲမှာ ကျွန်တော့်အနေဖြင့် အပိုင်း(၃) ပိုင်း ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါကြောင်း၊

ပထမပိုင်းအနေဖြင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဘာကြောင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရတယ်ဆိုတာ အားလုံးသိပြီးဖြစ်သည့်အတိုင်း NLD အစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းလွဲမှားမှုများ၊ မဲမသမာမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းအပေါ် စိစစ်ချက်များအရ မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း တစ်ဆယ့်တစ်သန်းသုံးသိန်းကျော် (၁၁,၃၀၅,၃၉၀) ရှိခဲ့မှုကို ရွေးကောက်ပွဲပြီးပြီးချင်း ကာလမှာပင် တပ်မတော်အနေဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်တွေ့ရှိချက်စာရင်းဇယားများ ထုတ်ပြန်ခြင်း အကြိမ်(၃၀)၊ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအားရွေးကောက်ပွဲမတိုင်မီ (၂)ကြိမ်နှင့် ရွေးကောက်ပွဲအပြီး (၄)ကြိမ်၊ စုစုပေါင်း (၆)ကြိမ်၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများတွင် ပြည်တွင်း/ ပြည်ပမီဒီယာများရှေ့၌ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ရှင်းလင်းပြသခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး၊ ရိုးသားသည့် နိုင်ငံရေးဖြစ်စေရေးတို့အတွက် ရွေးကောက်ပွဲမတိုင်မီကပင် အကြိမ်ကြိမ် ပြောကြားခဲ့ပါကြောင်း၊ သို့ပေမယ့်လည်း အားလုံးမြင်တွေ့ကြားသိကြသည့်အတိုင်း ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲရက်ကာလ၊ ရွေးကောက်ပွဲအပြီးကာလ သုံးခုစလုံးမှာ လွတ်လပ်မှု၊ တရားမျှတမှုနှင့် သန့်ရှင်းမှုများနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ဖြစ်ခဲ့သည့်အတွက် မဲမသမာမှုပြုနိုင်သည့်စာရင်းများ ရှင်းလင်းမှုမပြီးမချင်း တတိယအကြိမ် လွှတ်တော်ကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့ပါကြောင်း၊ မလုပ်ဆောင်ခဲ့ပါဘူး။ မဲစာရင်းကွာခြားမှုကြီးမားနေခြင်းနှင့်ပတ်သက်၍ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖြေရှင်းပေးရန် ပထမအဆင့်အနေဖြင့် ကြိုးပမ်းခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးရန် ငြင်းဆန်သည့်အခါ ပြည်ထောင်စုလွှတ်တော်ကတစ်ဆင့် ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေး ခေါ်ယူပေးရန် တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ ခေါ်ယူပေးဖို့ ငြင်းဆန်ခဲ့ပါကြောင်း၊ လက်ရှိ ကြုံတွေ့နေရသည့် အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ခုခုက နည်းလမ်းရှာဖြေရှင်းပေးရန် အဆင့်ဆင့် တောင်းဆိုခဲ့ပါကြောင်း၊ ထိုအဆင့်တွေအားလုံး ငြင်းပယ်ခံရသောအခါ နိုင်ငံတော်သမ္မတဦးစီးသည့် "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးခေါ်ယူပြီး တွေ့ဆုံဆွေးနွေးပေးနိုင်ရန် တင်ပြခဲ့ပါကြောင်း၊ သို့ရာတွင် တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းမပေးခဲ့ပါကြောင်း၊ ထိုသို့ ဖြေရှင်းမပေးဘဲ အမှန်တရားများကို လျစ်လျူရှုပြီး မသမာသည့် ရွေးကောက်ပွဲရလဒ်များဖြင့် လွှတ်တော်အသီးသီးကို ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၄၁၇ ပါ "နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း" ဖြစ်သည့်အတွက် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း။

ဒါကို မီဒီယာကျင့်ဝတ်နှင့် လိုက်နာခြင်းမရှိသည့် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကျင့်ဝတ်ကို အလေးမထားသော ပြည်ပနိုင်ငံအချို့က နိုင်ငံတော်အာဏာကို သိမ်းယူတယ်လို့ စွပ်စွဲပြောကြားနေကြတာ ရှိပါကြောင်း၊ တကယ်တော့ တပ်မတော်က တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ပြီး အာဏာသိမ်းတာ မဟုတ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမှာဖြစ်ကြောင်းကို ယခင်က အကြိမ်ကြိမ်ရှင်းပြခဲ့သလို ယခုရှင်းလင်းမှုမှာလည်း ပထမအချက်အဖြစ် ထပ်မံအသိပေးပြောကြားခြင်း ဖြစ်ပါကြောင်း။

### ရှင်းလင်းတင်ပြ

ဒုတိယပိုင်းအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်လုပ်ဆောင်နေမှုများကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ မြန်မာပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့် မျှော်လင့်ချက်က စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် တည်ဆောက်နိုင်ရေးဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူတွေလိုလားခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံကစပြီး တည်ဆောက်ပေးခဲ့တာဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများက "အဲဒီစနစ်တွေရဲ့အသက်" ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာစေရန် အခြေခံလိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးပင် ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုရာမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုတွေ လိုအပ်မှာဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးမှာလည်း တည်ဆဲဥပဒေတွေကို လေးစားလိုက်နာပြီး စည်းကမ်းပြည့်ဝသည့် အလေ့အထကောင်းတွေ ရရှိလာစေရန် ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းရပ်တွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ခဲ့ပါကြောင်း။

ယခုလို ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားကို အချိန်တိုအတွင်း ဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်သည့် ကာလ(၆)လ ပြည့်မြောက်သည့်အချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရဖွဲ့စည်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့်အညီ နိုင်ငံတော်ဝန်ကြီးချုပ် တာဝန်ကိုရယူပြီး ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင်ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ ကျင့်သုံးဆောင်ရွက်ခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ကျင့်သုံးခြင်းတို့ ဆောင်ရွက်လျက် လုပ်ငန်းစဉ်များအားလုံးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း။

### ထုတ်နုတ်တင်ပြ

တတိယပိုင်းအနေဖြင့် နိုင်ငံတော်အစိုးရက လက်ရှိဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများထဲက ကဏ္ဍအချို့တို့ကို ထုတ်နုတ်တင်ပြလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပြီး အရေးပေါ်ကာလ ကုန်ဆုံးသွားသည့်အခါ ဥပဒေနှင့်အညီ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးကာ ရွေးကောက်ပွဲရလဒ်ဖြင့် ထွက်ပေါ်လာမည့်အစိုးရကို အခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်များ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ တစ်ဖက်မှာလည်း အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နိုင်ငံသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း၊

ယနေ့ ကမ္ဘာ့ကပ်ရောဂါအဖြစ် နိုင်ငံအားလုံးရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် တတ်နိုင်သမျှနည်းလမ်းပေါင်းစုံကို ကျင့်သုံးပြီး အားကြိုးမာန်တက်

**စာမျက်နှာ ၇ သို့** ❐

❒ စာမျက်နှာ ၆ မှ

အကောင်အထည်ဖော်နေမှုများကိုလည်း အကျဉ်းချုပ် အသိပေးလိုပါကြောင်း၊ လုပ်ဆောင်မှုအသေးစိတ်ကိုတော့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တင်ပြသွားမှာ ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံမှာ ကိုဗစ်-၁၉ ပထမလှိုင်းနှင့် ဒုတိယလှိုင်း ဖြစ်ပွားခဲ့စဉ်က ထိခိုက်မှုနည်းပါးခဲ့ပေမယ့် တတိယလှိုင်း ဖြစ်ပွားချိန်တွင် ကမ္ဘာပေါ်မှာရှိသည့် အခြားနိုင်ငံများနည်းတူ ထိခိုက်မှုတွေ ရှိခဲ့ပါကြောင်း၊ သို့ပေမယ့်လည်း မိမိတို့အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ကုသရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်ပြီး ဖိဖိစီးစီး လုပ်ဆောင်ခဲ့သည့်အတွက် အတိုင်းအတာတစ်ခုအထိ ကူးစက်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း။

**အထောက်အကူပြု**

ကိုဗစ်ရောဂါ စစ်ဆေးပေးခြင်း၊ လိုအပ်သည့်နေရာများကို Stay at Home ပြုလုပ်ခြင်း၊ အများပြည်သူ အလုပ်ပိတ်ရက်များ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ ကာကွယ်ဆေးများကို ယခင်အစိုးရလက်ထက်က အိန္ဒိယနိုင်ငံ တစ်ခုတည်းကသာ ဝယ်ယူနိုင်ရေးဆောင်ရွက်ခဲ့ပါကြောင်း၊ အိန္ဒိယနိုင်ငံမှာလည်း ကိုဗစ်ရောဂါဖြစ်ပွားမှု မြင့်တက်လာတော့ ဆေးများဆက်မပေးနိုင်သည့်အခါ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံကနေ ဝယ်ယူရရှိရေးကို အစကပြန်စပြီး ကြိုးပမ်းခဲ့ရပါကြောင်း၊ ဝယ်ယူမှုများအပြင် တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့မှ ကာကွယ်ကုသဆေးများနှင့် အထောက်အကူပြုပစ္စည်းများ မိတ်ဆွေကောင်းပီသစွာ ကူညီလှူဒါန်းပေးမှု၊ ပြည်သူလူထု၏ တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းမှု၊ လိုအပ်သည့် လုပ်ငန်းစဉ်အသီးသီးတွင် စေတနာ့ဝန်ထမ်းများအဖြစ် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်မှု၊ ပြည်သူပြည်သားများ၏ တစ်ဦးချင်းစီ စည်းကမ်းလိုက်နာမှုများသည် ကိုဗစ်ရောဂါ ကာကွယ်ရေးကို ထိရောက်စွာ အထောက်အကူပြုခဲ့ကြောင်း တွေ့ရမှာဖြစ်ပါကြောင်း။

ကိုဗစ် ကာလအတွင်းမှာ ပြည်ပမှာအလုပ်အကိုင်ခက်ခဲပြီး အခက်အခဲတွေ့နေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ယူခြင်းလုပ်ငန်းကိုလည်း မိမိတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်တတိယလှိုင်း မစခင်ကတည်းက မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို တပ်မတော်စစ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံသား ၇၀ ကို တပ်မတော်စစ်ရေယာဉ်တစ်စင်းဖြင့် လည်းကောင်း သွားရောက်ခေါ်ယူခဲ့ပါကြောင်း၊ ယခုတတိယလှိုင်းကာလမှာလည်း တရုတ်၊ ထိုင်း၊ လာအို နိုင်ငံတို့မှာ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်လက်ခံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာမှာ မနေ့က အထိ ၇၄၉၅၅ ဦးကို လက်ခံခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် မိမိနိုင်ငံသားများကို အရိပ်သဖွယ်အကာအကွယ်ပေးရမှာဖြစ်ကြောင်းနှင့် ကူညီသွားရမှာဖြစ်ကြောင်း၊ မိမိနိုင်ငံအတွင်း ပြန်ဝင်လာပြီး ပြဿနာရှာချင်ရှာပါစေ ၊ လက်ခံသွားရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်ကာလမှာ နိုင်ငံအသီးသီးကို ရောက်ရှိနေပြီး မြန်မာနိုင်ငံကို ပြန်လာချင်နေသည့် မြန်မာနိုင်ငံသားများ ရှိနေရင် သက်ဆိုင်ရာ နိုင်ငံအသီးသီးကလည်း ကူညီပေးကြရန် သတင်းစကားပါးလိုပါကြောင်း။

ဆက်လက်ပြီး တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိစေရေးအတွက် လုပ်ဆောင်နေမှုကိုလည်း ရှင်းလင်းတင်ပြလိုပါကြောင်း၊ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်လို့ အပြည့်အဝခံယူထားတာဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ယနေ့အထိ ရပ်ဆိုင်းပေးခဲ့သည်မှာ ထင်ရှားသည့် သက်သေပင် ဖြစ်ပါကြောင်း။

တစ်ဖက်မှာလည်း တည်ဆဲဥပဒေကို လိုက်နာခြင်းမရှိသည့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများကိုလည်း ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း အသိပေးပြောကြားလိုပါကြောင်း၊ အကြမ်းဖက် NUG အဖွဲ့အနေဖြင့် စက်တင်ဘာ ၇ ရက်တုန်းက ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင် “အရေးပေါ်အခြေအနေကြေညာခြင်း” ဆိုပြီး ကြေညာချက်တစ်ခုထုတ်ခဲ့ပါကြောင်း၊ အဆိုပါကိစ္စသည် နိုင်ငံတော်အစိုးရကို စစ်ကြေညာသည့် သဘောဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) များကို ၎င်းတို့နယ်မြေအတွင်းမှာ NUG အကြမ်းဖက်အဖွဲ့တွေ လက်ခံထားခြင်းရှိ၊ မရှိ တရားဝင်မေးမြန်းခဲ့ပါကြောင်း၊ EAO အဖွဲ့အများစုက သူတို့နှင့်သက်ဆိုင်သည့် နယ်မြေများမှာ NUG အဖွဲ့တွေမရှိကြောင်း တရားဝင်ပြန်ကြားခဲ့ပါကြောင်း၊ ယခုဆိုရင် အဆိုပါအကြမ်းဖက် NUG အဖွဲ့သည် မည်သည့်နေရာမှာရှိနေသည်ဆိုတာ မေးခွန်းထုတ်စရာရှိပါကြောင်း။

ယနေ့ သံတမန်ကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများကို ဖိတ်ခေါ်ရှင်းလင်းတင်ပြရခြင်းက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိနိုင်ကြပြီး မြန်မာနိုင်ငံကို အပြုသဘော ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် စိတ်များနှင့် အရင်းခံပြီး လုပ်ဆောင်ခြင်းပင်ဖြစ်ပါကြောင်း။

**ယုံကြည်မျှော်လင့်**

မိတ်ဆွေများအနေဖြင့် ယခုလို ကြားမြင်သိသည့် အကြောင်းအရာများကို အခြေခံပြီး မိမိတို့မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေသည့် အခြေအနေများကို အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ၊ အကြောင်းနှင့် အကျိုး၊ အကောင်းနှင့် အဆိုးကို ဝေဖန်ပိုင်းခြားလက်ခံသိမြင်နိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအကြိုကာလမှာ ယခင်အစိုးရနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့၏ ကြိုတင်ကြံစည်ဆောင်ရွက်ချက်များကို ဦးစွာတင်ပြလိုပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရေး ဆောင်ရွက်ခဲ့ရာတွင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှာ NLD ပါတီဝင်တွေ၊ အမာခံတွေနှင့် ပါတီနိုင်ငံရေးမကင်းရှင်းသူတွေ ပါဝင်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ NLD ပါတီအပေါ် ဘက်လိုက်မှုတွေ လုပ်ဆောင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲပြီးသည့်နောက်မှာ NLD ပါတီအစိုးရအနေနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းလဲဖွဲ့စည်းသည်နှင့် တိုင်းဒေသကြီး / ပြည်နယ်များမှာရှိသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွေကို ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှအပ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းတာတွေ လုပ်ခဲ့ပြီး ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာမှာ အရေးပါသည့် ဌာနတွေကို ချုပ်ကိုင်နိုင်ဖို့ ကြိုတင်စီမံဆောင်ရွက်ခဲ့တာတွေကို တွေ့ရပါကြောင်း။

မဲဆန္ဒရှင်စာရင်းများ မြေပြင်ကွင်းဆင်းကောက်ယူရာမှာ NLD အစိုးရက ခန့်ထားသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာတွေမှာ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ရှိ/မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းမရှိသည့်အတွက် မဲစာရင်းမှာ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက် ပါဝင်တာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းနှင့် မဲစာရင်း နှစ်ကြိမ်၊ သုံးကြိမ် ဖောင်းပွ ပါဝင်နေတာတွေကို တွေ့ရှိရပါကြောင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်ခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃ ရက်နှင့် ဆဋ္ဌမအကြိမ် ပြင်ဆင်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဇွန် ၅ ရက်တို့မှာ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီလိုပြင်ဆင်ရေးဆောင်ရွက်ရာမှာ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ လမ်းညွှန်ချက်တွေနှင့်အညီ အာဏာရပါတီအတွက် အလေးသာစေမည့် ပြင်ဆင်ချက်တွေ လုပ်ဆောင်ခဲ့တာ တွေ့ရှိရပါကြောင်း။

**မဲစာရင်းများ ပိုမိုဖောင်းပွမှားယွင်းခဲ့**

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာရာမှာ မှားယွင်းမှုကို အကြောင်းပြု၍ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၄ ရက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ခေါင်းဆောင်ပြီး လဝက ဝန်ကြီး၊ ကော်မရှင်၊ ထွေ/အုပ်၊ လဝက တို့ပါဝင်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း၊ ယင်းအဖွဲ့၏လုပ်ပိုင်ခွင့်ကို အခြေခံပြီး အဆင့်ဆင့်သော NLD ပါတီအောင်နိုင်ရေးအဖွဲ့များရဲ့ ဖိအားပေးမဲစာရင်း ထည့်သွင်းတာတွေကို ရွေးကောက်ပွဲနီးချိန်အထိ ဆောင်ရွက်ခဲ့သည့်အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စိစစ်နိုင်ခြင်းမရှိဘဲ မဲစာရင်းများ ပိုမိုဖောင်းပွ မှားယွင်းခဲ့တာကို စိစစ်တွေ့ရှိရပါကြောင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင် အစရှိသည့် အချက်အလက်တွေ မပြည့်စုံသည့် မဲဆန္ဒရှင်များအတွက် ဖြေလျှော့ပြီး မဲစာရင်းတွင်ပါသူဖြစ်ကြောင်း သိသာနိုင်သည့် ကတ်တစ်မျိုးမျိုးပြသလျှင် မဲပေးခွင့်ပြုမည်ဖြစ်ကြောင်း ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည့်အတွက် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုရတာတွေ၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းနှင့် ၂ ကြိမ်/ ၃ ကြိမ်နှင့်အထက် မဲစာရင်းပါဝင်သူတွေ မဲပေးခွင့်ရရှိခဲ့တာတွေဖြစ်ခဲ့ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်မှုတွေ ဖြစ်ပေါ်စေပါကြောင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင် သက်သေခံလက်မှတ် (Voter Slip) များ ဖြန့်ဝေနိုင်ရေးစီစဉ်ဆောင်ရွက်ဖို့ ညွှန်ကြားခဲ့သည့်အတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ဖောင်းပွတာတွေ၊ မသက်ဆိုင်သူများထံ ရောက်ရှိတာတွေ၊ မဲဆန္ဒရှင်သက်သေခံလက်မှတ် ယူဆောင်လာသူတွေကို မဲပေးခွင့်ပြုရတာတွေကြောင့် ဥပဒေ၊ နည်းဥပဒေနှင့်မညီသည့် မဲပေးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများမှာ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ကြိုတင်မဲပေးရာတွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားတာကို အကြောင်းပြပြီး အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်တွေ စာမျက်နှာ ၈ သို့ ❒



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Jong Ho Bom အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

## ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၇ မှ

ကြိုတင်ဆန္ဒမဲပေးဖို့ ကြေညာချက်နဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒီလိုကြိုတင်ဆန္ဒမဲတွေကောက်ခံရာတွင် အချို့နေရာများမှာ NLD ပါတီ အောင်နိုင်ရေးအဖွဲ့တွေပါဝင်ပြီး နေအိမ်များသို့ သွားရောက်ရာမှာ ဥပဒေနဲ့မညီတဲ့ မဲပေးမှုဖြစ်စဉ်တွေပေါ်ပေါက်ခဲ့တာကို စိစစ်တွေ့ရှိရပါကြောင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ရွေးကောက်ပွဲနေ့တွင် မဲရုံများမှာ အသုံးပြုခဲ့တဲ့ ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးတွေနဲ့ ပတ်သက်ပြီး မဲရေတွက်ရာမှာ UEC တံဆိပ်မပါရှိတဲ့ အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားတဲ့ မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ရွေးကောက်ပွဲကျင်းပရန် ၂ ရက်အလိုဖြစ်တဲ့ ၆-၁၁-၂၀၂၀ ရက်နေ့မှ ညွှန်ကြားခဲ့တာဟာလည်း မဲရုံမှာ မဲရေတွက်ရာ၌ ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေပါကြောင်း။

### ဘက်လိုက်ဆောင်ရွက်ခဲ့

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အသုံးပြုဖို့ ဆန္ဒမဲလက်မှတ်များမှာယူရိုက်နှိပ်ရာမှာလည်း အမှန်လိုအပ်တဲ့ပမာဏထက် ပိုမိုတဲ့မဲလက်မှတ်စောင်ရေ ၁၃၉၃၃၁၁၂၀ စောင် ရိုက်နှိပ်ခဲ့တာတွေ့ရပြီး ဒီလိုရိုက်နှိပ်ရာမှာ ရွေးကောက်ပွဲကျင်းပတဲ့နေ့ မတိုင်မီ ၁ ရက်အလို ၇-၁၁-၂၀၂၀ ရက်နေ့အပါအဝင် ထပ်မံရိုက်နှိပ်မှု ၈ ကြိမ် ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်ချိန်တွင် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲရွှေ့ဆိုင်းသည့် နယ်မြေစာရင်းများထုတ်ပြန်ရာမှာ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် NLD ပါတီ နိုင်ခြေမရှိသည့် ရခိုင်ပြည်နယ် ကိုးမြို့နယ်နှင့် ရှမ်းပြည်နယ်ခြောက်မြို့နယ် ပေါင်း ၁၅ မြို့နယ်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ လုံခြုံရေးအခြေအနေပိုမိုဆိုးရွားတဲ့ ပလက်ဝမြို့နယ်ကို ရွေးကောက်ပွဲကျင်းပဖို့ ဆုံးဖြတ်တာကို အခြား ပါတီတွေက ထောက်ပြကန့်ကွက်ခဲ့ပေမယ့် ညှိနှိုင်း ပြင်ဆင်တာမလုပ်ဘဲ လုပ်ပိုင်ခွင့်အာဏာကို အလွဲ သုံးပြီး ဘက်လိုက်ဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါ ကြောင်း။

### ပွင့်လင်းမြင်သာမှု ပိုမိုအားနည်းခဲ့

နိုင်ငံရေးပါတီများရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်တွေကို နိုင်ငံပိုင်ရေဒီယိုနဲ့ ရုပ်မြင်သံကြားအစီအစဉ်များမှ ထုတ်လွှင့်ရေးဆောင်ရွက်ရာမှာ ဟောပြောဖို့ တင်ပြလာတဲ့ နိုင်ငံရေးပါတီ ၈၅ ပါတီအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၆၄ ပါတီရဲ့ စာမူတွေကို ပြန်လည်ပြင်ဆင်တင်ပြစေခဲ့တဲ့အတွက် အချို့ပါတီများဟာ ဟောပြောမည့်အစီအစဉ်တွေကို ပယ်ဖျက်ခဲ့ကြပါကြောင်း၊ NLD ပါတီအပါအဝင် နိုင်ငံရေးပါတီ ၂၁ ပါတီကိုတော့ မူလတင်ပြတဲ့စာမူအတိုင်း ဟောပြောခွင့်ပြုခဲ့တာ စိစစ်တွေ့ရှိရပါကြောင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်တွင်းနဲ့ နိုင်ငံတကာလေ့လာသူများ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များကို ထုတ်ပြန်ကြေညာခဲ့ရာမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အကြောင်းအရာ ၁၃ မျိုးရှိပေမယ့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာတော့ အကြောင်းအရာ လေးမျိုးလျော့ပြီး ကိုးမျိုးကိုသာ ခွင့်ပြုတဲ့အတွက် ပွင့်လင်းမြင်သာမှု ပိုမိုအားနည်းခဲ့တာကို စိစစ်တွေ့ရှိရပါကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက ရရှိသော စာရင်းဇယားများအရ ၃၁-၇-၂၀၂၀ ရက်နေ့အထိ သက်ဆိုင်ရာ ရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားတဲ့ အမှုပေါင်း ၅၄၆ မှု ရှိပြီး တရားစွဲတင် ၃၃၆ မှု၊ ပိတ်သိမ်း ၁၉၂ မှု နဲ့ လက်ကျန် ၁၈ မှုဖြစ်သဖြင့် ယခင် ရွေးကောက်ပွဲများထက် လွန်စွာများပြားတာကို စိစစ်တွေ့ရှိရပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက တွေ့ဆုံရှင်းလင်းပွဲသို့တက်ရောက်လာကြသော သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ခင်းကျင်းပြသထားသည်များကို လိုက်လံရှင်းလင်းပြသစဉ်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ တရားမဲ့ပြုကျင့်မှုများနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်ကန့်ကွက်လွှာတင်သွင်းတဲ့ အမှုပေါင်း ၂၈၇ မှု ရှိခဲ့ပြီး NLD ပါတီအနေနဲ့ ကန့်ကွက်ခံရတာ ၂၆၅ မှုရှိပါကြောင်း၊ ယခင် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ကန့်ကွက်လွှာ ၂၉ မှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ ၄၅ မှု နဲ့ နှိုင်းယှဉ်ပါက အလွန်များပြားတာကို စိစစ်တွေ့ရှိရပါကြောင်း။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ် (၁)နဲ့အညီ ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မြို့နယ် ၃၁၅ မြို့နယ်ရဲ့ မဲစာရင်းတွေကို အသေးစိတ်စိစစ်ခဲ့ပါကြောင်း၊ စိစစ်တွေ့ရှိချက်စာရင်းချုပ်အရ စိစစ်ခဲ့တဲ့ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၊ မဲရုံပေါင်း ၃၉၉၆၃ ရုံရဲ့ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့တဲ့ မဲဆန္ဒရှင်စာရင်းက ၃၈၂၇၁၄၄၇ (သုံးဆယ့်ရှစ်သန်း နှစ်သိန်း ခုနစ်သောင်း တစ်ထောင် လေးရာ လေးဆယ့်ခုနစ်) ဦးဖြစ်ပေမယ့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၁၇၇၅၃၃၀ (သုံးဆယ့်တစ်သန်း ခုနစ်သိန်း ခုနစ်သောင်း ငါးထောင် သုံးရာ သုံးဆယ်)ဦးဖြစ်လို့ ၆၄၉၆၁၁၇ (ခြောက်သန်း လေးသိန်း ကိုးသောင်း ခြောက်ထောင် တစ်ရာ တစ်ဆယ့် ခုနစ်)ဦး ကွာခြားမှုရှိပါကြောင်း။

### စိစစ်တွေ့ရှိ

မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရ လက်မှတ်မရှိသူ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းနဲ့ မဲစာရင်းမှာ ၃ ကြိမ်နဲ့အထက် ပါဝင်သူ၊ ၂ ကြိမ်ပါဝင်သူ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးတဲ့ (Cross Check)အရ မဲစာရင်းထပ်နေသူ၊ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုနဲ့တစ်ခုအကြား အပြန်အလှန်စစ်ဆေးတဲ့(Cross Check)အရ မဲစာရင်းထပ်နေသူ၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင်ပါဝင်နေသူနဲ့ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ အသက် ၁၈ နှစ်မပြည့်ဘဲ မဲစာရင်းမှာ ပါဝင်နေသူ စတဲ့ မဲမသမာမှု ဖြစ်နိုင်တဲ့ မဲဆန္ဒရှင်စုစုပေါင်း ၁၁၃၀၅၃၉၀ (ဆယ့်တစ်သန်း သုံးသိန်း ငါးထောင် သုံးရာ ကိုးဆယ်) ဦးရှိပြီးတော့ မဲဆန္ဒရှင်ပေါင်းရဲ့ ၂၉.၅၄ % ဖြစ်တာကို စိစစ်တွေ့ရှိရပါကြောင်း။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အသုံးပြုခဲ့တဲ့ ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေကို တင်ပြမှာဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်မဲလက်မှတ်များကို စစ်ဆေးတွေ့ရှိချက်အရ စုစုပေါင်းထုတ်ယူရရှိခဲ့တဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၃၀၀၄၃၈၂ (လေးဆယ့် သုံးသန်း လေးထောင် သုံးရာ ရှစ်ဆယ့်နှစ်)ဖြစ်ပြီး မဲပေးအသုံးပြုခဲ့တဲ့ မဲလက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၀၉၈၀၅၈ (နှစ်ဆယ့်ခုနစ်သန်း ကိုးသောင်း ရှစ်ထောင် ငါးဆယ့်ရှစ်) ဖြစ်လို့ ကျန်ရမယ့်အရေအတွက် ၁၅၉၀၆၃၂၄ (ဆယ့်ငါးသန်း ကိုးသိန်း ခြောက်ထောင် သုံးရာ နှစ်ဆယ့်လေး) ဖြစ်ပေမယ့် မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ (ဆယ့်လေးသန်း ကိုးသိန်း နှစ်သောင်း ခုနစ်ရာ ရှစ်ဆယ့်သုံး) ဖြစ်နေတာ စိစစ်တွေ့ရှိရပါကြောင်း၊ ကွာခြားချက်အနေနဲ့ ကျန်ရမယ့်အရေအတွက်ထက်လျော့နည်းတဲ့ မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ (တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာ ကိုးဆယ့်တစ်)ဖြစ်ပြီး အပိုတွေ့ရှိရတဲ့ မဲလက်မှတ်အရေအတွက်မှာ ၄၃၈၈၅၀ (လေးသိန်း သုံးသောင်း ရှစ်ထောင် ရှစ်ရာ ငါးဆယ်) ဖြစ်ပါကြောင်း။



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးစိစစ်မှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအသီးသီးသို့ မြေပြင်ကွင်းဆင်းစစ်ဆေးမှု အပါအဝင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲနောက်ပိုင်းကာလဖြစ်စဉ်တစ်ရပ်လုံးအပေါ် လွှမ်းခြုံသုံးသပ်ချက်အရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမဟုတ်တာ တွေ့ရတဲ့အပြင် NLD ပါတီအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ အုပ်ချုပ်ရေးအာဏာနဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်တွေကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူဖို့ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့တာတွေ၊ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း တရားဝင် အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးကာ ဥပဒေ၊ နည်းဥပဒေတွေကို ကျော်လွှန်ဖောက်ဖျက် လုပ်ဆောင်ခဲ့တာတွေကို စိစစ်တွေ့ရှိရတဲ့အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၆-၇-၂၀၂၁ ရက်နေ့မှာ ကြေညာချက်အမှတ် (၂/၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

### စစ်ဆေးဆောင်ရွက်လျက်ရှိ

လက်ရှိအချိန်မှာတော့ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာဖြစ်ပေါ်ခဲ့တဲ့ အားနည်းချက်တွေကို စိစစ်သုံးသပ်ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနဲ့ နိုင်ငံရေးပါတီဥပဒေ၊ နည်းဥပဒေများကိုပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနဲ့အညီ တည်ဆဲနိုင်ငံရေးပါတီ ၉၃ ပါတီရဲ့ ပါတီ ရန်ပုံငွေ၊ ငွေကြေးနဲ့ ပစ္စည်းစာရင်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနဲ့ သင့်လျော်တဲ့ ရွေးကောက်ပွဲစနစ်ဖြစ်တဲ့ အချိုးကျ ကိုယ်စားပြုစနစ် PR စနစ် ကျင့်သုံးနိုင်ရေး နိုင်ငံရေးပါတီများနဲ့ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ လုပ်ငန်းစဉ်(၁)ကို ဥပဒေနှင့်အညီ လုပ်ဆောင်ရာမှာ ဆက်လက်ဆောင်ရွက်ရန်ကျန်လုပ်ငန်းအချို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်းစဉ် (၅)ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈-ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ပထမဦးစွာ အကြမ်းဖက်အုပ်စု CRPH၊ NUG နှင့် ယင်းက အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် PDF များသည် တစ်ဖွဲ့တည်း၊ စာမျက်နှာ ၉ သို့ ❍

❍ စာမျက်နှာ ၈ မှ

တစ်သားတည်းဖြစ်ပြီး အပြန်အလှန်ချိတ်ဆက်၍ အကြမ်းဖက်မှုများ လုပ်ဆောင်နေမှုများကို တင်ပြလိုပါကြောင်း၊ CRPH နှင့် NUG က အကြမ်းဖက်သမားများဖြစ်သည့်ဇော်ဝေစိုး၊ ရည်မွန်၊ မျိုးရန်နောင်သိမ်းနှင့် ဇင်မာအောင်တို့က ၎င်းတို့ဖွဲ့စည်းထားသည့် PDF များကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း၊ လူငယ်များ ၎င်းတို့အခေါ် G-Z များကို EAO များနှင့် ချိတ်ဆက်၍ အကြမ်းဖက်သင်တန်းများတက်ရောက်ရန် ချိတ်ဆက်ပေးခြင်း၊ ငွေကြေးနှင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးခြင်း၊ ကိုယ်တိုင်အားပေးစကားပြောကြားခြင်း၊ အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံပံ့ပိုးလာစေရန် ခြိမ်းခြောက်ပြောဆိုစည်းရုံးခဲ့ခြင်းများ ပြုလုပ်ခဲ့သည်ကို Video Clip များဖြင့် ပြသမှာဖြစ်ပါကြောင်း။

**အကြမ်းဖက်ဖျက်ဆီးမှုများ**

ဒုတိယအချက်အနေဖြင့် CRPH, NUG နှင့် အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် PDF တို့ရဲ့ အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ပျက်စီးဆုံးရှုံးခဲ့မှု၊ သေကျေဒဏ်ရာရရှိမှုများကို တင်ပြလိုပါကြောင်း၊ အကြမ်းဖက်ဖျက်ဆီးမှုများအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိ စာသင်ကျောင်း မိုင်းခွဲ/ မီးရှို့ဖျက်ဆီးခြင်း ၄၀၆ ကြိမ်၊ အစိုးရရုံး/ဌာန မီးရှို့ဖျက်ဆီးမှု ၃၈၆ ကြိမ်၊ ပုဂ္ဂလိကဘဏ်ဖျက်ဆီးမှု ၂၉ ကြိမ်နှင့် ဘဏ်ခွဲပြတိုက်မှု ၄ ကြိမ်၊ အစိုးရဘဏ်ဖျက်ဆီးမှု ၂၃ ကြိမ်၊ ဈေးကြီးများ မီးရှို့ဖျက်ဆီးမှု ၉ ကြိမ်၊ လမ်း/တံတားများ မီးရှို့/ဖောက်ခွဲဖျက်ဆီးမှု ၁၇၂ ကြိမ်၊ လူနေအိမ်များနှင့် ရုံးများ မီးရှို့ဖျက်ဆီးမှု ၂၁၆ ကြိမ်၊ စူပါမားကက်များ ဖောက်ခွဲ/မီးရှို့မှု ၈ ကြိမ်၊ စက်ရုံ/ အလုပ်ရုံများဖျက်ဆီးမှု ၁၈ ကြိမ်၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများဖျက်ဆီးမှု ၂၈ ကြိမ်၊ ရဲစခန်း/ ရဲကင်းများ ဖောက်ခွဲ/တိုက်ခိုက်မှု ၂၃၅ ကြိမ်၊ နိုင်ငံပိုင်ပစ္စည်းများ ဖျက်ဆီးမှု ၃၅ ကြိမ်၊ ပုဂ္ဂလိကပိုင်ပစ္စည်းများဖျက်ဆီးမှု ၄၁ ကြိမ်၊ ဆေးရုံ/ဆေးခန်းများ မိုင်းခွဲ/ မီးရှို့ဖျက်ဆီးမှု ၁၉ ကြိမ်၊ မြို့ပြများ၌ အများသူငါ ဝင်/ထွက်သွားလာသည့်နေရာများ၌ မိုင်းထောင်/ဖောက်ခွဲမှု အကြိမ် ၂၃၉၀ ရှိခဲ့ပါကြောင်း၊ ပြည်သူများအကြား ဗုံးဖောက်ခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူ ၆၉ ဦး သေဆုံးခဲ့ပြီး ၂၈၀ ဒဏ်ရာရရှိခဲ့ပါကြောင်း၊ ထို့အပြင် အရပ်ဘက်မြို့နယ်အဆင့်နှင့် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများအား သတ်ဖြတ်ခံရ၍ သေဆုံးသူ ၁၀၂ ဦးနှင့် ဒဏ်ရာရသူ ၁၁၇ ဦး၊ ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်ခံရသည့် ပြည်သူ ၃၆၉ ဦး၊ ဒဏ်ရာရရှိသူ ၄၄၆ ဦး၊ အခြားပါတီကို ထောက်ခံအားပေး၍ သတ်ဖြတ်ခံရသူ ၂၅၃ ဦးရှိပါကြောင်း၊ အစိုးရဝန်ထမ်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သေဆုံးမှု ၁၄၀၊ ဒဏ်ရာရသူ ၄၆၉ ဦးရှိခဲ့သည့်အတွက် PDF အဖွဲ့များက အကြမ်းဖက်သတ်ဖြတ်ခဲ့သူ စုစုပေါင်း ၉၃၃ ဦးနှင့် ဒဏ်ရာရရှိသူ ၁၃၁၂ ဦးဖြစ်ကြောင်း တင်ပြလိုပါကြောင်း၊ အကြမ်းဖက်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များအတွင်းမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများ ဖျက်ဆီးခံရပြီး ဘုန်းတော်ကြီးတစ်ပါးအား ရက်စက်စွာမီးရှို့သတ်ဖြတ်မှုအပါအဝင် သံဃာတော် ၅ ပါးကို သတ်ဖြတ်ခြင်းခံခဲ့ရပါကြောင်း၊ ကလေးသူငယ်များ အသတ်ခံရသည့်ဖြစ်စဉ် ၉ မှုရှိခဲ့ပြီး ၈ လအရွယ်ကလေးငယ်ကိုပင် ရက်စက်စွာသတ်ဖြတ်ခဲ့ပါကြောင်း၊ အလားတူ ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ကြားရေးအခွင့်အလမ်းများ ဆုံးရှုံးစေရန်ရည်ရွယ်ချက်နှင့် စာသင်ကျောင်းများအား ဗုံးဖောက်/မီးရှို့မှုများရှိခဲ့သလို ဆရာမ ၅ ဦးကို သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်များလည်းရှိခဲ့ပါကြောင်း။

တတိယအချက်အနေဖြင့် CRPH၊ NUG နှင့် PDF များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ငွေကြေးရယူနေမှုများအားလုံးကို အဓိကဦးဆောင်နေသူအားလုံးမှာ NLD ပါတီဝင်များဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါကြောင်း၊ NLD ပါတီဝင်များ၏ ဦးဆောင်ပါဝင်ဆောင်ရွက်မှုကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူထားရှိသည့် အမှုပေါင်း ၃၂ မှုရှိပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီးလည်း ဖမ်းဆီးထားသည့် အကြမ်းဖက်တရားခံများ၏ထွက်ဆိုချက်များအရ NLD ပါတီနှင့် ဆက်နွယ်ပတ်သက်မှုများကို ဖော်ထုတ်တွေ့ရှိလျက်ရှိပါကြောင်း။



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ရှင်းလင်းပြောကြားစဉ်။

**အမြဲသတိပေးကြီးကြပ်လျက်ရှိ**

စတုတ္ထအချက်အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုများအပိုင်းကို တင်ပြလိုပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲစခန်းများနှင့် ပြည်သူများကို ARSA အစွန်းရောက် အကြမ်းဖက်အုပ်စုက အင်အားသုံးတိုက်ခိုက်ခဲ့ခြင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ARSA က ရခိုင်ပြည်နယ် နယ်စပ်လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲစခန်း ၃၀ ကျော်ကို တစ်ပြိုင်တည်း အင်အားသုံး တိုက်ခိုက်ခဲ့သည်မှစ၍ ARSA ကို အစွန်းရောက် အကြမ်းဖက်အုပ်စုအဖြစ် စတင်ကြေညာခဲ့ပြီး ဥပဒေနှင့်အညီ တားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဖြစ်ပေါ်သည့် ဆူပူဆန္ဒပြမှု၊ အဓိကရုဏ်းဖြစ်ပွားမှုနှင့် အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တည်ဆဲဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် အမြဲသတိပေးကြီးကြပ်လျက်ရှိပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ထုံး၊ ကျင့်ထုံး ကျော်လွန် ဆောင်ရွက်မှုများရှိပါကလည်း စိစစ်၍ တာဝန်ရှိသူများကို လိုအပ်သည့်အရေးယူမှုများ ပြုလုပ်လျက်ရှိပါကြောင်း။

**ဖြေလျှော့ရုပ်သိမ်းပေးလျက်ရှိ**

ပဉ္စမအချက်အနေဖြင့် တာဝန်ယူမှု/တာဝန်ခံမှု အပိုင်းကို ပြောကြားလိုပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယနေ့အထိ ဆူပူအုံကြွမှုများ၊ အဓိကရုဏ်းဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်ခဲ့သူများကို ဖမ်းဆီးအရေးယူခြင်း၊ ဥပဒေနှင့်အညီ တရားရုံးရှေ့မှောက် ရယူချုပ်နှောင်စစ်ဆေးခြင်း ပြုလုပ်ခဲ့ရပါကြောင်း၊ အဆိုပါ ချုပ်နှောင်စစ်ဆေးနေသူများ၊ တရားရုံးစစ်ဆေးဆဲအမှုများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေ၊ မိမိနိုင်ငံသားများ၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာခံစားမှုများကို ညှာတာ ထောက်ထား၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ စစ်ဆေးဆဲအမှုများ ရုပ်သိမ်းဖြေလျှော့ပေးခြင်း၊ ဖမ်းဆီးထားသူများအား ပြန်လည်စေလွှတ်ပေးခြင်းတို့ ဆောင်ရွက်ပေးပြီး အချုပ်သား ၄၆၅၁ ဦးကို အမှုပြတ်စေလွှတ်ပေးခဲ့ပါကြောင်း၊ အဆိုပါဖမ်းဆီးအရေးယူမှုများတွင် မီဒီယာအချို့မှ သတင်းသမားအချို့ ပါဝင်နေပါကြောင်း၊ အဆိုပါ သတင်းသမားများကို အရေးယူမှုများသည် သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာရေးသားဖော်ထုတ်ခြင်းတို့ကြောင့် မဟုတ်ဘဲ နိုင်ငံ့အကျိုးကို ပျက်စီးအောင် တမင်ရည်ရွယ်ဆောင်ရွက်မှု၊ အကြမ်းဖက်မှုများနှင့် အစွန်းရောက်မှုများ ပိုမိုဖြစ်ပေါ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ တည်ဆဲဥပဒေများကို ချိုးဖောက် ကျူးလွန်ခြင်းတို့ကြောင့် အရေးယူရခြင်းဖြစ်ပါကြောင်း၊ ဒ့ါအပြင် ၄-၈-၂၀၂၁ ရက်နေ့မှစ၍ ၅၀၅(က)ဖြင့် အမှုဖွင့်လှစ်ထားသူ များကို ဥပဒေနှင့်အညီ ပိတ်သိမ်း/ရုပ်သိမ်းပေးလျက်ရှိရာ ပညာရေး၊ ကျန်းမာရေးအပါအဝင် အခြားဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်သားများ နေ့စဉ်ဆက်သွယ်လျက်ရှိပြီး ဥပဒေနှင့်အညီ ဖြေလျှော့ရုပ်သိမ်းပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကိုဗစ် - ၁၉ တတိယလှိုင်းအတွင်း COVID-19 ရောဂါကူးစက်ခံရသူ အများဆုံး တိုင်းဒေသကြီး/ ပြည်နယ်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး တို့ဖြစ်ပြီး သေဆုံးနှုန်းအမြင့်ဆုံးမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ဖြစ်ပါကြောင်း။

တတိယလှိုင်းအတွင်း ယခုအထိဓာတ်ခွဲနမူနာပေါင်း ၁၁၃၉၄၆၆ ခုကို စစ်ဆေးပေးနိုင်ခဲ့လို့ တစ်နေ့ ပျမ်းမျှ ၁၁၂၈၂ ခု စစ်ဆေးပေးနိုင်ခြင်းဖြစ်ပါကြောင်း။

**၉ ရာခိုင်နှုန်းအထိလျော့ကျလာ**

အလုပ်ပိတ်ရက်ရှည်ကာလအတွင်း ဓာတ်ခွဲစစ်ဆေးမှုကို တိုးမြှင့်ခဲ့ပြီးဖြစ်ပွားမှုများသည့် မြို့နယ် ၆၅ မြို့နယ်မှာ အထူးဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးပိုးတွေ့နှုန်းမှာ ဇူလိုင်လအလယ်က ၄၀ ရာခိုင်နှုန်းအထိရှိခဲ့ပေမယ့် ယခုအချိန်မှာ ၉ ရာခိုင်နှုန်းအထိ လျော့ကျလာပြီဖြစ်ပါကြောင်း။

ပိုးတွေ့နှုန်းလျော့ကျလာခြင်း၊ လူနာသစ်ဦးရေလျော့လာခြင်းတို့ကြောင့် ပြည်သူ့ဆေးရုံများ၊ ကုသရေးစင်တာများမှာလည်း လူနာအရေအတွက် လျော့ကျလာခဲ့ပြီး ကိုဗစ်အပြင် ကိုဗစ်မဟုတ်သည့် အခြားရောဂါကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ပြန်လည်ဆောင်ရွက်လာနိုင်ပြီဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် နေထိုင်သည့် ဘင်္ဂါလီအပါအဝင် လူဦးရေ ၅၀၀၀၀ ခန့်နှင့် NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့များမှ လူဦးရေ ၁၀၀၀ ခန့်အား စတင်ထိုးနှံပေးနေပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၇-၁-၂၀၂၁ ရက်နေ့မှ ၄-၉-၂၀၂၁ ရက်နေ့အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူပေါင်း ၂ ဒသမ ၆ သန်းကျော်၊ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသူပေါင်း ၂ ဒသမ ၁ သန်းကျော်၊ ကာကွယ်ဆေးထိုးနှံပြီးစီးသူ စုစုပေါင်း ၄ ဒသမ ၈ သန်းကျော်၊ ကာကွယ်ဆေးထိုးနှံပြီးစီးသည့် အကြိမ်ရေ စုစုပေါင်း ခုနစ်သန်းခွဲကျော်ဖြစ်ပါကြောင်း။

ကာကွယ်ဆေးထိုးနှံပေးဖို့ ရည်မှန်းထားတဲ့ အသက် ၁၈ နှစ်အထက်အတွက် ထိုးနှံရမည့်အကြိမ်ရေ စုစုပေါင်းမှာ ၆၈ သန်းဖြစ်ရာ ယခုအခါ ၇ ဒသမ ၅ သန်းအား ထိုးနှံခဲ့ပြီးဖြစ်၍ ရည်မှန်းအကြိမ်ရေ၏ ၁၁ ရာခိုင်နှုန်းအား ထိုးနှံခဲ့ပြီးဖြစ်ပါ ကြောင်း၊ လူဦးရေ၏ခုနစ်ရာခိုင်နှုန်းအား အကြိမ်ပြည့်ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပါကြောင်း။

**အဆင့်လိုက် Phase များခွဲပြီး ထိုးနှံသွားမှာဖြစ်**

၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း လူဦးရေ ၁၂ သန်းကို ရည်မှန်းအုပ်စုအဖြစ် သတ်မှတ်ပြီး ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမှာဖြစ်ပါကြောင်း၊ ဦးစားပေးအုပ်စုများအဖြစ် မသန်စွမ်းသူများ၊ Ethnic Armed Organization (EAO)၊ နာတာရှည်နဲ့ မကူးစက်နိုင်သော ရောဂါရှိသူများနဲ့ အသက် ၄၀ မှ ၆၄ နှစ်အတွင်းရှိသူများကို အဆင့်လိုက် Phase များခွဲပြီး ထိုးနှံသွားမှာဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများ အတူတကွ စနစ်တကျနဲ့ လျင်လျင်မြန်မြန် ဆောင်ရွက်နေတာကြောင့် မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပွားနေဆဲဖြစ်တဲ့ ကိုဗစ်-၁၉ တတိယလှိုင်းဟာ သိသာထင်ရှားစွာ လျော့နည်းကျဆင်းလာနေပြီး မကြာမီကာလအတွင်း အပြည့်အဝ အောင်မြင်မှုရမယ်လို့ ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များသည် ယနေ့တွေ့ဆုံရှင်းလင်းပွဲနှင့် ဆက်စပ်သည့် မှတ်တမ်းမှတ်ရာ အချက်အလက်များ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ ရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းလက်တွေ့စစ်ဆေးချက်များ၊ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်မှု မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**စိတ်ဝင်တစား ကြည့်ရှုလေ့လာ**

ယနေ့ရှင်းလင်းပွဲတွင်တက်ရောက်လာကြသည့် သံတမန်များသည် နိုင်ငံတော်အစိုးရက လက်ရှိ ကိုဗစ်-၁၉ ရောဂါကာ ကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို စနစ်တကျ လျင်လျင်မြန်မြန်ဆောင်ရွက်နေမှုကြောင့် လက်ရှိ ကိုဗစ်-၁၉ ကာလတွင် သိသာထင်ရှားစွာ လျော့နည်းကျဆင်းလာမှု၊ CRPH၊ NUG နှင့် PDF စသည့် အကြမ်းဖက် အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုဖြစ်စဉ်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်နေမှု အခြေအနေများအပေါ် အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ၊ အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ဝေဖန်ပိုင်းခြားနှိုင်းယှဉ်၍ စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေအရပ်ရပ်အပေါ် နိုင်ငံတကာက ပိုမိုသိရှိနားလည်လာသည်နှင့်အမျှ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်မှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

## ပြည်တွင်းရေးရာ

☆ ကျောဖုံးမှ

ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက် သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ခြောက်ဦးသေဆုံးကာ အကြမ်းဖက်သမား ရှစ်ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြား အရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်ငါးဦးကျဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက်လေးလက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတိုငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို အချိန်မီသတင်းပို့ အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## အုတ်ဖိုမြို့နယ် ဂမုန်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်



**အုတ်ဖို စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အုတ်ဖိုငါးလုပ်ငန်းစခန်းမှ အုတ်ဖိုမြို့နယ် ဂမုန်းဆည်အတွင်းသို့ ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ ငါးရိက္ခာဖူလုံရေး၊ ဒေသတွင်း ရေလုပ်သားများ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ၁၂၀၀၀၀ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဆည်၌ ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဖြိုးဝေလင်းနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ အုတ်ဖိုငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပါဝင်စိုက်ထည့်ခဲ့သည်။ အုတ်ဖိုငါးလုပ်ငန်းစခန်း၏ ၂၀၂၁-၂၀၂၂ ခုနှစ် ငါးမျိုးစိုက်လျာထားချက်အတွက် ပြည့်ဝစွာ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

## လောကအမြင် ရှင်းလိမ့်မည်

အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့်
အဟောင်းအသစ်၊ ဖြစ်ပျက်ခြင်းရာ
ဤလူ့ရွာ၌၊
ထင်လာနိမိတ်၊ ကြေးမုံရိပ်ဝယ်
အစိပ်အကျဲ၊ အမည်းအဖြူ
အပူအအေး၊ နီးဝေးထက်အောက်
ဖြောင့်ကောက်တွင်းပြင်၊ ပီပီထင်၏
ဆင်ခြင်တွေးဆ၊ သိလိုက်ရသော်
လောကအမြင် ရှင်းလိမ့်မည်။

**လေးမြိုင်**
**(၂၀၀၄၊ အမျိုးသားစာပေ၊ တစ်သက်တာ စာပေဆုရှင်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၉-၉-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 2 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 3 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 4 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 5 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 6 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 7 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 8 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 9 | P.O - Pantocid | 10X10's / Box | 7000 | PL |
| 10 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website(www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

❂ ပြည်ပမှ

"လက်ရှိသွင်းကုန်/ထုတ်ကုန်ကဏ္ဍမှာ ဝန်ကြီးဌာနတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို သဘောကျတယ်။ ပို့ကုန်/သွင်းကုန်မှာ ပိတ်ရက်မရှိဆောင်ရွက်ပေးမှုဟာ ကျွန်တော်တို့အတွက် အဆင်ပြေတယ်။ ပြီးတော့ နိုင်ငံတော်က စက်ရုံလုပ်သားတွေကို ရောဂါကာကွယ်ဆေးထိုးနှံပေးတာဟာ ဈေးကွက်ရဲ့ယုံကြည်မှုကို ရစေတာကြောင့် အထည်ချုပ်လုပ်ငန်းတွေ ဆက်လက်လည်ပတ်ဖို့ စွမ်းအားကိုဖြစ်စေပါတယ်။ ဒီကာလမှာ စိန်ခေါ်မှုတွေရှိတာကြောင့် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးမှုအတိုင်း ဆက်လက်ကူညီဆောင်ရွက်ပြီး လုပ်ငန်းတွေရပ်မသွားအောင် ဆက်လက်ကူညီပေးစေလိုပါတယ်။ ဘဏ်ကိစ္စတွေအပါအဝင်ပေ့ါ။ ဥရောပမှာ အဝတ်အထည်ဈေးကွက်ဝယ်လိုအား မြင့်တက်လာမှုဟာ ဒီက အထည်ချုပ်စက်ရုံတွေ အဆင်ပြေလာပါတယ်။ ကြုံတွေ့ရတဲ့အခက်အခဲကို နိုင်ငံတော်နဲ့ လက်တွဲပြီး ဆောင်ရွက်သွားမှာပါ"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

ဈေးကွက်လိုအပ်မှုကြောင့် အထည်ချုပ်လုပ်ငန်းများ ပိုမိုလည်ပတ်ရန် လိုအပ်လာသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတကာသင်္ဘောလုပ်ငန်းများနှင့် ဆိပ်ကမ်းများ အလုပ်အကိုင်ထိခိုက်ခဲ့ပြီး ကုန်စည်များ ပို့ဆောင်ခစရိတ်ကြီးမြင့်လာခြင်း၊ ကျန်းမာရေးအတွက် ကုန်စည်ဝင်ရောက်ရန်/ထုတ်လုပ်ရန် အကန့်အသတ်များရှိလာခြင်းနှင့် စက်ရုံလည်ပတ်ရန်အခက်အခဲများကို စက်မှုလုပ်ငန်းများတွင် ရင်ဆိုင်ရလျက်ရှိသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်သားလေးသိန်းကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အထည်ချုပ်လုပ်သား သုံးသိန်းခန့်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ စက်ရုံလုပ်သား တစ်သိန်းကျော်နှင့် နေပြည်တော်၊ မိတ္ထီလာ၊ ကျောက်ဆည်နှင့် မြို့အချို့တို့၌ စက်ရုံအနည်းငယ်ရှိရာ လက်ရှိတွင် ပြည်ပအဝတ်အထည်ဈေးကွက် ဝယ်လိုအား မြင့်တက်လာမှုကြောင့် လည်ပတ်နေသောစက်ရုံများ အဆင်ပြေလျက်ရှိ၍ အလုပ်သမားများလည်း အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## သနပ်ပင်မြို့ လှာပကစ်ချောင်းခွဲ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**သနပ်ပင် စက်တင်ဘာ ၉**

ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးရိက္ခာဖူလုံစေရန်၊ ငါးသယံဇာတများ တိုးပွားလာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမင်း ဦးဆောင်၍ သနပ်ပင်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့တို့သည် စက်တင်ဘာ ၆ ရက်တွင် လှာပကစ်ချောင်းခွဲ သဘာဝရေပြင်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁၀၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၁၆၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၆၀၀၀၀ မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးသည့် မိုက်လုံးကြီးသူများ

ကိုရင်မောင်

**စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း တည်ဆောက်ထားတဲ့ မိုင်တဲလ်တာဝါတိုင် ၁၁ ခုကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က တစ်ချိန်တည်းမှာပဲ ချိန်ကိုက်ဖောက်ခွဲဖျက်ဆီးခဲ့တယ်လို့ သိရပါတယ်ဆိုပြီး Pyu Regional News ဆိုတဲ့ ရုပ်သံတစ်ခုကို ပြည်ပအခြေစိုက်မြန်မာသတင်းဌာနတွေက စက်တင်ဘာလ ၇ ရက်နေ့မှစတင်ပြီး လူမှုကွန်ရက်ပေါ်မှာ အဆက်မပြတ်ထုတ်လွှင့်ပြသခဲ့တာကို အားလုံးတွေ့ကြရမှာ ဖြစ်ပါတယ်။**

ရုပ်သံထဲမှာ ဆက်သွယ်ရေးတာဝါတိုင်ကို မဖောက်ခွဲမီ ကြိုတင်ဗီဒီယိုရိုက်ကူးထားတယ်။ ဗုံးဖောက်ခွဲလိုက်တဲ့အခါမှာ တာဝါတိုင်ကြီး ပေါက်ကွဲလဲပြိုသွားပြီး ဒေသခံအကြမ်းဖက်သမား PDF လို့ ယူဆရတဲ့ လက်နက်ကိုင်လူငယ်တွေဟာဝမ်းသာအားရ ဖြစ်နေကြတဲ့ ရုပ်ပုံတွေကို တွေ့လိုက်ရပါတယ်။

NLD ကမွေးဖွားလာတဲ့ လွှတ်မြောက်နယ်မြေမှာ ခိုအောင်းနေတဲ့ NUG အဖျက်သမားအကြမ်းဖက်အဖွဲ့အစည်းရဲ့ သွေးထိုးလှုံ့ဆော်မြောက်ပင့်ပေးမှုကြောင့် ပေါ်ပေါက်လာတဲ့ ဒေသခံ PDF အကြမ်းဖက်သမားတွေရဲ့ စိတ်မချမ်းမြေ့ဖွယ်ရာလုပ်ရပ်တွေဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေဟာ မြို့ပေါ်မှာ အမိုက်မှောင်ဖုံးနေတဲ့သူတွေနဲ့ ကျေးလက်တွေမှာ အသိဉာဏ်ဗဟုသုတ အမြော်အမြင်နည်းပါးပြီး လူမှုကွန်ရက်ပေါ်က သွေးထိုးလှုံ့ဆော်ပေးတဲ့ သတင်းအချက်အလက်တွေကို အခြေခံကာ NUG အဖျက်သမား အကြမ်းဖက်အဖွဲ့အစည်းနဲ့ မြှောက်ပင့်ပေးကြတဲ့ အဖျက်သမားတွေရဲ့ ထောက်ပံ့ပေးမှုတွေနဲ့ လူသတ်၊ ခေါင်းပြတိုက်၊ အကြမ်းဖက်လုပ်ရပ်တွေကို ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်ဒေသတွေမှာ မကြာခဏပြုလုပ်နေကြတာဖြစ်ပါတယ်။

## ပြည်သူများခံစားရ

ဆက်သွယ်ရေးတာဝါတိုင်တွေဟာ NLD အပါအဝင် ယခင်အစိုးရအဆက်ဆက်ကတည်းက အများပြည်သူတွေ လူမှုစီးပွားလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ရာမှာ အဆင်ပြေစေရေးအတွက် နိုင်ငံတစ်ဝန်းမှာ ပုဂ္ဂလိက ပြည်ပလုပ်ငန်းရှင်တွေရဲ့ ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားကြတဲ့ ဆက်သွယ်ရေးတာဝါတိုင်တွေ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ လွှမ်းခြုံတည်ဆောက်ပေးထားပြီး ဆက်သွယ်ရေးတာဝါတိုင်တွေကို မြို့ပြနဲ့ ကျေးလက်ပါမကျန် လူသူမနီးတဲ့နေရာတွေမှာ ငွေရင်းတည်ဆောက်ထားကြတာ ဖြစ်ပါတယ်။ ဒီဆက်သွယ်ရေးတာဝါတိုင်တွေ တည်ဆောက်ထားတဲ့ အကျိုးကျေးဇူးကြောင့် နေရာဒေသမရွေး ဆက်သွယ်ပြောဆိုလုပ်ကိုင်နိုင်ကြတဲ့ အကျိုးကျေးဇူးတွေကို ပြည်သူအားလုံး ရရှိခံစားနေကြရတာဖြစ်ပါတယ်။

ဆက်သွယ်ရေးတာဝါတိုင်တွေကို မသမာသူအဖျက်သမားတွေက ဖျက်ဆီးကြတာ အခုမှမဟုတ်ပါဘူး။ လူသူမနီးတဲ့နေရာတွေမှာ ကိုယ်ကျင့်စာရိတ္တမကောင်းမွန်ဘဲ အသိဉာဏ်နည်းပါးတဲ့ သူခိုးသူဝှက်တွေက ဖျက်ဆီးယူငင်ကြတာ အစောပိုင်းကတည်းကပါပဲ။ အခုနောက်ပိုင်းမှာ အကြမ်းဖက်အဖျက်သမားတွေက တာဝါတိုင်တွေကို လစ်ရင်လစ်သလို ဖျက်ဆီးလာကြပါတယ်။ တာဝါတိုင်တွေအပါအဝင် အများပြည်သူ ဆက်သွယ်မှုဆိုင်ရာတွေကို တိုင်းရင်းသားလက်နက်ကိုင်တွေတောင် ဖျက်ဆီးခြင်း မပြုလုပ်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံတွေဟာ အစိုးရက ခွင့်ပြုပေးထားတာဖြစ်ပေမယ့် ဒီအဆောက်အအုံတွေဟာ မတူကွဲပြားတဲ့သူတွေအားလုံး အသုံးပြုလို့ရနေတာကြောင့်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျေးလက်ဒေသက အကြမ်းဖက်သမားတွေဟာ တွေးခေါ်မြော်မြင်မှုနိမ့်ကျလွန်းပြီး အစိုးရနဲ့ပတ်သက်တာမှန်သမျှ အကုန်လိုက်ဖျက်ဆီးပစ်ဆိုတဲ့ အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေကြောင့်၎င်းတို့အပါအဝင်ပြည်သူတွေရဲ့ အကျိုးစီးပွားတွေပါ ပျက်စီးစေတယ်ဆိုတဲ့ အတွေးအခေါ် နည်းနည်းလေးမှမရှိတာ သေချာပါတယ်။

## တာဝါတိုင်တွေဖျက်ဆီး

ယခုလတ်တလောအနေနဲ့ ကျေးလက်က အကြမ်းဖက်သမားတွေဟာ စက်တင်ဘာလ ၄ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ထဲက ရွှေလှံကျေးရွာ အနောက်ဘက်က မိုင်တဲလ်တာဝါတိုင်ကို ဖျက်ဆီးခဲ့ပါတယ်။ စက်တင်ဘာလ ၅ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီးထဲမှာ သပိတ်ကျင်းမြို့နယ်ထဲက တကောင်း-ဗန်းမော်ကားလမ်း (မိုင်တိုင် ၁၅/၁) နေရာမှာရှိတဲ့ အူရီဒူးတာဝါတိုင်တစ်ခု။ ထိုနေ့မှာပဲ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ထဲမှာရှိတဲ့ ပတ်လည်ကျင်းကျေးရွာမှ နေအိမ်ခြံဝင်းထဲက အူရီဒူးတာဝါတိုင်တစ်ခု။ ထိုနေ့မှာပဲ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ထဲမှာရှိတဲ့ ကျည်တောက်ပေါက်ကျေးရွာ ဓမ္မာရုံအနီးက အူရီဒူးတာဝါတိုင်တစ်ခု။ ထိုနေ့မှာပဲ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ကျည်ကန်ကျေးရွာ လယ်ကွက်အတွင်းက မိုင်တဲလ်၊ တယ်လီနော၊ အူရီဒူးတာဝါတိုင်တစ်ခု။ စက်တင်ဘာလ ၆ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်းနဲ့ ဆင်လမ်းဆည် ဆက်သွယ်တဲ့ လမ်းပေါ်က အူရီဒူး၊ တယ်လီနောတာဝါတိုင်တစ်ခု။

> **အကြမ်းဖက်သမား NUG ရဲ့ မြှောက်ပင့်သွေးထိုးပေးနိုင်အောင် ပြည်ပမီဒီယာတွေ၊ ပြည်တွင်း အစွန်းရောက်တွေအသုံးချနေတာဟာ ဒီဆက်သွယ်ရေးကွန်ရက်တွေပဲ ဖြစ်ပါတယ်။ ကွန်ရက်တွေ ပြတ်တောက်သွားတဲ့အတွက် မြှောက်ပင့်သွေးထိုးမှုတွေ မရောက်နိုင်တော့ပါဘူး။ အသိအမြင်နည်းပါးရတဲ့အထဲ မသိမမြင်ရတော့ ဆင်ကန်းတောတိုး ထင်ရာစိုင်းပြီး နိဂုံးချုပ်သွားမှာ ဖြစ်ပါတယ်။ ကျေးလက်ပြည်သူတွေဟာ စာပေဖတ်ရှုခြင်း၊ ပညာလိုက်စားခြင်းအားနည်းတာကြောင့် လေလှိုင်းပေါ်က မမှန်စကားတွေကိုပဲ ယုံကြည်နေကြတာဖြစ်**

စက်တင်ဘာလ ၇ ရက်နေ့မှာ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဖလံကျင်းကျေးရွာ မိတ္ထီလာ – ပင်းတလဲ ကားလမ်းဘေးရှိ မိုင်တဲလ်တာဝါတိုင်တစ်ခု။ ထိုနေ့မှာပဲ ဝမ်းတွင်းမြို့နယ် သဲတောကျေးရွာ အနောက်တောင်ဘက်ရှိ မိုင်တဲလ်တာဝါတိုင်တစ်ခု။ ထိုနေ့တွင်ပင် ငါးဇွန်မြို့နယ် အမှတ်(၄)ရပ်ကွက် နေအိမ်ခြံဝင်းအတွင်းမှာရှိတဲ့ မိုင်တဲလ်၊ အူရီဒူး၊ တယ်လီနောတာဝါတိုင်မှ ဆက်သွယ်ရေးလိုင်းများကို ဖျက်ဆီးခဲ့ကြပါတယ်။

NUG လေလှိုင်းပေါ်က တရားမဝင်အစိုးရရဲ့ မြှောက်ပင့်သွေးထိုးပေးမှုနဲ့ ဒေသခံ PDF လို့ဆိုတဲ့ အကြမ်းဖက်သမားတွေဟာ ၎င်းတို့ရဲ့ဒေသအတွင်းမှာ အစိုးရကို လက်နက်စွဲကိုင်ပြီး တိုက်ခိုက်တယ်လို့ ကြွေးကြော်ကြပေမယ့်လည်း တကယ်တမ်းမှာ ၎င်းတို့ဒေသအတွင်းမှာ နေထိုင်ကြတဲ့ ၎င်းတို့ရဲ့ ပြည်သူတွေပဲ ထိခိုက်နစ်နာ၊ ဒုက္ခဆင်းရဲရောက်စေတာကို တွေ့ရပါတယ်။ မိမိတို့ရပ်ရွာမှာ နေထိုင်ကြသူအချင်းချင်း၊ ကျေးရွာမှာ နေထိုင်ကြတဲ့ ပြည်သူတွေအတွင်းမှာ NLD နဲ့မတူကွဲပြားတဲ့ အခြားပါတီဝင်တွေကို အစိုးရသတင်းပေးလို့ အမျိုးမျိုးအဖုံဖုံ စွပ်စွဲပြီး ဒလန်လို့သတ်မှတ်ကာ လုပ်ကြံသတ်ဖြတ်မှုတွေ နေ့စဉ်ပြုလုပ်လျက်ရှိပါတယ်။ ဒါ့အပြင် မိမိတို့ရပ်ရွာပတ်ဝန်းကျင်မှာရှိတဲ့ အများပြည်သူအကျိုးပြုလမ်း၊ တံတား၊ အဆောက်အအုံတွေကို မီးရှို့၊ ဗုံးထောင်၊ ဖောက်ခွဲဖျက်ဆီးကြပါတယ်။

## နိုင်ငံ့ဂုဏ်သိက္ခာထိခိုက်

ဆင်းရဲနွမ်းပါးမှုမြင့်မားဆဲဖြစ်တဲ့ ကျေးလက်တွေအဖို့ ကျေးလက်က အသိဉာဏ်နည်းပါးတဲ့ ပြည်သူတချို့ဟာ NUG ရဲ့ တိုင်းပြည်ပျက်စီးရေး အဖျက်သမားစိတ်ဓာတ်တွေ သွတ်သွင်းပေးနေတာကြောင့် ကိုယ့်ဒေသကို ကိုယ်ဖျက်ဆီးနေကြတာကို တွေ့ရတာ အလွန်ပဲစိတ်မကောင်းစရာပါပဲ။ ကမ္ဘာပေါ်မှာ နေထိုင်ချင်စရာအကောင်းဆုံး၊ လောကသံသရာလွတ်မြောက်ရေးအတွက် တရားရှာဖွေရာ အကောင်းဆုံးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ လာရောက်တရားရှာဖွေတဲ့ နိုင်ငံခြားသား ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးရဲ့ ပြီးခဲ့တဲ့ရက်က အွန်လိုင်းပေါ်မှ မြန်မာပြည်သူပြည်သားတွေအတွက် မေတ္တာရပ်ခံစကားဟာ မှတ်သားစရာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာမဟုတ်တဲ့ နိုင်ငံခြားသားတွေဟာ သံသရာဝဋ်ဆင်းရဲက ချုပ်ငြိမ်းရေးအစစ်အမှန် တရားရရှိနိုင်တဲ့ မြန်မာနိုင်ငံမှာ လာရောက်တရားရှာခဲ့ကြပေမယ့် ဗုဒ္ဓဘာသာဝင် မြန်မာနိုင်ငံသားတချို့ဟာ လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ သံသရာ ဒုက္ခတွင်းထဲကို ဆင်းသက်နေပါတယ်တဲ့။ လူကြီး မိဘ၊ ရဟန်းတော်တွေကို ဆဲဆိုပြစ်မှားကြတာ၊ လူအချင်းချင်း သတ်ဖြတ်ကြတာတွေကို ရက်ရက်ရောရော ပြုလုပ်နေကြပါတယ်တဲ့။ ၎င်းရဟန်းတော်ရဲ့ ဘာသာခြားအစ်ကိုက "မင်း တရားရှာခဲ့တဲ့နိုင်ငံကလူတွေက ဒီလိုပဲလား"လို့ ပြောခဲ့တာကို ဝမ်းနည်းစွာကြားနာမှတ်သားရပါတယ်။

**မြန်မာနိုင်ငံမှာ အစွန်းရောက်အကြမ်းဖက်သမားတွေထက် ပိုမိုဆိုးရွားတဲ့အကြမ်းဖက်သမားတွေ ရှိနေတာဟာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်စရာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ သွားရောက်ပြီးတော့ ကိုယ့်မြန်မာနိုင်ငံ ပျက်စီးရာပျက်စီးကြောင်း နေ့စဉ်သွေးထိုးပေးနေတဲ့ လေလှိုင်းပေါ်က အစိုးရကို ဘယ်နိုင်ငံ၊ ဘယ်လူမျိုးက ထောက်ခံကြတယ်ဆိုတာကို စဉ်းစားကြည့်နိုင်ပါတယ်။ ယခု ပြည်သူတွေ အသိအမြင်ဗဟုသုတတွေ၊ အလုပ်အကိုင် အကျိုးစီးပွားတွေ ဖြစ်ထွန်းနိုင်စေဖို့အတွက် တည်ဆောက်ပေးထားတဲ့ ဆက်သွယ်ရေးတာဝါတိုင်တွေကို တစ်ခုပြီးတစ်ခု ဆက်တိုက်ဖျက်ဆီးနေကြပါတယ်။**

အခြေခံအဆောက်အအုံတွေ ပျက်စီးသွားရင် ဒီဒေသမှာနေထိုင်ကြတဲ့ ပြည်သူတွေပဲ ထိခိုက်နစ်နာကြပါတယ်။ ဒေသခံပြည်သူတွေ လူမှုစီးပွား အဆင်ပြေစေရေးအတွက် တည်ဆောက်ပေးထားတဲ့ ဆက်သွယ်ရေးတာဝါတိုင်တွေဟာ ပြည်သူ့အကျိုးပြု အဆောက်အအုံတွေဖြစ်ပါတယ်။ သာရေး၊ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ရောင်းဝယ်ဖောက်ကားရေးစတာတွေကို များစွာအထောက်အကူပြုပါတယ်။ ယခုအခါမှာ တာဝါတိုင်တွေကို ဖျက်ဆီးလိုက်တဲ့ဒေသတွေမှာ အဆိုပါကိစ္စတွေ လုပ်ကိုင်နိုင်ဖို့အတွက် အဆက်အသွယ်တွေ ပြတ်တောက်သွားပါပြီ။ အခြေခံအဆောက်အအုံ တစ်ခုကို ပြန်လည်ထူထောင်ဖို့ဆိုတာ လွယ်ကူတဲ့ အလုပ်မဟုတ်ပါဘူး။

## ပြည်သူတွေထိခိုက်ဆုံးရှုံး

အကြမ်းဖက်သမား NUG ရဲ့ မြှောက်ပင့်သွေးထိုးပေးနိုင်အောင် ပြည်ပမီဒီယာတွေ၊ ပြည်တွင်း အစွန်းရောက်တွေအသုံးချနေတာဟာ ဒီဆက်သွယ်ရေးကွန်ရက်တွေပဲ ဖြစ်ပါတယ်။ ကွန်ရက်တွေ ပြတ်တောက်သွားတဲ့အတွက် မြှောက်ပင့်သွေးထိုးမှုတွေ မရောက်နိုင်တော့ပါဘူး။ အသိအမြင်နည်းပါးရတဲ့အထဲ မသိမမြင်ရတော့ ဆင်ကန်းတောတိုး ထင်ရာစိုင်းပြီး နိဂုံးချုပ်သွားမှာဖြစ်ပါတယ်။ ကျေးလက်ပြည်သူတွေဟာ စာပေဖတ်ရှုခြင်း၊ ပညာလိုက်စားခြင်းအားနည်းတာကြောင့် လေလှိုင်းပေါ်က မမှန်စကားတွေကိုပဲ ယုံကြည်နေကြတာ ဖြစ်ပါတယ်။

ဤအသိဉာဏ်နည်းပါး မိုက်မဲမှုတွေဟာ ကောင်းကျိုးရော၊ ဆိုးကျိုးရော ဆုံးရှုံးပျက်စီးသွားစေပါတယ်။ အသိဉာဏ်ပညာဗဟုသုတတွေကို ဖျက်ဆီးတဲ့လုပ်ရပ်တွေမှာ ဆက်သွယ်ရေးတာဝါတိုင်တွေ ဖျက်ဆီးခံရခြင်းလည်း ပါဝင်ပါတယ်။ တာဝါတိုင်တွေ ဖျက်ဆီးခံလိုက်ရတာဟာ ပြည်သူတွေရဲ့ ဆက်သွယ်ပြောဆိုမှုတွေ ဆုံးရှုံးတာသာမက အလှမ်းဝေးတဲ့ ကျေးလက်ဒေသတွေမှာ လူမှုဘဝခံစားမှုတွေနဲ့ ဖြေဖျော်မှုဝေကျေနပ်ရတဲ့ အင်တာနက်လိုင်းတွေပါ ဆုံးရှုံးသွားပြီဖြစ်ပါတယ်။

**အကြမ်းဖက်သမား NLD၊ CRPH၊ NUG နဲ့ PDF တွေဟာ အစိုးရပြုတ်ကျရေး၊ အာဏာပြန်လည်ရရှိရေးအတွက် ပြည်သူလူထုအကျိုးစီးပွားကို မငဲ့ကွက်ဘဲ အဖျက်လုပ်ရပ်မှန်သမျှကို တစိုက်မတ်မတ်လုပ်နေကြတာကို ပြည်တွင်းသာမက နိုင်ငံတကာကပါ သိရှိလာကြပြီဖြစ်ပါတယ်။ အုပ်ချုပ်သူတရားဝင်အသိအမှတ်ပြု အစိုးရဆိုတာ ပြည်သူလူထုကောင်းကျိုး စီးပွားဖြစ်ထွန်းရေးအတွက် ဘယ်လိုအခြေအနေမှာမဆို အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးကြရပါတယ်။ ပြည်သူလူထု အကျိုးစီးပွား ဖျက်ဆီးသူတွေကို အစွမ်းကုန်ရှင်းလင်းဖယ်ရှားရမယ့် တာဝန်ရှိပါတယ်။**

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် အကြောင်းကြောင်းကြောင့် တပ်မတော်ဟာ နိုင်ငံတော်ကို တာဝန်ယူစဉ်မှာလည်း ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးသလို နိုင်ငံ့တာဝန်မယူဘဲ မူလတာဝန်ထမ်းဆောင်စဉ်မှာလည်း ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။ ရှေးကာလက နိုင်ငံရေးပါတီတွေနဲ့အတူ NLD ပါတီကလည်း နိုင်ငံ့တာဝန်ယူခဲ့ဖူးပါတယ်။ တာဝန်ယူတဲ့အချိန်မှာလည်း ဖြစ်ဖြစ်မြောက်မြောက် တာဝန်မယူနိုင်ဘဲ တာဝန်မယူရတဲ့အချိန်မှာတော့ ဖျက်လိုဖျက်ဆီး လုပ်ကိုင်ခဲ့ကြတာကို မြန်မာ့သမိုင်းမှာတွေ့နိုင်ပါတယ်။

မြန်မာ့သမိုင်းကို ချုပ်ကြည့်မယ်ဆိုရင် နိုင်ငံရေးစင်မြင့်ပေါ်ကို ရောက်ရှိခဲ့တဲ့ နိုင်ငံရေးသမားတွေဟာ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ စေတနာမမှန်တဲ့ နိုင်ငံရေးခံယူချက်နဲ့ "ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတဲ့ မိုက်လုံးကြီးသူများ"လို့ ဆိုလိုက်ချင်ပါတယ်။ ။

# အမေရိကန်နှင့် အနောက်နိုင်ငံများအနေနဲ့ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်ဖို့ တွန်းအားပေးနေမှုကို ရှောင်ရှားသင့်

ထက်မြတ်

ဖြုတ်ချခံလိုက်ရတဲ့ NLD လွှတ်တော်အမတ်တွေနဲ့ စုဖွဲ့ထားပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လို့ခေါ်တဲ့ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်အစိုးရအဖွဲ့ဟာ ဖေဖော်ဝါရီလမှာ နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းထားတဲ့ တပ်မတော်အစိုးရကို ဆန့်ကျင်တဲ့ အကြမ်းဖက်တိုက်ပွဲတွေစတင်ဖို့ စက်တင်ဘာ ၇ ရက်မှာ လှုံ့ဆော်လိုက်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ပြည်သူတွေအနေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေမှာ လက်တွဲပါဝင်ပြီး တပ်မတော်ရဲ့အုပ်ချုပ်မှုကို တွန်းလှန်ကြဖို့ကိုလည်း သူတို့က တိုက်တွန်းထားပါသေးတယ်။ NUG ရဲ့ ယာယီသမ္မတဖြစ်တဲ့ ဒူးဝါးလရှီးလက PDF အကြမ်းဖက်အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေအနေနဲ့ တပ်မတော်ကို အခုချက်ချင်းတိုက်ခိုက်ကြဖို့ သူ့ရဲ့ ဗီဒီယိုမိန့်ခွန်းတစ်ခုမှာ တောင်းဆိုထားပါတယ်။

### အနည်းအကျဉ်းသာရှိ

PDF အကြမ်းဖက်အဖွဲ့ကို မေလမှာ ဖွဲ့စည်းခဲ့တာပါ။ သူတို့အနေနဲ့ NLD ပါတီကို သစ္စာခံမယ်လို့ ကတိပြုထားပြီးတော့ သူတို့မှာ တပ်ဖွဲ့ဝင်အင်အားက အနည်းအကျဉ်းသာရှိပါတယ်။ တပ်မတော်အစိုးရက NUG နဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ကို အကြမ်းဖက်အဖွဲ့တွေအဖြစ် သတ်မှတ်ထားသလို ဒူးဝါးလရှီးလကလည်း တပ်မတော်အစိုးရကို အကြမ်းဖက်တပ်မတော်အဖြစ် ပြောထားပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံရေးမတည်ငြိမ်မှုကို နှစ်ပေါင်းများစွာကြာ ကြုံတွေ့လာခဲ့ရတာပါ။ အဲဒီလို နိုင်ငံရေးမတည်ငြိမ်မှုတွေဟာ တပ်မတော်နဲ့ စစ်အစိုးရအုပ်ချုပ်မှုကို ဆန့်ကျင်တဲ့နိုင်ငံရေးပါတီတွေကြားက ပဋိပက္ခတွေ၊ အာဏာရအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြားက ပဋိပက္ခတွေနဲ့ ရောယှက်နေတာပါ။ တကယ်လို့များ လက်နက်ကိုင်တိုက်ခိုက်မှုတွေ ကျူးလွန်ဖို့၊ နိုင်ငံရေးအစွန်းရောက် လုပ်ဆောင်မှုတွေ ဆောင်ရွက်ဖို့ တွန်းအားပေး တိုက်တွန်းမှုတွေရှိလာပြီဆိုရင် မြန်မာနိုင်ငံဟာ မဆုံးနိုင်သောတိုက်ပွဲတွေနဲ့ ဒုက္ခပင်လယ်ဝေသွားပါလိမ့်မယ်။

မြန်မာနိုင်ငံအတွက် ပဓာနကျသော အရေးကြီးတဲ့အရာက ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဖြစ်တယ်ဆိုတာကို မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေက ယုံကြည်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းအားလုံးကြားမှာ ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်နိုင်စေဖို့အတွက်လည်း စိတ်ဆန္ဒရှိပါတယ်။ ဒါဟာ တရုတ်တစ်နိုင်ငံတည်းရဲ့ သဘောထားမဟုတ်ပါဘူး။ အာဆီယံသည်လည်း အလားတူသဘောထားရှိပါတယ်။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်နိုင်ငံတွေကတော့ တခြားတစ်ဖက်မှာနေပြီး မြန်မာ့တပ်မတော်ရဲ့ ဖြုတ်ချခြင်းကို ခံလိုက်ရတဲ့ NLD အစိုးရကို အာဏာပြန်လည်ရရှိစေဖို့အတွက် အားပေးထောက်ပံ့မှုတွေလုပ်နေပါတယ်။ သူတို့က ထိပ်တိုက်တွေ့ဆုံရေးနည်းလမ်းတွေကနေတစ်ဆင့်သာ စစ်အစိုးရကို ဖြုတ်ချနိုင်စေမယ်ဆိုပြီး မျှော်လင့်ချက်တွေကိုလည်း ပေးထားပါတယ်။

အနောက်နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်အစိုးရနဲ့ PDF အကြမ်းဖက်အဖွဲ့ကို ဆော်ဩစည်းရုံးခြင်း နည်းလမ်းတစ်ခုတည်းနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို ပြည်တွင်းစစ်ဖြစ်စေဖို့ ပြောင်းလဲခြင်းငှာ မစွမ်းဆောင်နိုင်ပါဘူး။ မြန်မာ့တပ်မတော်ဆိုတာ မြန်မာနိုင်ငံအတွင်းမှာ အင်အားတောင့်တင်း ခိုင်မာတဲ့ အဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိပါတယ်။ မြန်မာ့တပ်မတော်ဟာ ဖေဖော်ဝါရီလ နိုင်ငံရေးပဋိပက္ခဖြစ်စဉ် ဖြစ်ပွားချိန်ကစလို့ NLD ထောက်ခံသူတွေရဲ့ အကြိမ်ကြိမ်ဆန္ဒပြမှုတွေ၊ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ ဗုံးခွဲတိုက်ခိုက်မှုတွေ၊ ပြည်ပနိုင်ငံတွေရဲ့ အရေးယူပိတ်ဆို့မှုတွေကို ရင်ဆိုင်ခဲ့ရပြီးပါပြီ။ ဒါပေမဲ့လည်း သူတို့ဟာ အခြေအနေအရပ်ရပ်ကို အမြဲတမ်းထိန်းချုပ်ထားနိုင်ဆဲဖြစ်ပါတယ်။ ဒါဟာ တခြားသောတပ်ဖွဲ့တွေနဲ့နှိုင်းယှဉ်ရင် မြန်မာ့တပ်မတော်ဆိုတာ အထူးဖြစ်တဲ့ နိုင်ငံရေးအင်အားစုတစ်ခုဖြစ်တယ်ဆိုတဲ့ ထူးခြားတဲ့ဝိသေသတွေကို ထင်ဟပ်စေပါတယ်။


ဓာတ်ပုံ-Global Times

မြန်မာနိုင်ငံမှာ စစ်သည်အင်အား ခြောက်သိန်းနဲ့ တောင့်တင်းခိုင်မာတဲ့ တပ်မတော်တစ်ရပ်ရှိပါတယ်။ NLD အာဏာရရှိခဲ့စဉ်ကတည်းက တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့လွှတ်တော်မှာ အမတ်နေရာ ၂၅ ရာခိုင်နှုန်းကို ရယူထားနိုင်ဆဲ ဖြစ်ခဲ့ပါတယ်။

### ပြည်တွင်းစစ်ကို ဖြစ်ပေါ်လာစေပါလိမ့်မယ်

ဒါပေမဲ့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေအနေနဲ့ အကြမ်းဖက် PDF အပါအဝင် စစ်အစိုးရကိုဆန့်ကျင်တဲ့အင်အားစုတွေကို စစ်ရေးအရ ပြောင်ပြောင်တင်းတင်း ထောက်ပံ့လာမယ်ဆိုရင်၊ သူတို့ကို စစ်လက်နက်ပစ္စည်းအမြောက်အမြားနဲ့ ထောက်ပံ့ဖို့ လုပ်ဆောင်လာမယ်ဆိုရင်တော့ အမှန်တကယ် ပြည်တွင်းစစ်ကို ဖြစ်ပေါ်လာစေပါလိမ့်မယ်။ ဒီလိုဆိုရင် မြန်မာနိုင်ငံရဲ့ အခြေအနေဟာလည်း စာမျက်နှာအသစ်တစ်ခုကို ရောက်ရှိသွားပါလိမ့်မယ်။

လက်ရှိအချိန်မှာ NLD ဆိုတာ တရားဝင်ပါတီအဖြစ်ဆက်လက်ရှိဆဲပါ။ သူတို့ရဲ့ ယခင်ရပ်တည်ချက်မှာ တပ်မတော်နဲ့ အစိုးရအဖွဲ့အစည်းတွေကို ပစ်မှတ်ထားတဲ့ တိုက်ခိုက်မှုတွေကို လူသိရှင်ကြား ထောက်ခံမှုမပါဝင်ခဲ့ပါဘူး။ တကယ်လို့သာ NLD အနေနဲ့ တော်လှန်ရေးမှာ ဦးဆောင်ပါဝင်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့အခြေအနေကို နောက်ကြောင်းပြန်လှည့်သွားစေပါလိမ့်မယ်။

တရုတ်နိုင်ငံအနေနဲ့ ပြည်ပနိုင်ငံတွေရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်မှု မပြုဘူးဆိုတဲ့ နိုင်ငံခြားရေးမူဝါဒကို လိုက်နာစောင့်ထိန်းပါတယ်။ တရုတ်နိုင်ငံအတွက်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ အလွန်တရာ အရေးကြီးလှပါတယ်။ အကယ်၍ မြန်မာနိုင်ငံမှာ ဝရုန်းသုန်းကားအခြေအနေတွေ ဖြစ်နေရင် ဒုက္ခသည်တွေဟာ တရုတ်နိုင်ငံထဲကို ရွှေ့ပြောင်းရောက်ရှိလာနိုင်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တရုတ် စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုသည်လည်း အလွန်ဆိုးရွားလှတဲ့ ခြိမ်းခြောက်မှုအောက်ကို ရောက်ရှိသွားပါလိမ့်မယ်။ မြန်မာ့တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ထိတွေ့တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တဲ့ ဟိုယခင်အချိန်တုန်းကဆိုရင် ဗုံးတွေဟာ တရုတ်နိုင်ငံထဲကို ရံဖန်ရံခါဆိုသလို ကျလာလေ့ရှိပါတယ်။

### နိုင်ငံရေးမူဘောင်တစ်ရပ်

တရုတ်နိုင်ငံရဲ့ သတင်းဌာနတစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံအတွင်း အခြေအနေတွေကို ပိုမိုဆိုးရွားလာစေမယ့် အမေရိကန်နဲ့ အနောက်နိုင်ငံများရဲ့ ဘယ်လို မူဝါဒမျိုးကိုမဆို မိမိတို့က ဆန့်ကျင်ကန့်ကွက်ပါတယ်။ မိမိတို့အနေနဲ့ ရှုမြင်ရတာကတော့ သူတို့ရဲ့ နိုင်ငံရေးဆိုင်ရာ ကြေညာချက်တွေဟာ သူတို့အတွက် ဘယ်လိုမှ အရာမရောက်ပေမယ့် မြန်မာနိုင်ငံကိုတော့ ထိခိုက်နစ်နာစေပါလိမ့်မယ်။ **အနောက်နိုင်ငံတွေရဲ့ အုပ်ချုပ်မှုပုံစံက မြန်မာနိုင်ငံနဲ့ အံဝင်ခွင်ကျမှုမရှိဘူးဆိုတာကိုလည်း အခုဖြစ်စဉ်တွေက သက်သေပြပြီးပါပြီ။ မြန်မာနိုင်ငံအနေနဲ့ အရှိတရားကို ရင်ဆိုင်ဖို့နဲ့ အမျိုးသားနဲ့ နိုင်ငံရေးဆိုင်ရာ ရင်ကြားစေ့ရေးကို ဖြစ်ပေါ်လာစေဖို့အတွက် သက်ဆိုင်သူအသီးသီးက လက်ခံတဲ့ နိုင်ငံရေးမူဘောင်တစ်ရပ်ကို ဖော်ထုတ်ဖို့ လိုအပ်နေပါပြီ။**

ပြည်တွင်းစစ်ဖြစ်ပွားစေရေးကို အားပေးတဲ့ တော်လှန်ရေးဆင်နွှဲဖို့ မြန်မာနိုင်ငံရဲ့အကြမ်းဖက်အစိုးရက တောင်းဆိုလိုက်တဲ့အတွက် အလွန်အရေးပါတဲ့လမ်းဆုံကို ရောက်နေချိန်မှာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့သဘောထားက အလွန်ကိုပဲအရေးကြီးပါတယ်။ ဒီအတွက်ကြောင့် **အနောက်နိုင်ငံတွေအနေနဲ့ မြန်မာပြည်သူတွေအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အကျိုးကျေးဇူးတွေအပေါ်ကိုသာ အာရုံစိုက်ပြီး မြန်မာနိုင်ငံရဲ့ အခြေအနေကို ဒီထက် ပိုမဆိုးလာစေရန်အတွက် ကာကွယ်ဖို့တာဝန်ယူနိုင်စေရေးအတွက် တိုက်ပွဲများဖြစ်လာစေရေးကို အားပေးထောက်ပံ့မှုမလုပ်နိုင်စေဖို့ မိမိတို့အနေနဲ့ မျှော်လင့်ပါတယ်။**

*(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် တရုတ်နိုင်ငံတွင် ထုတ်ဝေဖြန့်ချိသည့် Global Times သတင်းစာပါ အယ်ဒီတာ့အာဘော်ကို သင့်လျော်သလို ဘာသာပြန်ဆို ရေးသားဖော်ပြခြင်းသာဖြစ်ပြီး စာဖတ်ပရိသတ်အတွက် ဗဟုသုတအဖြစ် ဖော်ပြခြင်းသာဖြစ်ပါသည်။)*

- **အနောက်နိုင်ငံတွေရဲ့ အုပ်ချုပ်မှုပုံစံက မြန်မာနိုင်ငံနဲ့ အံဝင်ခွင်ကျမှုမရှိဘူးဆိုတာကိုလည်း အခုဖြစ်စဉ်တွေက သက်သေပြပြီးပါပြီ။ မြန်မာနိုင်ငံအနေနဲ့ အရှိတရားကို ရင်ဆိုင်ဖို့နဲ့ အမျိုးသားနဲ့ နိုင်ငံရေးဆိုင်ရာ ရင်ကြားစေ့ရေးကို ဖြစ်ပေါ်လာစေဖို့အတွက် သက်ဆိုင်သူအသီးသီးက လက်ခံတဲ့ နိုင်ငံရေးမူဘောင်တစ်ရပ်ကို ဖော်ထုတ်ဖို့ လိုအပ်နေပါပြီ။**
- **အနောက်နိုင်ငံတွေအနေနဲ့ မြန်မာပြည်သူတွေအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အကျိုးကျေးဇူးတွေအပေါ်ကိုသာ အာရုံစိုက်ပြီး မြန်မာနိုင်ငံရဲ့ အခြေအနေကို ဒီထက်ပိုမဆိုးလာစေရန်အတွက် ကာကွယ်ဖို့တာဝန်ယူနိုင်စေရေးအတွက် တိုက်ပွဲများဖြစ်လာစေရေးကို အားပေးထောက်ပံ့မှုမလုပ်နိုင်စေဖို့ မိမိတို့အနေနဲ့ မျှော်လင့်ပါတယ်။**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ဆက်လက်ချမှတ်

**တိုကျို စက်တင်ဘာ ၉**

ဂျပန်နိုင်ငံ၏ ဒေသအများအပြား၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ဆက်လက်ချမှတ်ထားရန် အစိုးရက ယနေ့ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

တိုကျိုနှင့် အိုဆာကာမြို့များအပါအဝင် ခရိုင် ၁၉ ခု တွင် ယခုလကုန်အထိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေ ဆက်လက်ချမှတ်ထားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူဂါကယနေ့ ပြောကြားသည်။ လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို နိုင်ငံအတွင်းရှိ ခရိုင်၂၁ ခရိုင်၌ စက်တင်ဘာ ၁၂ ရက်အထိ ချမှတ်ထားကြောင်း သိရသည်။ လက်ရှိကြုံတွေ့နေရသော ကိုဗစ် -၁၉ ရောဂါဆိုင်ရာ အခက်အခဲကို ကျော်လွှားနိုင်ရန်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကို လျှော့ချသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုလည်း အင်အား ပြန်လည်ဖြည့်တင်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူရန်ဆန္ဒရှိသော နိုင်ငံသားများအား အောက်တိုဘာ (သို့မဟုတ်) နိုဝင်ဘာလတွင် အပြီးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာ ခံစားနေရသူ ၂၂၀၀ ခန့်ရှိကြောင်း သိရသည်။ အစိုးရအနေဖြင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း လက်မှတ်များ စစ်ဆေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးထားသော ဆေးလက်မှတ်များ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံသားများအား လူထူထပ်သောနေရာများကို ရှောင်ရှားရန်နှင့် မိမိတို့၏ နေအိမ်များမှသာ အလုပ်လုပ်ကိုင်ရန် အစိုးရက ညွှန်ကြားသည်။ နိုင်ငံအတွင်းရှိ ဘားဆိုင်များနှင့်စားသောက်ဆိုင်များ၌ ယမကာရောင်းချခြင်းမပြုရန်နှင့် ဆိုင်များကို အချိန်စောစီးစွာပိတ်ရန် ညွှန်ကြားထားပြီး စတိုးဆိုင်များနှင့် ဈေးဝယ်စင်တာများအား လာရောက်ဝယ်ယူသူ အရေအတွက်ကန့်သတ် ထားရန်တာဝန်ရှိသူများက ညွှန်ကြားထားသည်။



ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၂၀ ထပ်မံတွေ့ရှိ

**ဟနွိုင်း စက်တင်ဘာ ၉**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၂၀ ကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၇၆၀၉၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယနေ့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၂၀ အနက် ပြည်တွင်း၌ ကူးစက်ခံရသူ ၁၂၃၉၉ ဦးရှိပြီး နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူ ၂၁ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၄၇၀ ရှိသည်။

ယနေ့ကူးစက်ခံရသူများအနက် နိုင်ငံတောင်ပိုင်း၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို တွေ့ရှိခဲ့ရာ ဟိုချီမင်းစီးတီး၌ ၅၅၄၉ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၄၅၃၁ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၈၈၀ တို့ကို အသီးသီးတွေ့ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည် သက်သာလာသူ ၃၃၈၁၇၀ ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၄ ဒသမ ၇ သန်းအား နိုင်ငံတစ်ဝန်း ထိုးနှံခဲ့ကြောင်း သိရ သည်။ လက်ရှိအချိန်အထိ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၇၁၇၄၅ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြား သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု လျှော့ကျရန်ကြိုးပမ်း

**ဗန်ကောက် စက်တင်ဘာ ၉**

ထိုင်းနိုင်ငံ၌ လက်ရှိအချိန်တွင် ဒယ်လ်တာဗီဇပြောင်းမိုင်းရပ်စ်ကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု များပြားလာခြင်းကို ထိန်းချုပ်ရန် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူ ၁၅၀၀၀ ခန့်ရှိကြောင်း သိရသည်။ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၀၀၀၀၀ မှာ ဂျပန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ယနေ့ရောက်ရှိခဲ့ကြောင်း သိရသည်။ မြို့တော်ဗန်ကောက်ရှိ တာဝန်ရှိသူများက လက်ရှိအချိန်၌ ရွေ့လျားကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးယာဉ်များဖြင့် မသန်စွမ်းသူများအား ကာကွယ်ဆေးများ သွားရောက်ထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုစီမံချက်ကြောင့် မိမိကဲ့သို့ မသန်စွမ်းသူတစ်ဦးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် အခွင့်အရေးရရှိခဲ့ကြောင်း ပြောကြားသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေအပြည့်အဝ ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။ လာမည့်နှစ်မှစတင်၍ နိုင်ငံတကာမှ ခရီးသည်များအား ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ရန် ခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် စံချိန်တင်

**မနီလာ စက်တင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၈၂၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၁၆၁၈၉၂ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူ အရေအတွက်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့် အချိန်မှစပြီး နေ့စဉ် ကူးစက်မှုအရေအတွက် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၆ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၄၁၅ ဦး တွေ့ရှိခဲ့ပြီး နေ့စဉ်ကူးစက်မှုစံချိန် တင်ခဲ့သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၆၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၇၃၃ ဦးရှိလာသည်။ လက်ရှိပိုးတွေ့ဆဲလူနာ ၁၆၆၆၇၂ ဦးရှိသည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၁၈ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။ **ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# တူရကီနိုင်ငံ၌ ကာကွယ်ဆေးအလုံးရေ သန်း ၁၀၀ ထိုးနှံပေးပြီးဖြစ်

**အင်စတန်ဘူ စက်တင်ဘာ ၉**

တူရကီနိုင်ငံ၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၁၀၀ ထိုးနှံပေးပြီးဖြစ်ကြောင်း တူရကီကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်ကို ယခုနှစ် ဇန်နဝါရီလလယ်မှ လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ ၈၃ သန်းအနက် ၄၇ ဒသမ ၆ ရာခိုင်နှုန်းအား ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

သို့သော် ကျန်းမာရေးဝန်ကြီး ဖာရီတင်ကိုကာက ဗိုင်းရပ်စ်ကူးစက်မှုကို ခုခံကာကွယ်ရာတွင် ပိုမိုစိတ်ချယုံကြည်စေရန်အတွက် ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုခံယူရန် လိုအပ်ကြောင်းနှင့် ကာကွယ်ဆေး နောက်ထပ်တစ်ကြိမ်ထိုးနှံမှုခံယူကြရန် ပြည်သူများအား တိုက်တွန်းပြောကြားသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံမှုခံယူပြီးသူ ကိုးသန်းကျော်ရှိပြီး အဆိုပါအရေအတွက်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံး၏ နှစ်ရာခိုင်နှုန်းထက်ပင် ပိုမိုလျော့နည်းလျက်ရှိကြောင်း သိရသည်။

လက်ရှိပိုးတွေ့ဆဲလူနာအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းမရှိသေးသူ သို့မဟုတ် ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံမှုခံယူပြီးသူများသာဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဖာရီတင်ကိုကာက ပြောကြားသည်။

တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၅၆၆၅၆၈ ဦးရှိပြီး သေဆုံးသူ ၅၈၉၁၃ ဦးရှိကာ ပြန်လည်ကျန်းမာလာသူပေါင်း ၆၀၂၄၄၉၇ ဦးရှိကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၂၃၅၉၉၈၉၀ ဦး | ၄၆၁၃၁၃၀ ဦး | ၂၀၀၁၂၉၀၅၆ ဦး |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တရားမဝင် Raffle Ticket ရောင်းချနေသည့်တရားခံများအား လက်နက်/မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကမ်းနားလမ်းနှင့် ဆူးလေဘုရားလမ်းထောင့်၌ မင်းသိန်းကျော်(ခ)ဖိုင်ဆဲ မောင်းနှင်ပြီး ဇော်ဝင်းနိုင်(ခ)အိုစမာ လိုက်ပါလာသည့် Suzuki Swift အနက်ရောင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ နိုင်ငံတော်မှ မတရားအသင်း ကြေညာထားသည့် CRPH အဖွဲ့မှ ဖြန့်ဖြူးရောင်းချနေသော တရားမဝင် Raffle Ticket များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ မင်းသိန်းကျော်(ခ)ဖိုင်ဆဲ၏ ထွက်ဆိုချက်အရ ဩဂုတ် ၃၀ ရက်တွင် ၎င်းနေထိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်း တိုက်အမှတ် (၈၃) အခန်း(၄)သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ တရားမဝင် Raffle Ticket များ ရောင်းချရရှိငွေ ၁၃,၂၁၈,၀၀၀ ကျပ်၊ တရားမဝင် Raffle Ticket များနှင့် ရောင်းချရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ Raffle Ticket များအား တရားမဝင် CRPH အဖွဲ့ဝင် တရားခံပြေး စည်သူမောင်(NLD ပါတီမှ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းအဖြစ် တင်သွင်းခြင်းခံရသူ)ထံမှတစ်ဆင့် မှာယူခဲ့ပြီး ဝေလင်းထွန်း၊ သုန္ဒရီဦး၊ ယွန်းမြတ်သီရိတို့နှင့်အတူ ရောင်းချခဲ့ကြောင်း သိရသဖြင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၃၁ ရက်တွင် သုန္ဒရီဦးအား မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် (၁၀၇) လမ်း အိမ်အမှတ် (၁၅) ၌ လည်းကောင်း၊ ယွန်းမြတ်သီရိအား မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း (၉၀) (၃)လွှာ အခန်းအမှတ် (၄၈)၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံ မင်းသိန်းကျော်(ခ)ဖိုင်ဆဲ၏ ထွက်ဆိုချက်အရ Raffle Ticket ရောင်းချရရှိငွေများအား စင်ကာပူနိုင်ငံ Woodlands မြို့နေ ခိုင်ခိုင်စိုး ဆိုသူထံ ကျော်ညီညီမှတစ်ဆင့် ပေးပို့ရမည်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ကျော်ညီညီအား ဩဂုတ် ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင် ခုံးကျော်တံတားအနီးရှိ ယုဇနတာဝါရှေ့ကားပါကင်၌ ဖမ်းဆီးရမိခဲ့သည်။


ထို့နောက် စက်တင်ဘာ ၂ ရက်တွင် တရားခံ ကျော်ညီညီ နေထိုင်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၇) ရပ်ကွက် မဟာဆွေလမ်း မဟာဆွေကွန်ဒို ပထမထပ် အခန်း(၁၀၂)အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ SIG SAUER P320 SP အမျိုးအစားပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ luger ကျည် ၂၃ တောင့်၊ ကျည်ကာအင်္ကျီ တစ်ထည်၊ ချုပ်လက်စ ကျည်ကာအင်္ကျီ ခုနစ်ထည်နှင့် WY ဆေးပြား (ပန်းရောင်) ၁၂၅ ပြားအား သိမ်းဆည်းရမိခဲ့သည်။

တရားခံ ကျော်ညီညီ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရမိ လက်နက်ခဲယမ်းများအား ရွှေနန်းတော်ရွှေဆိုင် ဖောက်ခွဲဖျက်ဆီးမှုတရားခံများ ဖမ်းဆီးရမိဖြစ်စဉ်၌ ပါဝင်သည့် လက်နက်ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ဖြန့်ဖြူးရောင်းချခဲ့သူ တရားခံ အိဖြူသန့်(ခ) Emily ထံမှ ဇွန်လအတွင်းက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ တရားမဝင် Raffle Ticket များ ရောင်းချ၍ လက်နက်နှင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူ တရားခံငါးဦးအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကွင်းဆက်တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

**Raffle Ticket များရောင်းချသည့် တရားခံများအား ဖမ်းဆီးရမိမှုပြ Diagram**






တရားခံ ကျော်ညီညီ နေထိုင်သည့် လှိုင်မြို့နယ် (၇)ရပ်ကွက်ရှိ မဟာဆွေကွန်ဒို ပထမထပ် အခန်း(၁၀၂)မှ သိမ်းဆည်းရမိသည့် ပစ္စတို တစ်လက်၊ ၎င်းကျည် ၂၃ တောင့်၊ ကျည်အိမ် နှစ်ခုနှင့် WY ဆေးပြား ၁၂၅ ပြားကို တွေ့ရစဉ်။

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဖြည့်ဆည်းမှုဖြင့် ဝန်ထမ်းဘဝလမ်း အဆင့်ဆင့်တက်လှမ်းခဲ့သူ သရေစည်သူ ဦးဘခင်

လင်းအောင်

(ယမန်နေ့မှအဆက်)

**စာပေလေ့လာလိုက်စားမှုနှင့် စာရေးဆရာခင်ရွှေချို**

ဆရာကြီးသည် ဝန်ထမ်းငယ်ဘဝတွင် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ၊ သင်တန်းများတွင် ထူးချွန်၍ လုပ်ငန်းတာဝန်ကျေပွန်အောင် ကြိုးပမ်းခဲ့ရာ အင်္ဂလိပ်စာရေးသားပြောဆိုမှု ကျွမ်းကျင်သကဲ့သို့ တစ်ဖက်တွင်လည်း မြန်မာစာပေ၊ ရှေးဟောင်းစာပေ၊ ခေတ်ပေါ်စာပေများကို လေ့လာလိုက်စားခဲ့သည်။ မိမိနေထိုင်ရာရပ်ကွက်အမည်နှင့် မိမိအမည်တို့ကိုပေါင်းစပ်၍ **"ခင်ရွှေချို"** ဟူသော ကလောင်အမည်ဖြင့် ထိုစဉ်က ကိုလိုနီခေတ်ဦးကာလမဂ္ဂဇင်း၊ ဆောင်းပါးတို့တွင် ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် မိသားစုနှင့် မိတ်ဆွေများအား ငယ်စဉ်က ထိုသို့ခေတ်ပေါ်စာပေများ ရေးသားခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခြင်း မပြုခဲ့သော်လည်း ဆရာကြီး၏ အတ္ထုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်းများကို စုစည်း၍ **"မြန်မာ့ဂုဏ်ဆောင်ပုဂ္ဂိုလ်ထူး ဆရာကြီးဦးဘခင်"** စာအုပ်အဖြစ် ရေးသားပြုစုခဲ့သည့် ဦးကိုလေး (ဇေယျာမောင်) ၏ မေးမြန်းမှုအရ ငယ်စဉ်က ဆရာကြီးရွှေဥဒေါင်း၊ ပီမိုးနင်းတို့နှင့် ခေတ်ပြိုင်ဝတ္ထုများစွာ ရေးသားခဲ့ကြောင်း၊ ထိုခေတ်က တစ်မတ်တန်ဝတ္ထုများကိုလည်း ရေးသားခဲ့ရာ စာမူခ ငါးရူပီး၊ ရူပီး ၁၀ မှ ၂၅ ရူပီးအထိ ရရှိခဲ့ကြောင်း သိရှိရသည်။ ဆရာဇေယျာမောင်၏ တောင်းဆိုမှုအရ ၁၉၂၉ ခုနှစ် ဩဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် "ခင်ရွှေချို" ကလောင်အမည်ဖြင့် ရေးသားခဲ့သည့် "သက်ဆုံးတိုင်" ဝတ္ထုကိုပါ မှတ်တမ်းအဖြစ် ရရှိခဲ့သည်။

တက္ကသိုလ်ပညာ ဆည်းပူးခွင့်မရရှိခဲ့သော်လည်း တစ်သက်တာလုံး ပညာဗဟုသုတရှာမှီးခဲ့သော ဆရာကြီးဦးဘခင်သည် အသက် ၃၀ ကျော် အရွယ်တွင်မှ လုပ်ငန်းတာဝန်မပျက် တရားဓမ္မလေ့လာမှု၊ ကျင့်ကြံအားထုတ်မှုများကို စတင်ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၇၁ ခုနှစ် အသက် ၇၂ နှစ်အရွယ် ကွယ်လွန်ချိန်တွင် နိုင်ငံတကာရှိ ဝိပဿနာတရားအားထုတ်သူ ယောဂီများ၊ ပညာရှင်များအကြား ပျံ့နှံ့ကျော်ကြားသည့် အောက်ပါ အင်္ဂလိပ်/ မြန်မာစာအုပ်များကို ရေးသားပြုစုခဲ့ပါသည်-

- What Buddhism is (1951)
- The Real Value of Buddhist Mediatation (1961)
- The Essential of Buddhism in Meditation Practice (1968)
- ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိအဖြေမှန် (၁၉၅၂)



ဆရာကြီး ဦးဘခင် ဝိပဿနာကျေးရွာမုခ်ဦးကို တွေ့ရစဉ်။

**တရားရှာသူ ဦးဘခင်**

ဦးဘခင်သည် ၁၉၃၁ ခုနှစ်တွင် ပုသိမ်မြို့သို့ စာရင်းစစ်ရန်တာဝန်ဖြင့် သွားရောက်စဉ် အကျဉ်းထောင်ဆရာဝန် ဦးမြတ်ကျော်၏ အကူအညီဖြင့် အကျဉ်းသားတစ်ဦးထံမှ အဘိဓမ္မာပညာ စတင်သင်ယူခဲ့သည်။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက်ထိုစဉ်က ကျော်ကြားသည့်အဘိဓမ္မာဆရာကြီး ဦးဖိုးလှိုင်၊ ဦးအောင် စသည့်ဆရာများထံ အဘိဓမ္မာ၊ ပဋ္ဌာန်းပညာများ ဆက်လက်လေ့လာသင်ကြားခဲ့သည်။ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ ဝတ်အသင်းများတွင် တက်တက်ကြွကြွပါဝင်သကဲ့သို့ ထိုစဉ်ကာလက အထူးကျော်ကြားသည့် လယ်တီဆရာတော်ကြီး၏ ကျမ်းစာ၊ ဒီပနီများကိုလည်း အထူးလေ့လာဆည်းပူးခဲ့သည်။

၁၉၃၆ ခုနှစ်တွင် ဆရာကြီးသည် မိတ်ဆွေများထံမှတစ်ဆင့် ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလ၊ ပျော်ဘွယ်ကြီးရွာရှိ ဆရာသက်ကြီး၏ ဝိပဿနာကမ္မဋ္ဌာန်းတရားကျင့်ကြံအားထုတ်မှုအကြောင်း စတင်ကြားသိခဲ့ရသည်။ ၁၉၃၇ ခုနှစ် ဇန်နဝါရီလအတွင်း ဆရာကြီးသည် ခွင့်ရက်ရှည်ယူ၍ ရန်ကုန်မှ မြစ်တစ်ဖက်ကမ်း ဒလ၊ ထိုမှတစ်ဆင့် ချောင်းရိုးအတိုင်း ပျော်ဘွယ်ကြီးရွာသို့ သမ္ဗန်ဖြင့်ကူး၍လည်းကောင်း၊ ပေါင်လယ်အထိနစ်သော ရွှံ့နွံဗွက်တောများကို လူကိုယ်တိုင်ကျော်ဖြတ်၍လည်းကောင်း သွားရောက်ခဲ့ပြီး ဆရာသက်ကြီးရှိရာ ရွာလယ်ဓမ္မာရုံတွင် အာနာပါနနှင့် ဝိပဿနာကမ္မဋ္ဌာန်းများကို နည်းခံလိုက်နာ၍ စတင်ကျင့်ကြံအားထုတ်ခဲ့သည်။

၁၉၄၁ ခုနှစ် ဇူလိုင်လအတွင်း ကျောက်ဆည်ဘူတာတွင် စာရင်းစစ်ဆေးရန်တာဝန်ဖြင့် ရောက်ရှိစဉ် ဝေဘူဆရာတော်ကြီးကို စတင်ဖူးမြော်ခွင့်ရရှိခဲ့ပြီး ဆရာတော်ကြီး၏တိုက်တွန်းမှုအရ လုပ်ငန်းအားလပ်ချိန်များတွင် တရားပြသခဲ့ရပြီး ကမ္မဋ္ဌာန်းဆရာအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ စစ်အတွင်းကာလ လေကြောင်းအချက်ပေးချိန်၌ လူအများ ဗုံးခိုကျင်းသို့ တိမ်းရှောင်ကြသော်လည်း ဆရာကြီးသည် မိမိလုပ်ငန်းဆောင်ရွက်ရာ ရုံးခန်းထိုင်ခုံ၌သာ တရားရှုမှတ်နေလေ့ရှိပြီး စစ်ပြီးခေတ်ကာလ များပြားသော လုပ်ငန်းတာဝန်ကြီးများ ထမ်းဆောင်ချိန်တွင်လည်း အားလပ်ချိန်ရသည်နှင့် တရားရှုမှတ်မှုကို မပျက်မကွက် နေ့စဉ်ဆောင်ရွက်ခဲ့သည်။

**လုပ်ငန်းတာဝန်မပျက် သာသနာပြုလုပ်ငန်းကြိုးပမ်းမှုများ**

လွတ်လပ်ရေးရပြီးကာလ ၁၉၄၉ ခုနှစ် အင်းစိန်တိုက်ပွဲများဖြစ်ပွားပြီး တိုင်းပြည်မငြိမ်မသက်ရှိနေချိန်တွင် ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့် စိုးရိမ်သောကများဖြစ်ပွားပြီး ပုံမှန်ရုံးမတက်နိုင်သည့်အခြေအနေသို့ ရောက်ရှိခဲ့သည်။ ဆရာကြီးသည် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လများတွင် ဥပ္ပါတသန္တိပါဠိတော်ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ခဲ့သည်။ ထို့အပြင် မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်) မှစ၍ မဟာသမယနေ့ အခါတော်နေ့ (နယုန်လပြည့်နေ့) တိုင်းတွင် မဟာသမယသုတ်တော် ရွတ်ဖတ်ပူဇော်ခြင်းကို တပည့်များနှင့်အတူ ရွတ်ဖတ်ပူဇော်ခဲ့သည်။ (၂၉ -၆ -၁၉၅၀) ရက်နေ့ (၁၃၁၂ ခုနှစ်၊ ဝါဆိုလပြည့်၊ ဓမ္မစကြာအခါတော်နေ့) တွင် ဆရာကြီးသည် **"နိဗ္ဗာန်ရှေးရှုတော်လှန်မှု"** တရားခေါင်းစဉ်ဖြင့် ယခင်အခေါ် ဗမာ့အသံမှ တစ်နိုင်ငံလုံးသို့ ဓမ္မစကြာတရား၏ အဆီအနှစ် သစ္စာလေးပါး ဝိပဿနာတရားတို့ကို ရှင်းလင်းဟောကြား ထုတ်လွှင့်ခဲ့သည်။ ၁၈-၇-၁၉၅၁ ရက်နေ့ (၁၃၁၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့)တွင် ပဋိပတ္တိလမ်းစဉ်များကို စနစ်တကျစူးစမ်းရှာဖွေရန်နှင့် ဝိပဿနာပညာဆိုင်ရာ သုတေသနလုပ်ငန်းများ စူးစမ်းလေ့လာရန် ဝိပဿနာဓာတ်ပညာအဖွဲ့ကို ဆက်လက်ဖွဲ့စည်းပေးခဲ့သည်။

ဆရာကြီးသည် ငွေစာရင်းမင်းကြီးအဖြစ် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ လက်အောက်ဝန်ထမ်းများနှင့် ဆက်ဆံရာတွင် တာဝန်ဝတ္တရားကို အဓိကထားပြီး ပြတ်ပြတ်သားသား ဆက်ဆံတတ်သည်။ တာဝန်ချိန်ပြင်ပပုဂ္ဂိုလ်ရေးအနေဖြင့် ဆက်ဆံရာတွင်မူ ရင်းနှီးခင်မင်စွာ ဆက်ဆံတတ်သောကြောင့် ဝန်ထမ်းများက ချစ်ကြောက်ရိုသေကြသည်။ ဆရာကြီးအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ အကျင့်စာရိတ္တကောင်းမွန်ရေးကို အထူးလိုလားပြီး ဘုရားရှင်၏ အဆုံးအမဖြစ်သည့် သီလ၊ သမာဓိ၊ ပညာတရားများ လက်ကိုင်ထားသည့် ဝိပဿနာတရားကို ကျင့်ကြံနိုင်ကြရေးအတွက် အထူးလိုလားခဲ့သည်။

ဆရာကြီးအနေဖြင့် ဤကဲ့သို့ ဆန္ဒရှိနေစဉ် **၁၉၅၀ ပြည့်နှစ် အောက်တိုဘာလတွင် ထိုစဉ်က နိုင်ငံတော်အစိုးရက ဌာနဆိုင်ရာများသို့ ဗုဒ္ဓဘာသာအသင်းများဖွဲ့စည်းပြီး ရုံးဌာနအလိုက် ဘုရားခန်းများထားရှိရန် ညွှန်ကြားခဲ့သည်။** ထို့ကြောင့် ၁၀-၁၁-၁၉၅၀ ရက်နေ့တွင် ငွေစာရင်းမင်းကြီးရုံးဝန်ထမ်းများ အစည်းအဝေးကျင်းပ၍ ဗုဒ္ဓသာသနာအကျိုးဆောင်အသင်းကို အသင်းသား ၄၉၇ ဦး၊ အမှုဆောင် ၂၄ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁-၁-၁၉၅၁ ရက်နေ့တွင် စာရင်းစစ်ရုံးရှိ အခန်းတစ်ခန်းကို ဘုရားခန်းပြုလုပ်ပြီး ဘုရား၊ တရား၊ သံဃာပူဇော်ပွဲအဖြစ် ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်ဆွမ်းဆက်ကပ်၍ တရားနာယူခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ ဥပုသ်ဆောက်တည်ခြင်းများ စတင်ဆောင်ရွက်ပြီး ဆရာကြီးကိုယ်တိုင် ဓမ္မစကြာတရားတော်နှင့်အဘိဓမ္မာတရားများ ဟောကြားခြင်း၊ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ဒေသနာတော်၊ ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်များ ပူဇော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ရုံးဝန်ထမ်းများအားလပ်ချိန်နှင့် နံနက်စောစောရုံးမတက်မီတစ်ချိန်၊ နေ့လယ်နားချိန်တစ်ချိန်၊ ညနေရုံးဆင်းချိန်တစ်ချိန် တစ်နေ့လျှင် သုံးကြိမ် တရားထိုင်နိုင်သော အခန်းတစ်ခန်းကိုလည်း ၁၇-၁၀-၁၉၅၀ ရက် နေ့မှစ၍ စာရင်းစစ်ရုံးရှိ ဆရာကြီး၏ ရုံးခန်းနှင့်ကပ်လျက် အခန်းတစ်ခန်းတွင် စီစဉ်ပေးထားခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဘာသာတရားအဆုံးအမများကို လိုက်နာကျင့်ကြံနေထိုင်ခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးကို ဦးတည်ဖြည့်ဆည်းလိုသည့် ဆရာကြီး၏ လိုလားချက်သည် တစ်စတစ်စ အကောင်အထည်ပေါ်လာခဲ့သည်။

စာမျက်နှာ ၁၇ သို့ ❖

**ဆရာကြီးသည် ငွေစာရင်းမင်းကြီးအဖြစ် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ လက်အောက်ဝန်ထမ်းများနှင့် ဆက်ဆံရာတွင် တာဝန်ဝတ္တရားကို အဓိကထားပြီး ပြတ်ပြတ်သားသား ဆက်ဆံတတ်သည်။ တာဝန်ချိန်ပြင်ပပုဂ္ဂိုလ်ရေးအနေဖြင့် ဆက်ဆံရာတွင်မူ ရင်းနှီးခင်မင်စွာ ဆက်ဆံတတ်သောကြောင့် ဝန်ထမ်းများက ချစ်ကြောက်ရိုသေကြသည်။ ဆရာကြီးအနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ အကျင့်စာရိတ္တကောင်းမွန်ရေးကို အထူးလိုလားပြီး ဘုရားရှင်၏ အဆုံးအမဖြစ်သည့် သီလ၊ သမာဓိ၊ ပညာတရားများ လက်ကိုင်ထားသည့် ဝိပဿနာတရားကို ကျင့်ကြံနိုင်ကြရေး အတွက် အထူးလိုလားခဲ့**

❖ စာမျက်နှာ ၁၆ မှ

၁၉၅၁ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့၏ ညီလာခံကို ကျင်းပခဲ့ပြီးနောက် ဗုဒ္ဓသာသနာအကျိုးဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ဆရာကြီးသည် အမှုဆောင်အဖွဲ့၌ အကျိုးတော်ဆောင် စာရင်းစစ်တာဝန်ဖြင့် ပါဝင်ခဲ့သည်။ ထို့နောက် အဖွဲ့၏ ပဋိပတ္တိအဖွဲ့ငယ်ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးအဖွဲ့ငယ် အဖွဲ့ဝင်၊ သာသနာ့ရောင်ခြည်စာစောင်များထုတ်ဝေရေး စာတည်းအဖွဲ့ဝင်၊ ဆဋ္ဌသင်္ဂါယနာတင်အခမ်းအနားကျင်းပရာတွင် စာရင်းစစ်တာဝန်တို့ကို အသီးသီး ပါဝင်ထမ်းဆောင်ခဲ့သည်။

ထိုခေတ်ကာလက မြန်မာနိုင်ငံသို့ တာဝန်ဖြင့်ရောက်ရှိနေခဲ့သော သံတမန်များ၊ ပညာရှင်များ၏ တောင်းဆိုမှုအရ ဆရာကြီးဦးဘခင်သည် ၁၉၅၁ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ မက်သဒစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ (What Buddhism Is) ခေါင်းစဉ်ဖြင့် ဗုဒ္ဓဘာသာအကြောင်း ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ ဆရာကြီး၏ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောပို့ချမှုများကို What Buddhism Is အမည်ဖြင့် ရိုက်နှိပ်ဖြန့်ဝေမှုအရ နိုင်ငံတကာသို့ ပျံ့နှံ့သွားခဲ့ရာ စိတ်ဝင်စားကြသော နိုင်ငံတကာအဖွဲ့အစည်းများက သက်ဆိုင်ရာဘာသာစကားအလိုက် ပြန်ဆိုထုတ်ဝေခွင့်အတွက် မေတ္တာရပ်ခံခဲ့ကြပြီး ပြင်သစ်နိုင်ငံတွင် Les Amis du Bouddhisme အမည်ဖြင့်လည်းကောင်း၊ ဂျာမနီနိုင်ငံတွင် Indische Welt အမည်ဖြင့်လည်းကောင်း အသီးသီး ပြန်ဆိုထုတ်ဝေခဲ့ကြပါသည်။

**အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာနနှင့် ဓမ္မရောင်ခြည်စေတီတော်**

ဆရာကြီးဦးဘခင်၏ ပဋိပတ္တိသာသနာပြုလုပ်ငန်းများမှာ ပြည်တွင်းရှိတရားအားထုတ်သူများသာမက ပြည်ပရှိ နိုင်ငံခြားသားများ၏ စိတ်ဝင်တစားလေ့လာလိုမှုများတိုးတက်များပြားလာသည်နှင့်အမျှ ကမ္မဋ္ဌာန်းရိပ်သာတစ်ခုဖွင့်လှစ်ရန် လိုအပ်လာသည်။ ထိုကဲ့သို့ ထူထောင်ရန်အတွက် ၁၉၅၂ ခုနှစ် ဧပြီလတွင် ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ကို စနစ်တကျ စတင်ဖွဲ့စည်းစေခဲ့ပြီး မေလတွင် အင်းယားမြိုင်လမ်းရှိ တောင်ကုန်းအပါအဝင် မြေနေရာကို ဝယ်ယူ၍ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန(International Meditation Centre) အမည်ဖြင့် ထူထောင်ရန်အတွက်လည်းကောင်း၊ တရားထိုင်ရန် လိုဏ်ဂူများပါဝင်သည့် ဓမ္မစေတီအမျိုးအစား ဓမ္မရောင်ခြည်စေတီတော်ကို တည်ထားရန်အတွက်လည်းကောင်း စီစဉ်ဆောင်ရွက်ခဲ့သည်။

၁၉၄၁ ခုနှစ်အတွင်း ကျောက်ဆည်မြို့ ဝေဘူလတောင်တွင် ဆရာကြီးအား သာသနာပြုရန် ဩဝါဒပေး၍ စတင်တိုက်တွန်းခဲ့သည့် ဝေဘူဆရာတော်ကြီးသည် ၁၉၅၃ ခုနှစ် ဇူလိုင်လမှစတင်၍ ရန်ကုန်မြို့ အင်းယားမြိုင်လမ်းရှိ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန (IMC) သို့ကြွရောက်သီတင်းသုံး ချီးမြှင့်ခဲ့သည်။ ထို့နောက် ၁၉၅၄ ခုနှစ်၊ ၁၉၅၅ ခုနှစ်၊ ၁၉၅၇ ခုနှစ်၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၆၂ ခုနှစ်တို့တွင်လည်း ရန်ကုန်မြို့ IMC သို့ ကြွရောက်၍ ဆရာကြီးနှင့်တပည့်များ၏ ပူဇော်မှုကိုခံယူခြင်း၊ တရားဒေသနာဟောကြားတော်မူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဆရာကြီးသည် ပဋိပတ္တိသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှားအယွင်းမရှိစေရေးအတွက် ဆရာတော်ကြီးများကို ဦးထိပ်ထားပြီး ဩဝါဒခံယူဆောင်ရွက်ခဲ့သည်။ ဝေဘူဆရာတော်ကြီး၏ ဩဝါဒအရ သာသနာပြုတရားပြလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် ရန်ကုန်မြို့ IMC တည်ထောင်သည့်အခါတွင်လည်း အဂ္ဂမဟာပဏ္ဍိတ ကန်ဦးဆရာတော်ကြီး၊ သရက်တောဥယျာဉ်တိုက် အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး၊ ပဋ္ဌာန်းဆရာတော်၊ နှစ်ကျိပ်ရှစ်ဆူဆရာတော်၊ ဘုရားဖြူဆရာတော်၊ ခြောက်ထပ်ကြီးဆရာတော်၊ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဇနကာဘိဝံသ စသည့်ဆရာတော်ကြီးများကို ပင့်ဖိတ်၍ ပဋိပတ္တိလုပ်ငန်းများ ဆောင်ရွက်ပုံကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒခံယူခဲ့သည်။ ဆရာတော်ကြီးများကလည်း ဘုရားဟောကျမ်းဂန်များနှင့်အညီ စစ်ဆေးပြီး ဩဝါဒများ မိန့်ကြားခဲ့ရာ ဆရာကြီးသည် ဩဝါဒများကို လိုလားစွာခံယူ၍ လိုက်နာကျင့်သုံးခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်းများ**

၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် မည်သည့်ဘာသာဝင်မဆို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ IMC သို့မဟုတ် Buddhist Meditation Center သို့ လာရောက်စမ်းသပ်လေ့လာနိုင်ကြောင်း နိုင်ငံတကာရှိ စိတ်ဝင်စားသူများထံသို့ စာဖြန့်ဝေအကြောင်းကြားခဲ့ပြီးနောက် ၁၉၅၃ ခုနှစ်တွင် တရားစခန်းစတင်ဖွင့်လှစ်ခဲ့သည်။ လယ်တီဆရာတော်ကြီး၏ အဆုံးအမဩဝါဒကို ခံယူ၍တောတောင်များတွင် ၁၃ နှစ်ကြာ ကျင့်ကြံအားထုတ်ခဲ့သော ဒလမြို့ ဆရာသက်ကြီးထံမှတစ်ဆင့် ၁၉၃၇ ခုနှစ်တွင် နည်းနာခံယူခဲ့သော ဆရာကြီးဦးဘခင်သည် ၁၅ နှစ်ကြာ မိမိလေ့လာအားထုတ်ခဲ့သည့် ဝိပဿနာနည်းလမ်းများအတိုင်း ပြည်တွင်းပြည်ပ ယောဂီများကိုပါ ပြန်လည်မျှဝေ ဖြန့်ဖြူးခဲ့ခြင်းဖြစ်သည်။

**၁၉၅၂ ခုနှစ် အောက်တိုဘာလတွင် မည်သည့်ဘာသာဝင်မဆို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ IMC သို့မဟုတ် Buddhist Meditation Center သို့ လာရောက်စမ်းသပ်လေ့လာနိုင်ကြောင်း နိုင်ငံတကာရှိ စိတ်ဝင်စားသူများထံသို့ စာဖြန့်ဝေအကြောင်းကြားခဲ့ပြီးနောက် ၁၉၅၃ ခုနှစ်တွင် တရားစခန်း စတင်ဖွင့်လှစ်ခဲ့သည်။ လယ်တီဆရာတော်ကြီး၏ အဆုံးအမဩဝါဒကို ခံယူ၍ တောတောင်များတွင် ၁၃ နှစ်ကြာ ကျင့်ကြံအားထုတ်ခဲ့သော ဒလမြို့ ဆရာသက်ကြီးထံမှတစ်ဆင့် ၁၉၃၇ ခုနှစ်တွင် နည်းနာခံယူခဲ့သော ဆရာကြီး ဦးဘခင်သည် ၁၅ နှစ်ကြာ မိမိလေ့လာအားထုတ်ခဲ့သည့် ဝိပဿနာနည်းလမ်းများအတိုင်း ပြည်တွင်းပြည်ပ ယောဂီများကိုပါ ပြန်လည်မျှဝေ ဖြန့်ဖြူးခဲ့ခြင်းဖြစ်**

အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန(IMC)၏အကြောင်းကို ၁၉၅၄ ခုနှစ် မေလတွင် ယူကေနိုင်ငံ ဘီဘီစီအသံလွှင့်ဌာနက တရားရှာသူများ (Men Seeking God) အစီအစဉ်ဖြင့် ရုပ်မြင်သံကြားရိုက်ကူး၍လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကိုလံဘီယာရုပ်သံဌာနက See it Now ရုပ်သံအစီအစဉ်ဖြင့် ရိုက်ကူး၍လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် ၄၅ မိနစ်ကြာ ထုတ်လွှင့်သည့် မြန်မာပြည်အကြောင်း ရောင်စုံမှတ်တမ်းရုပ်ရှင်တွင် အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန (IMC) အကြောင်းကို၁၆ မိနစ်ကြာထုတ်လွှင့်၍လည်းကောင်း အနောက်နိုင်ငံများတွင် ထုတ်လွှင့်ပြသခဲ့သည်။

ထို့အပြင် ဥရောပတိုက်တွင် ရိုက်နှိပ်ထုတ်ဝေသော ဆရာကြီး၏ အင်္ဂလိပ်ဘာသာဖြင့် ဟောပြောပို့ချမှု ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ What Buddhism Is စာအုပ်ကြောင့်လည်းကောင်း၊ ဘီဘီစီအသံလွှင့်ဌာန ညွှန်ကြားရေးမှူး Christopher Mayhew ရေးသားပြုစုထုတ်ဝေသည့် Men Seeking God စာအုပ်ပါ ဆရာကြီးဦးဘခင်နှင့် IMC အကြောင်း တွေ့ဆုံဆွေးနွေးမှုများကြောင့်လည်းကောင်း မြန်မာနိုင်ငံရှိ ဝိပဿနာတရားအားထုတ်မှုကို စိတ်ဝင်စားသူ အနောက်နိုင်ငံသားများ တိုးတက်များပြားလာခဲ့သည်။ အနောက်နိုင်ငံများနှင့် ဗုဒ္ဓသာသနာပေါ်ထွန်းရာ မူလဒေသဖြစ်သော အိန္ဒိယနိုင်ငံသို့ သာသနာတော် ပြန်လည်ရောက်ရှိရေးအတွက် ဆရာကြီးဦးဘခင်၏ ကြိုးပမ်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ကြသူများမှာ တပည့်ရင်းများဖြစ်သော မြန်မာနိုင်ငံမှ ဦးဂိုအင်ကာနှင့် အမေရိကန်ပြည်ထောင်စုမှ တိုက်ချင်းပစ်ဒုံးပျံနှင့် အာကာသယာဉ်တည်ဆောက်ရေးပညာရှင် မစ္စတာရောဘတ်ဟိုးဗားတို့ ဖြစ်သည်။

အထူးသဖြင့် ၁၉၅၅ ခုနှစ်တွင် IMC ၌ ပထမဆုံး လာရောက်တရားအားထုတ်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သူ ဦးဂိုအင်ကာသည် ဝိပဿနာတရားအားထုတ်မှု၏ တန်ဖိုးကြီးမားပုံ၊ ဘဝနေထိုင်မှုအတွက် အရေးကြီးပုံတို့ကို ကိုယ်တွေ့သိမြင်ခံစားခဲ့ရပြီးနောက် ဆရာကြီးဦးဘခင်၏ ပရိယတ္တိ၊ ပဋိပတ္တိနှစ်ရပ်လုံးအတွက် သင်ကြားပို့ချမှုများကိုပါ ရရှိခဲ့သည်။ ဆရာကြီးသည် ဦးဂိုအင်ကာအား လက်ထောက်တရားပြဆရာအဖြစ် ၁၄ နှစ်ကြာ ပြုစုပျိုးထောင်ပေးခဲ့ပြီးနောက် ပြည်တွင်း၌ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် အိန္ဒိယအမျိုးသားယောဂီများအား ဟိန္ဒီဘာသာဖြင့် တရားပြရန် စတင်တာဝန်ပေးအပ်ခဲ့သည်။ ၁၉၆၉ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဦးဂိုအင်ကာသည် ပထမဆုံး ပြည်ပဝိပဿနာစခန်းကို စတင်ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း အိန္ဒိယ၊ အင်္ဂလန်၊ ဩစတြေးလျ၊ အမေရိကန်စသည့် ကမ္ဘာ့နိုင်ငံများတွင် ဆရာကြီးဦးဘခင်၏ ကမ္မဋ္ဌာန်းကျင့်စဉ်နည်းလမ်း (In the tradition of Sayagyi U Ba Khin) အတိုင်း ကျင့်ကြံပွားများအားထုတ်ရသည့် ဝိပဿနာတရားစခန်းဌာနများ တိုးချဲ့ဖွင့်လှစ်ထားလျက်ရှိသည်။

ဆရာကြီးသည် ၁၉၆၇ ခုနှစ်အထိ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း ပြည်ပသို့ လူကိုယ်တိုင်ထွက်ခွာ၍ သာသနာပြုရန် အခြေအနေမပေးခဲ့သော်လည်း အောက်ပါပုဂ္ဂိုလ်များကို လက်ထောက်တရားပြဆရာများအဖြစ် တာဝန်ပေးအပ်လျက် ပြည်ပနိုင်ငံများရှိယောဂီများသို့ တရားပြသပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည် –

(၁) Dr. Leon E. Wright (Professor of Religion) အမေရိကန်ပြည်ထောင်စု။
(၂) Mr. Rovert H. Hover. (Senior Technical Specialist) အမေရိကန်ပြည်ထောင်စု။
(၃)Mrs. Ruth Denision. အမေရိကန်ပြည်ထောင်စု။
(၄)Mrs. Coerlla Landie. ကနေဒါနိုင်ငံ။
(၅)Mr. John E. Colemen. အင်္ဂလန်နိုင်ငံ။
(၆)Mr.J. Van Amesfoort (President of Netherlands Buddhist Association ) ဟော်လန်နိုင်ငံ။

ဆရာကြီး၏ တပည့်ဖြစ်သူ ဦးဂိုအင်ကာက ဆရာကြီးဦးဘခင် အသက်ရာပြည့်အထိမ်းအမှတ်အဖြစ် ၂၀၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဝိပဿနာစေတီတော် (Global Vipassana Pagoda) ကိုလည်းကောင်း၊ အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ် အီဂတ်ပူရီမြို့တွင် ဓမ္မတာပိုဗာနာ(Dhamma Tapovana) (ဝိပဿနာရက်ရှည်တရားရိပ်သာ) ကိုလည်းကောင်း၊ အဆိုပါတရားရိပ်သာအနီး၌ တရားအားထုတ်သူများနေထိုင်ရန် လုံးချင်းအိမ်ရာများနှင့် နှစ်ခန်းတွဲအိမ်ရာများပါဝင်သော ဆရာကြီးဦးဘခင် ဝိပဿနာကျေးရွာ (Sayagyi U Ba Khin Vipassana Village) ကိုလည်းကောင်း အသီးသီး တည်ထောင်ထားခဲ့ပြီးဖြစ်သည်။ အဆိုပါ ဝိပဿနာကျေးရွာမုခ်ဦးတွင် အင်္ဂလိပ်–မြန်မာ–ဟင်ဒီဘာသာများဖြင့် ကမ္ပည်းရေးထိုးထားသည့် **“ဝိပဿနာတရားတော်ကို အိန္ဒိယနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးသော ဆရာကြီးဦးဘခင်အား ကျေးဇူးတော်အနန္တတင်ရှိပါ၏”** (Boundless Gratitude to Sayagyi U Ba Khin who went vipassana to India) စာသားသည် မျိုးဆက်သစ် မြန်မာနိုင်ငံသားများအတွက် ထာဝစဉ်ဂုဏ်ယူဖွယ်ရာအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

**ဆရာကြီးဦးဘခင်၏ စိတ်နေစိတ်ထားနှင့် ထူးခြားသည့်ဂုဏ်ရည်များ**

ဆရာကြီးအနေဖြင့် ကုန်သွယ်မှုတိုးတက်ရေးဝန်ကြီးဌာန အထူးအရာရှိ၊ ကူးသန်းရောင်းဝယ်ရေးစာရင်းစစ်ညွှန်ကြားရေးဝန်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးတာဝန်များဖြင့် ဌာနလေးခု၏ ပူးတွဲတာဝန်များ ထမ်းဆောင်ခဲ့ရာ ကူးသန်းရောင်းဝယ်ရေးစာရင်းစစ်ညွှန်ကြားရေးဝန် ရာထူးတစ်ခုအတွက်ကိုသာ လစာထုတ်ယူခွင့်ရရှိသည်။ သို့ရာတွင် နိုင်ငံတော်အစိုးရက ဘဏ္ဍာရေးစည်းမျဉ်းအရ ဆရာကြီးအား သီးခြားချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခဲ့ရာ လစဉ်ဝင်ငွေသည် အထက်အကြီးအကဲ၏ လစာထက် အနည်းငယ်မြင့်မားသွားခဲ့သည်။ ထိုသို့ မြင့်မားသွားသည်ကို ကန့်ကွက်သူ တစ်စုံတစ်ဦးမျှ မရှိသော်လည်း ဆရာကြီးအနေဖြင့် အထက်အကြီးအကဲ၏လစာထက် မပိုစေရန် ဘဏ္ဍာရေးစည်းမျဉ်းအရ သီးခြားအမှုတွဲတစ်ခု ပြုစုတင်ပြပြီး ချီးမြှင့်ငွေလျှော့ပေါ့စေရေးအတွက် ခွင့်ပြုချက်ရယူဆောင်ရွက်ခဲ့သည်။

ဆရာကြီးသည် သမီးငါးဦးနှင့် တစ်ဦးတည်းသော သားဖြစ်သူ မောင်သိန်းဇံတို့ကို ထွန်းကားရာထိုခေတ်ကာလ စနေနေ့ နေ့ထက်ဝက် ရုံးတက်ချိန်များတွင် ကျောင်းပိတ်ရက်ရသော မူလတန်းကျောင်းသား သားငယ်ဖြစ်သူသည် ရုံးသို့လိုက်လာလေ့ရှိသည်။ ရုံးခန်း၌ ဖခင်ဖြစ်သူမှာ ရုံးလုပ်ငန်းများ၊ အစည်းအဝေးတက်ရောက်မှုများနှင့် အလုပ်များနေချိန်တွင် သားဖြစ်သူသည် ရုံးအုပ်ကြီး ဦးကျော်ဖေထံမှ စာရွက်၊ ခဲတံများတောင်း၍ ကလေးငယ်တို့သဘာဝ စာရေးခြင်း၊ အရုပ်ဆွဲခြင်းတို့ ပြုလုပ်လေ့ရှိသည်။ ထိုကဲ့သို့ စာရေး ကိရိယာထုတ်ပေးရမှုများကို ဆရာကြီးက မှတ်သားထားခဲ့ပြီး ကျသင့်ငွေများ ထုတ်ပေးကာ ဌာနသို့ ပေးချေရှင်းလင်းစေခဲ့သည်ကို နောင်တွင် သိရှိခဲ့ရကြောင်း၊ အသေးအဖွဲကိစ္စလေးပင်ဖြစ်သော်လည်း ဆရာကြီးသည် သီလစောင့်ထိန်းမှုကို အလျှော့မပေးခဲ့ကြောင်း သားဖြစ်သူ ဦးသိန်းဇံက “ကျွန်တော့်ဖခင် ဆရာကြီး၊ဦးဘခင်” စာအုပ်တွင် မှတ်တမ်းတင်ထားခဲ့ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်ဆီဂျင်ထုတ်စက်၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆန်၊ ဆီနှင့် အလှူငွေများပေးအပ်



**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အောက်ဆီဂျင်ထုတ်စက်၊ အိမ်သုံးအောက်ဆီဂျင်စက်၊ ဆန်၊ ဆီနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်ထံ Tzu Chi Buddhist Foundation မှ အလှူရှင် ဦးကျော်ခင်က ကျပ် ၁၆၆၃၆၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀၀၀၊ ဆီဘူး ၁၀၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၀ တို့အား လည်းကောင်း၊ အလှူရှင် ဒေါ်ထွေးထွေး၊ မြေးမောင်မင်းသန့်ဖြိုးနှင့် ဓမ္မမိတ်ဆွေများ ရန်ကုန်မြို့ကိုယ်စား ဦးကျော်လွင်က အမေရိကန်ဒေါ်လာ ၄၇၀၀၀ တန်ဖိုးရှိ နာဂဒေသ နန်းယွန်းမြို့တွင်အသုံးပြုမည့် အောက်ဆီဂျင်ထုတ်စက်တစ်လုံးအား ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးထံ အလှူရှင် ဇေယျာပဒေသာ ဖောင်ဒေးရှင်း ကိုယ်စား ရဲမှူးကြီးတင်အောင် (ငြိမ်း)နှင့် ဦးညွန့်စိုး (ထွေ/အုပ်-ငြိမ်း)တို့က အလှူငွေကျပ် ၂၇၅ သိန်းအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းထံ အလှူရှင် ဒေါ်ခင်မြင့်အေး စစ်ကိုင်းမြို့ကိုယ်စား ဦးအောင်တိုးက အလှူငွေကျပ် ၁၀ သိန်းအား ပေးအပ်လှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၈/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက အွန်လိုင်းစနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို အတည်ပြုပေးခဲ့ပြီး ယင်းလုပ်ငန်းမှာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းဖြစ်ကာ အတည်ပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၅ သန်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းအတွက် လူဦးရေ ၈၅၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီလေးခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များက ဗီဒီယိုကွန်ဖရင့်ကိုအသုံးပြု၍ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



# မုဒုံမြို့ သက်မွေးပညာသင်တန်းကျောင်း တည်ဆောက်ရေးစီမံကိန်းနှင့် အောက်ဆီဂျင်စက်ရုံတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

**မုဒုံ စက်တင်ဘာ ၉**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီက မုဒုံမြို့ မြို့မ(၄)ရပ်ကွက်၌ မြေဧရိယာ၂၅ ဒသမ ၅၇ ဧကတွင် တည်ဆောက်လျက်ရှိသော နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန သက်မွေးပညာသင်တန်းကျောင်း(မုဒုံ) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ပင်မသုံးထပ်စာသင်ဆောင် ဆောက်လုပ်နေမှုနှင့် Steel Structure Workshop တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) ကျောင်းအုပ်ကြီး ဒေါက်တာဖြိုးဝေလင်းက ပင်မစာသင်ဆောင် သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံနှင့် Steel Structure Workshop တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေခွဲဝေချထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ရေနုတ်မြောင်းစနစ်တကျထားရှိပြီး ရေစီးရေလာကောင်းမွန်ရေးတို့ကို မှာကြားသည်။

အဆိုပါ သက်မွေးပညာသင်တန်းကျောင်း(မုဒုံ) တည်ဆောက်ရေးစီမံကိန်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်နယ်အတွင်း လိုအပ်သော ကျွမ်းကျင်ပညာရှင်များမွေးထုတ်ပေးနိုင်ရန်၊ SME လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ သင်ယူရာတွင် များစွာ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့ ဝင်းစိန်တောရကျောင်းတိုက်ဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူက အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် အောက်ဆီဂျင်စက်ရောက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က စက်ရုံ လေဝင်လေထွက်ကောင်းမွန်ရေး၊ စက်ရုံအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်၊ စက်ရုံလုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကင်းဝေးစေရေး အလေးထားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် အလှူငွေပေးအပ်

**ဘားအံ စက်တင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အလှူငွေပေးအပ်ပွဲကို ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁) ၌ စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၂၁၆၀၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၈၀၀ ကို ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် အမှတ် (၉၀၇) တပ်ရင်း ဒုတပ်ရင်းမှူး ဗိုလ်မှူးစိန်မြင့်နှင့်ဇနီးတို့က ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျန်းမာရေးသုံးပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်

**ကန်ကြီးထောင့် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မြို့နယ်ဆရာဝန်၊ တိုက်နယ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအခြေအနေများ၊ ရောဂါကာကွယ်ထိန်းချုပ်မှုများနှင့် ပတ်သက်၍ မေးမြန်းပြီး တိုင်းဒေသကြီးအတွင်း ရောဂါဖြစ်ပွားနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ကျန်းမာရေးသုံးပစ္စည်းများ၊ ဆေးရုံသုံးဆေးဝါးပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရီရီခင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မဇင် (ပြန်/ဆက်)**



# စာပေဗိမာန်စာမူဆုရစာအုပ်များ ဖြန့်ချိရောင်းချ

## ညဥ့်သုံးယံခါ အလင်္ကာကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ ခက်လှိုင်းကျော်၏ "ညဥ့်သုံးယံခါ အလင်္ကာကဗျာများ"စာအုပ်ကို ငွေကျပ် ၂၈၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာစုစုပေါင်း (၇၈)ပုဒ်ပါဝင်ပြီး အလင်္ကာညဥ့်ဦးယံ ၂၆ ပုဒ်၊ အလင်္ကာသန်းခေါင်ယံ ၂၆ ပုဒ်၊ အလင်္ကာမိုးသောက်ယံ ၂၆ ပုဒ်တို့ဖြင့် ကဗျာဆရာကအပိုင်းသုံးပိုင်းခွဲကာ ရေးဖွဲ့တင်ပြထားသည်။ အလင်္ကာညဥ့်ဦးယံတွင် အဲချင်း၊ လွမ်းချင်း၊ ကာချင်း၊ ရတု၊ တေးထပ်အိုင်ချင်း၊ လေးချိုးကြီး စသည့် ဂန္ထဝင်ကဗျာပုံသဏ္ဌာန်တို့ကို စုံလင်စွာရေးဖွဲ့ထားသည့်အပြင် အလင်္ကာသန်းခေါင်ယံတွင် ဒွေးချိုး၊ လေးချိုး အတွဲများကို လှပစွာဖွဲ့သီထားပြီး အလင်္ကာမိုးသောက်ယံတွင်မူ လေးဆစ်အချိုးတွဲများ ခပ်သွက်သွက်သုံး၍ ဖွဲ့နွဲ့ထားခြင်းကြောင့် စကားလုံးများ လတ်ဆတ် သကဲ့သို့ ကဗျာအမူအရာကလည်း ဖျတ်လတ်သွက်လက်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။

## အနက်ရောင်လွင်ပြင်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ နေမထူး၏ "အနက်ရောင်လွင်ပြင်" စာအုပ်ကို ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် မိဘမဲ့ သို့မဟုတ် မိဘကစွန့်ပစ်သဖြင့် လေလွင့်ပြီး ကြုံသလို တောင်းရမ်းရှာဖွေ စားသောက်နေထိုင်ကြသော လမ်းပေါ်မှကလေးများနှင့် ယင်းကလေးများကို အတိုင်းအတာတစ်ခုအထိစောင့်ရှောက်ပေးနေသည့် ပရဟိတလူငယ်တစ်ယောက် အကြောင်းကို ရေးဖွဲ့ထားသော ဝတ္ထုရှည်တစ်ပုဒ်ဖြစ်ပါသည်။ လူဆိုးဂိုဏ်းများ၏ အသုံးချမခံရရေးအတွက် ရှောင်ရှားရင်း မမျှော်လင့်ဘဲ ပတ်သက်မိသည့်အခါ ကလေးများကို စွန့်စားကယ်ထုတ်စဉ် ပရဟိတလူငယ် သေဆုံးသွားရပုံမှာ လှိုက်ဖိုဖွယ်ရာ ဇာတ်လမ်းဆန်ဆန်နှင့် စိတ်ဝင်စားဖွယ် ရေးဖွဲ့တင်ပြထားသည့်အတွက် စာဖတ်ပရိသတ်များအား သုတရသပါ ပေးစွမ်းနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## လူသားအကျိုးပြု "လား"

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံ)ဒုတိယဆုရရှိသည့် စာရေးဆရာ မောင်အောင်(မွေးကု)၏ "လူသားအကျိုးပြု "လား" "စာအုပ်ကို ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရာသီဥတုကြမ်းတမ်းသော၊ တောတောင်ထူထပ်၍ သွားလာရေးခက်ခဲသောဒေသများ၌ အဓိက အသုံးဝင်သော လားသတ္တဝါများအကြောင်းကို သိပ္ပံနည်းကျ မွေးမြူနည်းအပြင် ဆက်စပ်အကြောင်းအရာများကို အများနားလည်အောင် ကျမ်းကိုးများနှင့်တကွ ပြည့်စုံအောင်တင်ပြထားသော စာအုပ်ဖြစ်ပါသည်။ စာရေးသူသည် မွေးမြူရေးပညာရှင်ဖြစ်ပြီး လား မွေးမြူရေးကို ကိုယ်တိုင်ကိုယ်ကျဆောင်ရွက်ခဲ့သည့်အပြင် ယင်းဘာသာရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာ ညီလာခံ တက်ရောက်ခဲ့သူဖြစ်ရာ အချက်အလက်များမှာ ခိုင်မာသည်။ လားဝန်တင်ကို စနစ်တကျ တည်ဆောက်နေသည့် နိုင်ငံတော်၏ အဖွဲ့အစည်းများအတွက် ဗဟုသုတများစွာပေးသည့်အပြင် အကျိုးရှိထိရောက်စေမည့် စာအုပ်ဖြစ်ပါသည်။

## စစ်တောင်းမြစ်ကမ်းနံဘေးက လူငယ်ဘဝလေးများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ ဒုတိယဆုရရှိသည့် စာရေးဆရာ ကေတုမောင်ညိုလင်း၏ "စစ်တောင်းမြစ်ကမ်းနံဘေးက လူငယ်ဘဝလေးများ" စာအုပ်ကို ငွေကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၃ ပုဒ်ပါဝင်သည်။ စစ်တောင်းမြစ်ကမ်းနံဘေးရှိ ရွာများတွင် ဆင်းရဲချို့တဲ့စွာ နေထိုင်ကြရသော လူငယ်လေးများ၏ ဘဝရုန်းကန်မှုကို ဖော်ကျူးထားသည့် ဝတ္ထုတိုများဖြစ်သည်။ မိဘများထံမှ မုန့်ဖိုးပဲဖိုးမရကြသဖြင့် ကျောင်းပိတ်ရက်များတွင် စစ်တောင်းမြစ်ကြီးထဲသို့ ဖောင်ကြိုးပြတ်ကာ မျောလာတတ်သော ထင်း၊ ဝါး၊ သစ်လုံးများကို သက်စွန့်ဆံဖျား ဆယ်ယူ၍ သစ်ဆိပ်များသို့ သွားအပ်ပြီး မုန့်ဖိုးရှာကြပုံ၊ ကျွဲကျောင်း၊ နွားကျောင်း လိုက်ကြပုံ၊ ကြွက်ထိုးငါးရှာ လုပ်ကြပုံ၊ လူငယ်ပီပီ သူတစ်ပါးခြံမှ ဖရဲ၊ သခွားခိုးစားကြပုံ စသည်များကို ဝတ္ထုတစ်ပုဒ်ချင်းစီအလိုက် ရှင်ရှင်သွက်သွက် ရေးဖွဲ့ထားသည်။ ဘဝပေးအခြေအနေအရ ဘဝကြမ်းကြမ်းကို ဖြတ်သန်းနေရသော်လည်း သူတို့၏စိတ်သန္တာန်ဝယ် ကိုယ်ချင်းစာစိတ်၊ သနားညှာတာစိတ်၊ အမှားကို ကျူးလွန်မိပြီးသည့်နောက် နောင်တတရားနှင့်အတူ အမှန်ကိုခွဲခြားသိမြင်လာစိတ် စသည်တို့ ကိန်းဝပ်လျက်ရှိနေကြောင်း ပေါ်လွင်အောင်ဖော်ပြထားသည်။ လူငယ်တို့၏ ဖြူစင်သောစိတ်၊ ရိုးသားကြိုးစားကာ အရေးကြုံက စုပေါင်းညီညာဆောင်ရွက်တတ်ကြသည့်စိတ်တို့ကို အခြေခံကာ ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။
စာတည်း






# ဇမ္ဗူသီရိမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**ဇမ္ဗူသီရိ စက်တင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသည့် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများ၊ စားသောက်ဆိုင်ဝန်ထမ်းများ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံဝန်ထမ်းများအား ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ထိုးနှံပေးပြီးဖြစ်ကာ ကျန်ရှိနေသူများအား ယနေ့နံနက် ၉ နာရီတွင် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းနှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပါးစပ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ စနစ်တကျမှတ်တမ်းရေးသွင်းခြင်းများပြုလုပ်ပြီး ပုံမှန်အနေအထားရောက်မှသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး ဆေးထိုးနှံပြီးသူများကိုလည်း မိနစ် ၃၀ ခန့် အနားယူစေကာ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုးနှံပေးသည့် ကာကွယ်ဆေးမှာ တရုတ်နိုင်ငံထုတ်ဖြစ်သည့် (Sinopharm)အမျိုးအစားဖြစ်ကာ ဇမ္ဗူသီရိမြို့နယ်အနေဖြင့် ယနေ့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် လူဦးရေ ၃၃၀ အား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများကို လေ့လာခြင်း (အစ္စရေးနိုင်ငံ)

ရှင်ကုကူး

(ယမန်နေ့မှအဆက်)

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ကြေညာခြင်း

နက်ဆက်အခြေခံဥပဒေပုဒ်မ ၅ အရ အောက်ပါအချက်များနှင့် ပြည့်စုံသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

- ❖ နက်ဆက်လွှတ်တော်ရွေးကောက်ပွဲ စတင်ကျင်းပရန် သတ်မှတ်ထားသည့်နေ့၌ အသက် (၁၈) နှစ်ပြည့်ပြီးသူ၊ (နှစ်ဆယ့်လေးကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲအတွက် ၂၀၀၃ ခုနှစ် ဧပြီလ ၁၂ ရက်နေ့နှင့် ၄င်းနေ့မတိုင်မီမွေးဖွားသောသူများ )
- ❖ လူဦးရေစာရင်းတွင်ပါဝင်၍ အစ္စရေးနိုင်ငံသားတစ်ဦးဖြစ်ကာ မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထားသူ၊ (နှစ်ဆယ့်လေးကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲအတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့တွင် နောက်ဆုံးထား၍ မှတ်ပုံတင်ထားသူ)
- ❖ လူဦးရေစာရင်းတွင် အမည်၊ နေရပ်လိပ်စာနှင့်တကွ မှတ်ပုံတင်ထားသော အစ္စရေးနိုင်ငံသား။

မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ရောက်ရှိနေထိုင်သည့် နေရပ်လိပ်စာ မှန်/မမှန်ကို အစ္စရေးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ Website တွင် စစ်ဆေးနိုင်ရန် စီစဉ်ထားရှိပါသည်။ နေရပ်လိပ်စာပြင်ဆင်လိုသူများအနေဖြင့် သက်ဆိုင်ရာအထောက်အထားတစ်ခုခု (ဥပမာအားဖြင့် - မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင် စသည်) တို့ကို တင်ပြ၍ အွန်လိုင်းဖြင့် ပြင်ဆင်နိုင်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ လူဦးရေစာရင်းကိုအခြေခံ၍ ဗဟိုရွေးကောက်ပွဲကော်မတီက မဲဆန္ဒရှင်စာရင်းကို ပြုစုပါသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် ၎င်းတို့အမည် ပါ/မပါနှင့် မဲပေးရမည့်မဲရုံများစာရင်းကို အင်တာနက်ဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ ဖက်စ်ဖြင့်လည်းကောင်း၊ SMS စာတိုပေးပို့ခြင်းဖြင့်လည်းကောင်း စုံစမ်းမေးမြန်းကြည့်ရှုနိုင်ပါသည်။ ထိုအချက်အလက်များကို အစ္စရေးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ Website ပေါ်တွင် ဖော်ပြထားရှိပါသည်။ ရွေးကောက်ပွဲမတိုင်မီ E-Mail မှတစ်ဆင့်လည်း မဲပေးရမည့်မဲရုံတည်ရှိရာနေရာများကို မဲဆန္ဒရှင်များထံသို့ ပေးပို့အကြောင်းကြားပါသည်။

### ရွေးကောက်ပွဲစနစ်နှင့် မဲဆန္ဒနယ်သတ်မှတ်ခြင်း

အစ္စရေးနိုင်ငံအနေဖြင့် အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရာတွင် မဲဆန္ဒရှင်များအနေဖြင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီကို တိုက်ရိုက်ရွေးချယ်ပေးရခြင်းမဟုတ်ဘဲ မိမိတို့ရွေးချယ်လိုသည့် နိုင်ငံရေးပါတီများကိုသာ ရွေးချယ်မဲပေးရသည့် Closed-List Method ကိုကျင့်သုံးပါသည်။ နက်ဆက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာပေါင်း ၁၂၀ ရှိ၍ အနည်းဆုံးရရှိရမည့် မဲအရေအတွက်သတ်မှတ်ချက် ပြည့်မီကျော်လွန်သော နိုင်ငံရေးပါတီများအနေဖြင့် D’Hondt method ကို အသုံးပြု၍ ကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် အနည်းဆုံးရရှိရမည့် မဲအရေအတွက် ပြည့်မီနိုင်ရန်အတွက် နိုင်ငံရေးပါတီအချင်းချင်း မဟာမိတ်ဖွဲ့ခွင့်ကိုလည်း ခွင့်ပြုပေးထားပါသည်။

အစ္စရေးနိုင်ငံ၏ အနည်းဆုံးရရှိရမည့်ခိုင်လုံမဲအရေအတွက်သတ်မှတ်ချက်သည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေကြောင်း တွေ့ရှိရသော်လည်း အစ္စရေးနိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီငယ်များကိုယ်စားပြုခွင့် ပိုမိုရရှိစေရန် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည် ၎င်းတို့ရရှိထားသောခိုင်လုံမဲများမှ ခွဲတမ်းအရ ရရှိမည့်ကိုယ်စားလှယ်နေရာများ ခွဲဝေပြီးနောက်တွင် ပိုနေသေးသည့် ဆန္ဒမဲများလည်းရှိပါသည်။ အကယ်၍ နိုင်ငံရေးပါတီနှစ်ခုအနေဖြင့် ထိုအပိုဖြစ်နေသောဆန္ဒမဲများကို ပေါင်းလိုက်ပါက နောက်ထပ်ကိုယ်စားလှယ်နေရာတစ်နေရာ ထပ်မံရရှိနိုင်ပါသည်။ အပိုဆန္ဒမဲအရေအတွက် ပိုမိုပါဝင်သောနိုင်ငံရေးပါတီက ထိုထပ်မံရရှိမည့်ကိုယ်စားလှယ်နေရာကို ရရှိမည်ဖြစ်ပါသည်။ မဲဆန္ဒနယ်သတ်မှတ်ရာတွင် တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ထားရှိပါသည်။

### နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းနှင့် ဆန္ဒမဲလက်မှတ်များသတ်မှတ်ခြင်း

တစ်နိုင်ငံလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ထားသောကြောင့် နိုင်ငံရေးပါတီများမှ အဆိုပြုတင်သွင်းသော ကိုယ်စားလှယ်လောင်းများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့ရွေးချယ်ထားသော ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို Closed List ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းချက်ပါ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိသူများမှအပ အသက် (၂၁) နှစ်ပြည့်ပြီးသော အစ္စရေးနိုင်ငံသားများအားလုံးသည် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ထို့အပြင် နိုင်ငံရေးပါတီများအနေဖြင့် ဆန္ဒမဲလက်မှတ်အဖြစ် အသုံးပြုမည့် ပါတီကိုယ်စားပြုစာလုံးနှင့် ပါတီအမည်တို့ကို ဗဟိုရွေးကောက်ပွဲကော်မတီသို့ပေးပို့၍ မှတ်ပုံတင်ထားရှိရန်လိုအပ်ပါသည်။ ပါတီအသစ်များအနေဖြင့် တည်ရှိနေပြီးသော ပါတီများ အသုံးပြုပြီးသောစာလုံးများကို အသုံးပြုမည်ဆိုပါက ထိုပါတီထံမှ ခွင့်ပြုချက်ရရှိမှသာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ ဗဟိုရွေးကောက်ပွဲကော်မတီအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပါတီအမည်များ၊ ၎င်းတို့ပါတီကိုယ်စားပြုစာလုံးများကို ကော်မတီ Website တွင် ကြေညာထားပါသည်။

### ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့၌ ဆန္ဒမဲပေးခြင်း

ကြိုတင်မဲပေးခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာအနှံ့အပြားတွင် ရောက်ရှိနေသော အစ္စရေးနိုင်ငံ၏ သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ သင်္ဘောသားများနှင့် ကုန်သွယ်ရေကြောင်းလုပ်ဆောင်နေသော ကုန်သည်များသည် အထွေထွေရွေးကောက်ပွဲမကျင်းပမီ ၁၂ ရက်ခန့်မှစ၍ ဆန္ဒမဲပေးနိုင်ပါသည်။ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် မဲရုံများကို ရွေးကောက်ပွဲမတိုင်မီ ၇၂ နာရီကြိုတင်၍ ဖွင့်လှစ်ပေးထားပြီး ရွေးကောက်ပွဲနေ့ မဲရုံပိတ်ချိန်အထိ မဲပေးနိုင်ပါသည်။

ရွေးကောက်ပွဲနေ့ကို အများပြည်သူရုံးပိတ်ရက်များတွင် ကျင်းပရမည်ဟု ပြဋ္ဌာန်းထားပါသည်။ မဲရုံဖွင့်ချိန်ကို နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ သတ်မှတ်ထား၍ ည ၁၀ နာရီထိုးသော်လည်း မဲရုံပရိဝုဏ်အတွင်း ဆန္ဒမဲပေးမည့်မဲဆန္ဒရှင်များကျန်ရှိနေပါက ထိုသူများကို မဲပေးပြီးသည်အထိ မဲရုံကိုဖွင့်လှစ်ထားရှိပါသည်။ အခြေချနေထိုင်သူ ၃၅၀ ထက် လျော့နည်းသောနေရာများ၊ ဆေးရုံများ၊ အချုပ်ခန်းများ စသည့်နေရာငယ်များတွင် နံနက် ၈ နာရီမှ ည ၈ နာရီအထိ မဲရုံဖွင့်လှစ်ထားရှိပါသည်။ ဆေးရုံ၌ဖွင့်လှစ်ထားရှိသော မဲရုံတွင်မဲပေးရန် သတ်မှတ်ထားသည့်အချိန်၌ ဆေးရုံတက်နေသော လူနာများ၊ ဆေးရုံဝန်ထမ်းများအနေဖြင့် လာရောက်မဲပေးနိုင်ခြင်းမရှိပါက မဲရုံပိတ်ချိန်ရောက်သော်လည်း ၎င်းတို့အနေဖြင့် သွားရောက်မဲပေးနိုင်စေရန် အထူးအခြေအနေတစ်ရပ်အနေဖြင့် ခွင့်ပြုထားပါသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့မှတ်ပုံတင်ထားသောလိပ်စာနှင့် အနီးဆုံးမဲရုံတွင် သွားရောက်မဲပေးရမည်ဖြစ်သည်။ ထိုမဲရုံတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲစာရင်းကို ထိန်းသိမ်းထားရှိပါသည်။ မဲရုံ၌တာဝန်ရှိသူများက မဲဆန္ဒရှင်၏ သက်သေခံကတ်ပြား (နိုင်ငံသားစိစစ်ရေးကတ်၊ ယာဉ်မောင်းလိုင်စင် စသည်) တို့ကို စိစစ်၍ ၎င်းတို့နှင့်သက်ဆိုင်သောမဲရုံတွင် လာရောက်မဲပေးခြင်း ဟုတ်/ မဟုတ်ကို စစ်ဆေးခြင်း၊ မဲစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ပြီးနောက် စာအိတ်တစ်အိတ်ကို မဲဆန္ဒရှင်ထံသို့ ပေးအပ်ပါသည်။ လျှို့ဝှက်ဆန္ဒပြုရမည့်နေရာတွင် နိုင်ငံရေးပါတီတစ်ခုစီအတွက် ရိုက်နှိပ်ထားသည့် ဆန္ဒမဲလက်မှတ်များကို ထားရှိထားပါသည်။ မဲလက်မှတ်ပေါ်တွင် နိုင်ငံရေးပါတီ၏တရားဝင်အမည်နှင့် သီးသန့်စာလုံးများကို ဖော်ပြထားပါသည်။ ပါတီများအနေဖြင့် ရွေးကောက်ပွဲမတိုင်မီ ၎င်းတို့ပါတီဆိုင်ရာအချက်အလက်များကို ပြည်သူထံသို့ ဖြန့်ဝေထားရှိရပါသည်။ အများအားဖြင့် ပိုစတာများကို အသုံးပြုပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ရွေးချယ်လိုသော ပါတီအမည်ပါရှိသော မဲလက်မှတ်ကို ရွေးချယ်ပြီး စာအိတ်ထဲသို့ထည့်ကာ ချိပ်ပိတ်ပြီး မဲပုံးထဲသို့ထည့်၍ ဆန္ဒပြုရပါသည်။ ထိုစနစ်သည် စာမတတ်သောသူများလည်း အသုံးပြုနိုင်သည့် ရိုးရှင်းသည့်နည်းလမ်းဖြစ်ပါသည်။

ဆေးရုံများ၊ အချုပ်ခန်းများ၊ နိုင်ငံခြားရှိသံရုံးများ၊ တပ်များ၊ အမျိုးသမီးဂေဟာများ၊ အစ္စရေးသင်္ဘောများ (ဆေးဝန်ထမ်းများ၊ လူနာများ၊ နိုင်ငံခြားသံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ နိုင်ငံရပ်ခြားရှိ ဂျူးအေဂျင်စီဝန်ထမ်းများ၊ တပ်မတော်သားများ၊ အကျဉ်းထောင်ရှိ ဝန်ထမ်းများ၊ သင်္ဘောသားများ၊ အမျိုးသမီးဂေဟာများတွင် အခြေချနေထိုင်သူများအတွက်) စသည့်နေရာများတွင် အထူးမဲရုံများကို ဖွင့်လှစ်ထားရှိပါသည်။ မသန်စွမ်းသူများ လာရောက်မဲပေးနိုင်သော မဲရုံများကိုလည်း နိုင်ငံအနှံ့တွင် ဖွင့်လှစ်ထားရှိပါသည်။ တာဝန်ထမ်းဆောင်နေရသော ရဲဝန်ထမ်းများအနေဖြင့် မည်သည့်မဲရုံတွင်မဆို မဲပေးနိုင်စေရန် စီမံထားရှိပါသည်။ သို့သော်လည်း နှစ်ကြိမ်မဲပေးနိုင်ခြင်းမရှိစေရန်အတွက် မဲရုံများတွင် ထိုဒေသအတွင်း အခြေချနေထိုင်သည့် ဒေသခံများကို ထည့်သွင်းဖွဲ့စည်းထားရှိ၍ စာအိတ်နှစ်ထပ်ဖြင့် မဲပေးခြင်းကိုလည်း စီစဉ်ဆောင်ရွက်ထားပါသည်။

စာအိတ်နှစ်ထပ်ဖြင့်မဲပေးခြင်းဆိုသည်မှာ ဆေးရုံများ၊ မသန်စွမ်းသူများအတွက် ဖွင့်လှစ်ထားသည့်မဲရုံများ၊ နိုင်ငံရပ်ခြားရှိမဲရုံများ စသည့် အထူးမဲရုံများ၌ မဲဆန္ဒရှင်များအနေဖြင့် မှတ်ပုံတင်ထားခြင်းမရှိဘဲ မဲပေးရာတွင် ၎င်းတို့ဆန္ဒပြုရွေးချယ်ထားသော နိုင်ငံရေးပါတီအမည်ပါဝင်သည့် ဆန္ဒမဲလက်မှတ်ထည့်သွင်းထားသည့် စာအိတ်နှင့် ၎င်းတို့၏မဲဆန္ဒရှင်အမှတ်၊ နေရပ်လိပ်စာများကို ရေးသားထားသောစာရွက်တို့ကို စာအိတ်အကြီးထဲသို့ စုပေါင်းထည့်သွင်း၍ မဲပေးရခြင်းဖြစ်ပါသည်။ မဲနှစ်ကြိမ်ပေးခြင်းမရှိနိုင်စေရန် ထိုသို့ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ လျှို့ဝှက်မဲပေးခြင်းစနစ်ကို မထိခိုက်စေရန်အတွက် စာအိတ်နှစ်ထပ်ဖြင့်ပေးထားသောမဲများကို နက်ဆက်လွှတ်တော်တွင်သာ ဖွင့်ဖောက်ရေတွက်ခြင်း ပြုလုပ်ပါသည်။

### မဲရေတွက်ခြင်းနှင့်မဲရလဒ်များကြေညာခြင်း

ပုံမှန်အားဖြင့် မဲရုံပိတ်ချိန်တွင် မဲရုံဝန်ထမ်းများအနေဖြင့် မဲလက်မှတ်များကို မဲရုံ၌ပင်ရေတွက်၍ ရလဒ်များနှင့် မဲလက်မှတ်များပါဝင်သောမဲပုံးများကို တစ်နိုင်ငံလုံးတွင်ဖွင့်လှစ်ထားရှိသော မဲရေတွက်စင်တာ ၂၅ ခုထဲမှ အနီးဆုံးတစ်ခုသို့ ပို့ဆောင်ပါသည်။ ထိုမဲရေတွက်စင်တာတွင် မဲမသမာမှုများ ရှိ/ မရှိစစ်ဆေး၍ ဗဟိုရွေးကောက်ပွဲကော်မတီရှိ Software စနစ်သို့ ထည့်သွင်းပါသည်။ ထို Software သည် မည်သည့် Internet နှင့်မျှ ချိတ်ဆက်ထားခြင်းမရှိသည့် Closed System ဖြစ်ပါသည်။ ထို Software က မဲမသမာမှုများ ရှိ/ မရှိကို ထပ်မံစစ်ဆေးပါသည်။ အကယ်၍ မသမာမှုများရှိသည်ကို Software က ရှာဖွေတွေ့ရှိပါက မဲရေတွက်စဉ်ကရှိနေခဲ့သည့် ဒေသကိုယ်စားပြုတရားသူကြီး၏ရှေ့မှောက်တွင် ထိုအမှုကို ကြားနာ၍ စီရင်ချက်ချပါသည်။ မဲရလဒ်များကို ဗဟိုရွေးကောက်ပွဲကော်မတီက အတည်ပြုကြေညာပါသည်။ စာအိတ်နှစ်ထပ်ဖြင့် ပေးထားသောမဲများကို နက်ဆက်လွှတ်တော်တွင်သာ ဖွင့်ဖောက်ရေတွက်ပါသည်။ အဖွဲ့တစ်ဖွဲ့က စာအိတ်အကြီးထဲတွင်ပါရှိသည့် မဲဆန္ဒရှင်၏အချက်အလက်များနှင့် ၎င်းတို့မဲပေးရမည့်မဲရုံမှ မဲဆန္ဒရှင်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးပါသည်။ မဲနှစ်ကြိမ်ပေးပြီးဖြစ်ပါက ၎င်းတို့အမည်ကို မျဉ်းသား၍ခြစ်ပစ်ပါသည်။ ထိုသို့မဟုတ်ပါက ဆန္ဒမဲလက်မှတ်ပါဝင်သောစာအိတ်ကို အခြားအဖွဲ့တစ်ဖွဲ့သို့ပေး၍ ထိုအဖွဲ့က ဖွင့်ဖောက်၍ မဲရေတွက်ပါသည်။ ထိုနည်းအားဖြင့် လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ထိန်းသိမ်းထားရှိပါသည်။

### အချိုးကျကိုယ်စားပြုတွက်ချက်ပုံ (၂၄ ကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲ)

| | | |
|---|---|---|
| ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း | - | ၆၅၇၈၀၈၄ ဦး |
| ခိုင်လုံမဲ | - | ၄၄၁၀၀၅၂ |
| ကိုယ်စားလှယ်နေရာရရှိရန် ပါတီများအနေဖြင့် အနည်းဆုံးလိုအပ်သည့် ခိုင်လုံမဲအရေအတွက် | - | ခိုင်လုံမဲ ၄၄၁၀၀၅၂ ၏ ၃.၂၅ % = ၁၄၃၃၂၇ |

စာမျက်နှာ ၂၁ သို့ ✪

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်၊ ဆီနှင့် ပဲတို့ လှူဒါန်း

**ကော့သောင်း စက်တင်ဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်၊ ဆီနှင့် ပဲတို့ကို လှူဒါန်းပေးလျက်ရှိရာ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူဟိန်းစိုး၊ ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများသည် ကော့သောင်းခရိုင်အတွင်းရှိ နိဗ္ဗာန်အေးကျောင်းတိုက်၊ ပတ္တမြားကျောင်းတိုက်၊ ဗုဒ္ဓါနုဿတိကျောင်းတိုက်တို့အား ဆွမ်းဆန် ၂၅ အိတ်၊ ဆီ ၂၈ ဒသမ ၅ ပိဿာ၊ ပဲ ၅၇ ပိဿာတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ပရိယတ္တိစာသင်တိုက်များသို့ ယနေ့အထိ လှူဒါန်းမှုစုစုပေါင်း ဆွမ်းဆန် ၅၇ အိတ်၊ ပဲ ၁၆၆ ပိဿာနှင့် ဆီ ၈၃ ပိဿာတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**ငွေကြယ်**





# လှည်းကူး၊ မှော်ဘီနှင့် သန်လျင်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်၊ ဆီ၊ ပဲနှင့် အလှူငွေတို့ ဆက်ကပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အောင်တံခွန် ပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ် မဟာဝိဟာရကျောင်း၊ သန်လျင်မြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်တို့သို့ ယနေ့နံနက်ပိုင်းတွင် သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ဆွမ်းဆန်၊ ဆီ၊ ပဲနှင့် ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် လှည်းကူးမြို့နယ် အောင်တံခွန်ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူသော သံဃာအပါး ၅၀ အတွက် ဆန် ၁၀ အိတ်၊ ဆီ ပိဿာ ၃၀၊ ပဲ ၃၆ ပိဿာ၊ ဝတ္ထုငွေ၊ မှော်ဘီမြို့နယ် မဟာဝိဟာရကျောင်း၌ ဝါဆိုဝါကပ်တော်မူသော သံဃာအပါး ၉၀၀ အတွက် ဆန်အိတ် ၅၀၊ ဆီ ပိဿာ ၁၀၀ ၊ ပဲ ၁၄၄ ပိဿာ၊ ဝတ္ထုငွေနှင့် သန်လျင်မြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ်၌ ဝါဆိုဝါကပ်တော်မူသော သံဃာ ၁၀၈ ပါးအတွက် ဆန် ၂၂ အိတ်၊ ဆီ ၆၅ ပိဿာ၊ ပဲ ၈၄ ပိဿာနှင့် ဝတ္ထုငွေတို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၂၀ မှ

ကိုယ်စားလှယ်တစ်နေရာအတွက် မဲရရှိရမည့်ခိုင်လုံမဲပမာဏ − (ခိုင်လုံမဲ ၄၄၁၀၀၅၂) / (နက်ဆက်လွှတ်တော် ကိုယ်စားလှယ်အရေအတွက် (၁၂၀)) = ၃၆၂၁၀ မဲ

စုစုပေါင်းခိုင်လုံမဲအရေအတွက် ၁၄၃၃၂၇ နှင့်အထက် ရရှိထားသော နိုင်ငံရေးပါတီများသည် ၎င်းရရှိထားသောစုစုပေါင်းခိုင်လုံမဲထဲမှ ၃၆၂၁၀ မဲအတွက် ကိုယ်စားလှယ်နေရာတစ်နေရာရရှိမည် ဖြစ်ပါသည်။

## ၂၀၂၁ ခုနှစ် အစ္စရေးနိုင်ငံရွေးကောက်ပွဲ

အစ္စရေးနိုင်ငံ၏ နက်ဆက်လွှတ်တော်ရွေးကောက်ပွဲကို ၂၀၂၁ ခုနှစ် မတ်လ ၂၃ ရက်နေ့က ကျင်းပခဲ့ပါသည်။ နက်ဆက်လွှတ်တော် ကိုယ်စားလှယ်နေရာ ၁၂၀ အတွက် ကျင်းပခြင်းဖြစ်ပါသည်။ ထိုရွေးကောက်ပွဲမှာ နှစ်နှစ်အတွင်းလေးကြိမ်မြောက်ကျင်းပသော ရွေးကောက်ပွဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် Haredi Judaism (အကြမ်းဖက်မှုနှင့်စစ်ပွဲများကိုဆန့်ကျင်သည့် ဂျူးလူမျိုး) များ တပ်မတော်တွင် မဖြစ်မနေစစ်မှုထမ်းရမည့်ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ အကျင့်ပျက်ခြစားမှုနှင့်စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အတွင်း အငြင်းပွားမှုများကို ဖြေရှင်းနိုင်ခြင်းမရှိသည့်အဆုံး အစိုးရအဖွဲ့ကိုဖျက်သိမ်း၍ ၂၀၁၉ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် (၂၁) ကြိမ်မြောက်နက်ဆက်လွှတ်တော်ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ သို့သော်လည်း ၂၀၁၉ ခုနှစ် မေလတွင် ဝန်ကြီးချုပ်ရာထူးခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ပြဿနာတစ်ရပ်ဖြစ်ပေါ်သောကြောင့် လွှတ်တော်ကို ဖျက်သိမ်းခဲ့ကြပါသည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် (၂၂) ကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲကို ထပ်မံကျင်းပခဲ့ပါသည်။ အနိုင်ရပါတီနှစ်ခုအကြား သဘောထားကွဲလွဲမှုများထပ်မံဖြစ်ပွားခဲ့သောကြောင့် (၂၂) ကြိမ်မြောက်လွှတ်တော်ကိုလည်း ထပ်မံဖျက်သိမ်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့တွင် (၂၃) ကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲကို ထပ်မံကျင်းပခဲ့ပြီးနောက် Likud ပါတီနှင့် Blue and White ပါတီတို့အကြား သဘောတူလက်မှတ်ရေးထိုးထားသော မဟာမိတ်ဖွဲ့စည်းခြင်းသဘောတူညီချက်အရ နောက် ၃၆ လအကြာတွင် ရွေးကောက်ပွဲကို ကျင်းပရန်ဖြစ်သော်လည်း နက်ဆက်လွှတ်တော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့အထိ အစ္စရေးနိုင်ငံ၏ နိုင်ငံတော်ဘဏ္ဍာငွေအသုံးစရိတ်ကို အတည်ပြုနိုင်ခြင်းမရှိသည့်အခြေအနေကြောင့် ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း နက်ဆက်လွှတ်တော်ကို ဖျက်သိမ်း၍ ၂၀၂၁ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် (၂၄) ကြိမ်မြောက် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲသည် နှစ်နှစ်အတွင်း လေးကြိမ်မြောက်ကျင်းပသော ရွေးကောက်ပွဲဖြစ်လာခဲ့ပါသည်။

၂၀၂၁ ခုနှစ် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲတွင် ထူးခြားချက်အနေဖြင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် မဲရေတွက်ရာတွင် မဲအပိုများကို ပေါင်းစပ်၍ရေတွက်ခြင်းသဘောတူညီချက် (Surplus Vote Agreements) ကို ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ Surplus Vote Agreements ကို အသုံးပြုနိုင်ရန်အတွက် ၃ ဒသမ ၂၅ ရာခိုင်နှုန်းနှင့်အထက် ခိုင်လုံမဲရရှိထားသော နိုင်ငံရေးပါတီများ၏ ခိုင်လုံမဲစုစုပေါင်းကို အထက်တွင်ဖော်ပြခဲ့သောနည်းအတိုင်း တွက်ချက်၍ ကိုယ်စားလှယ်နေရာများကျန်ရှိနေပါက −

Surplus Vote Agreement လုပ်ထားသော နိုင်ငံရေးပါတီနှစ်ခု၏ ကျန်ရှိနေသောမဲ / ထိုပါတီနှစ်ခုမှ ရရှိထားသောကိုယ်စားလှယ်နေရာအရေအတွက်+၁

ကိုအသုံးပြု၍ တွက်ချက်ပြီး အများ၊ အနည်းလိုက်စီကာ ကျန်ရှိနေသော ကိုယ်စားလှယ်နေရာများ ခွဲဝေနိုင်ရေးကို ထပ်မံတွက်ချက်ပါသည်။ Surplus Vote Agreement လုပ်ထားသော နိုင်ငံရေးပါတီများအနေဖြင့် ထပ်မံရရှိလာသော ကိုယ်စားလှယ်နေရာခွဲဝေရာတွင် ကျန်ရှိနေသော မဲအရေအတွက်ပိုမိုများသည့်ပါတီက ကိုယ်စားလှယ်နေရာပိုမိုရရှိမည် ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၁၂ ခုအနေဖြင့် Surplus Vote Agreement ပြုလုပ်ခဲ့ကြပါသည်။ ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲမတိုင်မီ နိုင်ငံရေးပါတီများအနေဖြင့် ပါတီခေါင်းဆောင်ရွေးချယ်ခြင်း ရွေးကောက်ပွဲများနှင့် ပါတီများမှ တင်သွင်းမည့် ကိုယ်စားလှယ်လောင်းများရွေးချယ်ခြင်း ရွေးကောက်ပွဲများကို ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံရေးပါတီပေါင်း ၃၉ ပါတီမှ ၂၀၂၁ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပါတီ ၁၃ ခုက လွှတ်တော်ကိုယ်စားလှယ်နေရာများကို အသီးသီးခွဲဝေရရှိခဲ့ပါသည်။ ကိုယ်စားလှယ်နေရာအများဆုံး ၃၀ နေရာကိုမူ Likud ပါတီမှ ရရှိခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၆၅၇၈၀၈၄ ဦးအနက် ၄၄၃၆၃၆၅ ဦး လာရောက်မဲပေးခဲ့ကြသည့်အတွက် မဲပေးခဲ့သည့်ရာခိုင်နှုန်းမှာ ၆၇ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ ခိုင်လုံမဲစုစုပေါင်း ၄၄၁၀၀၅၂ မဲ ရရှိခဲ့ပါသည်။ မဲရုံပေါင်း ၁၃၆၈၅ ရုံဖွင့်လှစ်ထားရှိခဲ့ပါသည်။ ထူးခြားဖြစ်စဉ်အနေဖြင့် မဲရုံများတွင် ကင်မရာများ တပ်ဆင်ထားမှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာတင်သွင်းမှုများရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နက်ဆက်လွှတ်တော်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် အလှည့်ကျတာဝန်ထမ်းဆောင်သည့်စနစ်ဖြင့် တာဝန်ထမ်းဆောင်မည့်အစိုးရအဖွဲ့ကို တရားဝင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

## နိဂုံး

နိဂုံးချုပ်အားဖြင့် အစ္စရေးနိုင်ငံသည် အနောက်အာရှနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများထဲ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ပညာရေးအခြေအနေအားဖြင့် အဆင့်မြင့်ပညာရေးစနစ်ကိုကျင့်သုံး၍ ပညာရည်မြင့်မားသည့် လူမှုအသိုက်အဝန်းတစ်ခုကို တည်ဆောက်လျက်ရှိသောနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်နှင့် မြင့်မားသည့်နည်းပညာများ၏ ကျောထောက်နောက်ခံပြုကာ စီးပွားရေးကဏ္ဍများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အစ္စရေးနိုင်ငံသည် စစ်ပွဲများအချိန်မရွေးဖြစ်ပွားနေသည့်နိုင်ငံဖြစ်သောကြောင့် စစ်ရေးအခြေအနေအရ ငြိမ်သက်မှုမရှိသော်လည်း တည်ငြိမ်သည့်နိုင်ငံရေးအခြေအနေဖြစ်ပေါ်လာရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ခွဲဝေကျင့်သုံးလျက်ရှိပါသည်။ ၎င်းတို့နိုင်ငံနှင့် သင့်လျော်သောအချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံးကာ ရွေးကောက်တင်မြှောက်ထားသော နိုင်ငံရေးပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ညွှန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့စည်းကာ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**Ref:**

https://en.wikipedia.org/wiki/Israel https://en.wikipedia.org/wiki/April_2019_Israeli_legislative_election

https://en.wikipedia.org/wiki/September_2019_Israeli_legislative_election

https://en.wikipedia.org/wiki/2020_Israeli_legislative_election

https://en.wikipedia.org/wiki/2021_Israeli_legislative_election

https://en.wikipedia.org/wiki/Thirty-sixth_government_of_Israel

https://knesset.gov.il/description/eng/eng_mimshal_res24.htm

https://bechirot24.bechirot.gov.il

# စက်တင်ဘာ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၃၁၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၈-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၅,၆၂၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၃၁၀) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၈၈၂,၃၅၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၂၅,၄၁၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၆၂၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၇၃,၂၁၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၂၆၅) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၉-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၏ ဓာတ်ခွဲခန်းများ | (၅၅၇)ခု | (၉၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၇)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၃၂)ခု | (၁၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၇)ခု | (၄၈)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၈)ခု | (၁၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၇၈)ခု | (၁၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၆၄)ခု | (၂၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၂,၇၃၉)ခု | (၁,၉၀၂)ဦး |
| စုစုပေါင်း | (၂၅,၆၂၂)ခု | (၂,၃၁၀)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၃၉၈၂၀၇ | ၃၁၆၆၇၅၀၇ | ၆၇၁၁၈၈ |
| ၂။ | အိန္ဒိယ | ၃၃၁၃၉၉၈၁ | ၃၂၃၀၄၆၁၈ | ၄၄၁၇၈၂ |
| ၃။ | ဘရာဇီး | ၂၀၉၂၈၀၀၈ | ၁၉၉၆၆၆၉၃ | ၅၈၄၄၅၈ |
| ၄။ | ဗြိတိန် | ၇၀၉၄၅၉၂ | ၅၆၉၆၅၉၃ | ၁၃၃၆၇၄ |
| ၅။ | ရုရှား | ၇၀၈၄၂၈၄ | ၆၃၄၀၁၅၁ | ၁၉၀၃၇၆ |
| ၆။ | ပြင်သစ် | ၆၈၆၆၈၅၆ | ၆၄၆၄၄၁၆ | ၁၁၅၂၅၉ |
| ၇။ | တူရကီ | ၆၅၆၆၅၆၈ | ၆၀၂၄၄၉၇ | ၅၈၉၁၃ |
| ၈။ | အီရန် | ၅၂၃၇၇၉၉ | ၄၄၈၁၈၁၄ | ၁၁၂၉၃၅ |
| ၉။ | အာဂျင်တီးနား | ၅၂၁၅၃၃၂ | ၄၉၁၂၃၉၀ | ၁၁၂၉၆၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၂၃၁၉၇ | ၄၇၅၈၉၈၃ | ၁၂၅၄၂၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၅၃၃၅၅ | ၃၈၈၇၄၁၀ | ၁၃၈၁၁၆ |
| ၂။ | ဖိလစ်ပိုင် | ၂၁၆၁၈၉၂ | ၁၉၆၀၄၈၇ | ၃၄၇၃၃ |
| ၃။ | မလေးရှား | ၁၉၀၀၄၆၇ | ၁၆၃၂၆၃၁ | ၁၉၁၆၃ |
| ၄။ | ထိုင်း | ၁၃၃၈၅၅၀ | ၁၁၈၁၇၈၁ | ၁၃၇၃၁ |
| ၅။ | ဗီယက်နမ် | ၅၇၆၀၉၆ | ၃၃၈၁၇၀ | ၁၄၄၇၀ |
| ၆။ | မြန်မာ | ၄၂၅၄၁၄ | ၃၇၃၂၁၉ | ၁၆၂၆၅ |
| ၇။ | ကမ္ဘောဒီးယား | ၉၇၅၂၄ | ၉၂၄၉၅ | ၂၀၀၇ |
| ၈။ | စင်ကာပူ | ၆၉၅၈၂ | ၆၇၂၁၂ | ၅၆ |
| ၉။ | လာအို | ၁၆၇၄၂ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၃၈၃၁ | ၂၃၁၃ | ၁၇ |

## အင်းစိန်မြို့နယ်သို့ အောက်ဆီဂျင်စက်သစ်တစ်လုံးရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ပါဝင်အားပေးကူညီမှု၊ မတည်အလှူရှင်များနှင့် အလှူရှင်အသီးသီးတို့၏ စုပေါင်းလှူဒါန်းမှုတို့ဖြင့် ဝယ်ယူထားသော တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ ထုတ်လုပ်အသုံးပြုနိုင်မည့် အောက်ဆီဂျင်စက်သစ်နှင့် ဆက်စပ်ပစ္စည်းများ ယမန်နေ့က ရောက်ရှိခဲ့ပြီဖြစ်သည်။

အဆိုပါအောက်ဆီဂျင်စက်ကို ကွက်သစ်ရပ်ကွက် ဘုရင့်နောင်လမ်း မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ပေးဆပ်သူတို့ဆုံဆည်းရာ စိန်ရတနာ နာရေးကူညီမှုအသင်းကြီး၏ မူလကားဂိုဒေါင်အဆောက်အအုံစက်ရုံထဲသို့ ယနေ့ ပြောင်းရွှေ့နေရာချထား၍ အမြန်ဆုံးလုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

အချို့ကို ရောင်းချထုခွဲလျက် လုပ်ငန်းကို မပျက်စေခဲ့။ အခြေအနေကို သိသိသာသာ မပျက်ယွင်းစေဘဲ ထိန်းသိမ်းနိုင်စွမ်းရှိခဲ့သည်မှာ ဘွားဘွား၏ ကျေးဇူးကြောင့်သာ ဖြစ်ပါသည်။

ယခင်က ပျဉ်ထောင်အိမ်နေရာတွင် တိုက်ဆောက်ခဲ့သည်။ အခြေအနေက ယခင်ကထက်ပင် ကောင်းနေသယောင် ရှိခဲ့သည်။

မိသားစုတစ်စုလုံး၏ ကျေးဇူးရှင်ဖြစ်စေကာမူ ဘွားဘွားသည် ယင်းကျေးဇူးတရားအတွက် မည်သည့်အခါကမျှ ဝင့်ကြွားခြင်းမရှိ။ ကိန်းခန်းမကြီး။

ဘွားဘွားသည် အစဉ်လိုပင် ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ ပတ်ဝန်းကျင်နှင့် တသီးတသန့် နေတတ်နေစေကာမူ အိမ်သားများနှင့်ဆိုလျှင် ရယ်ရယ်မောမော ရွှင်ရွှင်ပျပျ ရှိတတ်သည်ချည်းပင်။

သို့စဉ်လျက် ဘွားဘွားသည် ဖေဖေ့အပေါ်၌ အိမ်ရှိ အခြားသူများနည်းတူ လေးစားခန့်ညားသည်သာ။ အကြောင်းမရှိဘဲ စကားမဆိုး၊ မရောနှော။ အကြောင်းရှိသည်ဆိုလျှင်တော့ ပြောရဲဆိုရဲရှိသည်။

မီးလောင်ပြီးသည့်နောက်ပိုင်းတွင် ဖေဖေသည် ယခင်ကထက် စိတ်ထက်လာသည်ဟု ပြောကြသည်။ လောကတွင် သူ မကျေနပ်သောအရာ ပိုမိုများပြားလာဟန်တူသည်။ လူအများနှင့် ဆက်ဆံရာတွင် အစဉ်လိုပင် မယုံသင်္ကာရှိသည်။ မာကျောခက်ထန်သည်။ ရံခါတွင် ဒေါသတကြီး ရှိတတ်သည်။ အများအားဖြင့် သူသည်လည်း သူ့ဘာသာသူ တသီးတသန့် နေလေ့ရှိသည်ပင်ဖြစ်ပါသည်။


ဖေဖေသည် မိမိအား ချစ်သည် မချစ်သည်ဟု ခင်ခင်ကြီး ခွဲခွဲခြားခြား ကွဲကွဲပြားပြား နားလည်၍မရပေ။

မှတ်မိသည့် အသက်အရွယ်မှစကာ ဖေဖေ၏ တယုတယ ထွေးပွေ့ခြင်း၊ နမ်းရှုပ်ခြင်းများကို တစ်ကြိမ်တစ်ခါမျှ မခံစားရသည်တော့ အမှန်။ ဖေဖေသည် ချစ်ခင်နှစ်သက်သော အရိပ်အသွင်ကိုလည်း ဘယ်အခါမျှ မပြတတ်။ ဤသည်မှာ မိမိတစ်ယောက်တည်းအပေါ်တွင်သာ မဟုတ်၊ ကိုကို့အပေါ်တွင်လည်း ထိုနည်းနှင်နှင်။ ခင်ခင်ကြီးရော ကိုကိုပါ ဖေဖေဆိုလျှင် အနားမကပ်ဘဲနေဖို့ အလိုလို သတိရှိကြသည်။ ဖေဖေ့အသံကြားလျှင် တစ်ချောင်ချောင်၌ ကုပ်၍ ငြိမ်နေရစမြဲ။

ကြာတော့လည်း ဖေဖေဟူသည်မှာ ချစ်ခင်ရဖို့ထက် လေးစားကြောက်ရွံ့ဖို့အတွက်ရှိနေသည့် လူတစ်ယောက်ဟုသာ စိတ်မှာ ထင်မိတော့သည်။

ဖေဖေ့တွင် အားနည်းချက်တစ်ရပ်ရှိသည်။ ၎င်းမှာ ဖေဖေ၏ ခြေတစ်ဖက်ဆာနေခြင်းဖြစ်သည်။ ရံခါတွင် အနာဟောင်းထလျက် ကုသရတတ်သေးသည်။

ဖေဖေ့အားနည်းချက်သည် ခင်ခင်ကြီးတို့ထံ ကူးစက်လာသည်။ ကျောင်းတွင် ဖေဖေနှင့်ပတ်သက်၍ အလှောင်အစ ခံရသည်။ အရယ်အမော ခံခဲ့ကြရသည်။ တစ်ကြိမ်တွင် ယင်းကိစ္စနှင့်ပတ်သက်ကာ ကိုကို ရန်ဖြစ်ခဲ့ဖူးသည်။ ကျောင်းသားချင်း သတ်ပုတ်ခဲ့ရဖူးသည်။ သည်ကစ၍ ခင်ခင်ကြီးနှင့် ကိုကိုတို့တွင် အပေါင်းအဖော်နည်းခဲ့ကြလေသည်။




ဖေဖေသည် အနေအထိုင်အပေါ်တွင်လည်း စေ့စေ့စပ်စပ်မြင်တတ်သည်။
ဖေဖေ့ရှေ့မှာဆိုလျှင် ခြေနင်းသည်မှအစ သတိထားရသည်။
ဖွဖွညင်ညင် နင်းရသည်။ ခြေသံထွက်လာပါက ဖေဖေ၏မျက်စောင်းနှင့် ဆုံရတတ်သည်။
"ခင်ခင်ကြီး ခြေထောက်နင်းတာကို ပြင်နင်းစမ်း။
နောက်တစ်ခါ ဒီလိုအသံ ထွက်အောင်နင်းရင် ရိုက်အချိုးပဲမှတ်"

တစ်ခါတစ်ရံ လုပ်ငန်းအဆင်မပြေသည့် အခါများတွင် ဖေဖေ၏ အသွင်သဏ္ဌာန်မှာ ကြောက်မက်ဖွယ် ကောင်းလှလေသည်။ ရှူးရှူးရှားရှားရှိတတ်သည်။ အော်ကြီးဟစ်ကျယ် မြည်တွန်တောက်တီးတတ်သည်။ ဖေဖေ ဒေါသတကြီးရှိသည်ကိုမြင်ရလျှင် ငယ်စဉ်က ဘွားဘွားတို့ မေမေတို့ ရင်ခွင်မှာ ဝင်၍ ပုနေတတ်သည်။ ယခုအခါတွင်တော့ မိမိအတွက်ရရှိထားသော အခန်းအတွင်းဝင်ကာ တံခါးကို မင်းတုပ်ချလျက် ပုန်းအောင်းနေမိတတ်သည်။

ဖေဖေသည် အနေအထိုင်အပေါ်တွင်လည်း စေ့စေ့စပ်စပ်မြင်တတ်သည်။

ဖေဖေ့ရှေ့မှာဆိုလျှင် ခြေနင်းသည်မှအစ သတိထားရသည်။ ဖွဖွညင်ညင် နင်းရသည်။ ခြေသံထွက်လာပါက ဖေဖေ၏မျက်စောင်းနှင့် ဆုံရတတ်သည်။

"ခင်ခင်ကြီး ခြေထောက်နင်းတာကို ပြင်နင်းစမ်း။ နောက်တစ်ခါ ဒီလိုအသံ ထွက်အောင်နင်းရင် ရိုက်အချိုးပဲမှတ်" ဟု ဆိုတတ်သည်။

လသာဆောင်တွင် ထွက်ရပ်နေခြင်းမျိုး၊ ခြံဝင်းတံခါးရှိ အုတ်ခုံတွင် ထိုင်နေခြင်းမျိုးကို ဖေဖေ ဘယ်အခါမျှ ခွင့်မပြု။ မြင်လျှင် အအော်အငေါက် ခံရသည်ချည်းပင်။ လူတကာနှင့် စကားပြောသည်ကိုလည်း ဖေဖေ မနှစ်ခြိုက်။

သို့ရာတွင် ဖေဖေသည် သားသမီးများကို ဘယ်အခါမျှ ရိုက်နှက်လေ့မရှိ။ တုတ်နှင့်ပင် မရွယ်စဖူး။

မေမေကမူ စိတ်အခန့်မသင့်လျှင် ဒိုးခနဲဒေါက်ခနဲ ခေါက်တတ်သေးသည်။ ဝါးစိမ်းပြားဖြင့် ခပ်ဆတ်ဆတ် ရိုက်တတ်သေးသည်။ သို့ပေမဲ့ မေမေ့ကိုမူ မကြောက်။ ဖေဖေနှင့်စာလျှင် အပုံတစ်ရာပုံ တစ်ပုံပင် မကြောက်။

တစ်အိမ်သားလုံးအနက် ခင်ခင်ကြီး အချစ်ဆုံးမှာ မေမေသာပင်။ အမြတ်နိုးဆုံးမှာလည်း မေမေသာပင်။ မေမေသည် အေးဆေးတည်ငြိမ်လျက် သိမ်မွေ့နူးညံ့သော မိန်းမတစ်ယောက်ဖြစ်သည်။ မေမေ့တွင် မာန်သော်လည်းကောင်း၊ မာနသော်လည်းကောင်း မရှိ။

မေမေ၏ မျက်နှာသည် အစဉ်လို ချိုပြုံးသည်။ မေမေ့မျက်လုံးများသည် ထာဝစဉ် သိမ်မွေ့ခြင်းဖြင့် ပြီးပြည့်နေသည်။ မေမေ့အသံသည် သာသည်။ "မြလေး" ဟူသောအမည်နှင့် လိုက်ဖက်စွာ မေမေ့ကိုကြည့်ရသည်မှာ အေးမြသည်။

မေမေ၏အသွင်အပြင်ကလည်း နှစ်ခြိုက်စွာပင်။ အညာသူဆိုပေမဲ့၊ ရေနံမြေမှာ ဖွားမြောက်ခဲ့သူဆိုပေမဲ့ အသားမည်ို၊ ဖြူဆွတ်သည်။ ယခင်ကတော့ ပါးပါးလျားလျား ပိန်ပိန်သွယ်သွယ်ပင်ဖြစ်သည်ဟု ဆိုသည်။ ယခုမူ အတန်ငယ်ဝသည်။ အသားတက်လာသည်နှင့်အမျှ အသွင်မှာ ခန့်လာသည်။

ဖေဖေ့အား ကြောက်ရွံ့ရသည့်အထဲတွင် မေမေသည် ထိပ်ဆုံးက ပါဝင်နေသည်ဟု ခင်ခင်ကြီးထင်သည်။ ဖေဖေက သေလိုလျှင်သေ၊ ရှင်ဆိုလျှင်ရှင်ရမည့် မိန်းမအမျိုးအစား ဖြစ်ပုံရသည်။ ဖေဖေက စကားစမပြောလျှင် မေမေကလည်း ခပ်မဆိတ်ပင်နေသည်။ အကြောင်းတစ်စုံတစ်ရာရှိ၍ စကားစပြောရမည်ဆိုပါက မိခင်ဖြစ်သူကိုသာ လွှဲတတ်သည်။ ဖေဖေကိုယ်တိုင်ကလည်း ဘွားဘွားကျတော့ လေးစားခြင်းရှိသည်။ သို့ဖြစ်၍လည်း ဘွားဘွားမှာ မေမေနှင့် ဖေဖေ့အကြားတွင် ဆက်သွယ်ရေးကိုရိယာ ဖြစ်နေရလေသည်။

တော်ရုံလျော်ရုံ ကိစ္စသာဆိုပါက အားလုံးက ဖေဖေ့အား အသိမပေးရန် အလိုလိုနားလည်ကြသည်။ အလိုလို သို့ဝှက်ဖုံးကွယ်ပြီးသား ဖြစ်နေတတ်သည်။ သည်အထိ ဖေဖေ့ကို ကြောက်ကြသည်။ ဖေဖေ့ကို ရှောင်ကြသည်။ "သူက အလကားနေရင်း လောကကြီးနဲ့ ရန်ဖြစ်နေတတ်တဲ့ လူစား"ဆိုသောစကားကို မကြာခဏ ထည့်သွင်းပြောကြားတတ်ကြသည်။

အိမ်မှာ ဖေဖေရှိလျှင် ကြွက်တစ်မြီ အတွင်း ကြောင်တစ်ကောင်ရောက်လာသည့်ပမာ အနေကျဉ်းကျပ်ကြသည်။ ဖေဖေအပြင်ထွက်ပြီဆိုလျှင်ကား "ရေနံ့သာ" မှာ ပြန်လည်လှုပ်ရှား အသက်ဝင်လာသည်သို့ ရှိပါ၏။

နံနက်ပိုင်းတွင် ဖေဖေ လမ်းလျှောက်လေ့ရှိသည်။ ထိုကြောင့်ပင် အိမ်မှာ သာသာယာယာရှိသည်။ ဖေဖေမရှိချိန်မို့ ဘွားဘွားကိုယ်၌ ခင်ခင်ကြီးအား စဝံ့သည်။ ရယ်ရယ်မောမောရှိသည်။ ဖေဖေလမ်းလျှောက်ရာမှ ပြန်ရောက်လာလျှင်ကား ပြန်လည်တိတ်ဆိတ်ငြိမ်သက်နေပေလိမ့်ဦးမည်ပင်။

ခင်ခင်ကြီးသည် ကုလားထိုင်ပေါ်တွင် ခြေတင်၍ ထိုင်သည်။ ကော်ဖီပန်းကန်ကို ငုံ့သောက်သည်။ ယင်းအခိုက် ဘွားဘွားသည် မီးဖိုခန်းမှသည် ထမင်းစားခန်းသို့ ကူးလာသည်။ ထိုမှတစ်ဆင့် ဧည့်ခန်းဘက်သို့အထွက်၌ ခင်ခင်ကြီးကိုလှမ်းပြောသွားသည်။

"ခင်ခင်ကြီး ညည်းထိုင်နေတာ ညည်းအဖေရဲ့ ကုလားထိုင် သိလား"

ထို့နောက် ဘွားဘွားသည် ဧည့်ခန်းအတွင်း ဝင်ရောက်ပျောက်ကွယ်သွားသည်။

ခင်ခင်ကြီးကား ဟန်မပျက်။ ထိုင်လက်စအတိုင်း ထိုင်နေမြဲပင်။

နောက်တစ်ကြိမ် ဘွားဘွား ထမင်းစားခန်းသို့ ပြန်ဝင်လာသည်။

"ခင်ခင်ကြီး ညည်းမှာ နားမပါဘူးလား။ ပြောနေတာ မကြားဘူးလား"

ခင်ခင်ကြီးသည် နေရာတွင် ထိုင်မြဲထိုင်နေသည်။

သည်တော့လည်း ဘွားဘွားသည် ဒေါသဖြစ်လာမိဟန်တူသည်။

ခင်ခင်ကြီးအနီးသို့ ချဉ်းကပ်လာသည်။ နားရွက်ကို ဆွဲလိမ်လိုက်သည်။

"ထစမ်း၊ ထစမ်း၊ ကိုယ့်နေရာကိုယ်ထိုင်စမ်း"

အစသော် ခင်ခင်ကြီးသည် နားအနာခံလျက် ပေထိုင်နေသည်။ ကြာသော် အလွန်အမင်း နာလာသောကြောင့် ထိုင်ရာမှ ထမိသည်။

"အလာလာ၊ နာတယ်ဘွားဘွားရဲ့။ လွှတ်ပါ။ နားရွက်ပြတ်တော့မယ် ဘွားဘွားရဲ့" စသည်ဖြင့် အော်ဟစ်နေသည်။

ဘွားဘွားက အခြားကုလားထိုင်တွင် ထိုင်မိတော့မှ နားရွက်ကိုလွှတ်ပေးသည်။ ခင်ခင်ကြီး၏နားရွက်မှာ နီရဲသွားသည်။ သွေးခြည်ဥလာသည်။

"ဘွားဘွားတို့များ သိပ်ရက်စက်တာပဲ။ ကိုယ်မွေးထားတာမဟုတ်တိုင်း"

ခင်ခင်ကြီးက မကျေမနပ် ရေရွတ်သည်။ နာသွားသောနားရွက်ကို ပွတ်နေသည်။

ဘွားဘွား သက်ပြင်းရှိုက်သည်။

"မိခင်ကြီး ညည်းတစ်ယောက်ကတော့ အတော့်ကို အပြောရအဆိုရကျပ်တဲ့ မိန်းကလေးပဲ။ အစစအရာရာ ကလန်ကဆန်နဲ့။ တစ်နေ့ကျရင် ညည်းအဖေနဲ့တွေ့မယ်"

"ဘွားဘွားတို့မှာလည်း တစ်ခါလာလည်း ဖေဖေနဲ့ခြောက်၊ တစ်ခါလာလည်း ဖေဖေနဲ့လှန့်။ ဒါပဲ ဘွားဘွားတို့သာ သေလုအောင်ကြောက်နေ။ ခင်ကြီးတော့ မကြောက်ပေါင်"


**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်



၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။


# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် မြဝတီကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီခြောက်ခုမှ ယာဉ်စီးရေ ကိုးစီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၁၆ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၉၁၂၅ ခု၊ Oxygen Plant နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၀၉ ခု၊ လက်အိတ်ခြောက်တန်နှင့် နှာခေါင်းစည်း ၁၅၁၇ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant နှစ်ခုမှာ ရန်ကုန်မြို့နှင့်ဝိုင်းမော်မြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများတင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**





# တစ်ရက်လျှင် အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်

**ကလေး စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအတွက် အသုံးပြုနိုင်ရန် ကလေးဝမြို့နယ် မဟာမြိုင်တောရ သဲဖြူဆရာတော် ဘဒ္ဒန္တပညာဓောတနှင့် အလှူရှင်များက လှူဒါန်းသော အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုများကို ဒေသကွပ်ကဲရေး စစ်ဌာနချုပ် (ကလေး)မှ ဗိုလ်မှူးကြီး သန့်ဇင်ဦးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်စက်နှင့် စက်ပစ္စည်းများသည် စက်တင်ဘာ ၆ ရက်တွင် မန္တလေးမြို့မှ ကလေးမြို့သို့ရောက်ရှိခဲ့ပြီး စက်ရုံထားရှိသည့်မြေနေရာ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ မီးလိုင်းသွယ်တန်းခြင်းများကို နယ်မြေခံဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)များဖြင့် ဆောင်ရွက်နေမှုများကို ကလေးတပ်နယ်မှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှူဒါန်းလျက်ရှိ**

ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိလူနာများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို အထောက်အကူ ဖြစ်စေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ သယ်ဆောင်ပေးပို့ လှူဒါန်းလျက်ရှိပြီး အဆိုပါ KHO-30 အမျိုးအစား အောက်ဆီဂျင်စက်သည် တစ်ရက်လျှင် လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုး အလုံး ၂၀၀ ကို ထုတ်လုပ်နိုင်မည်ဖြစ်ရာ စက်တင်ဘာလ တတိယပတ်အတွင်း လည်ပတ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**

# ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည် ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၁၁ ခုမှ Sulbacin Injection ၃၀၊ Nutritional Food Supplement Vitamin D3 ၂၀၃၇၀၊ Platon Injection ၃၃၀၀၊ Paxon Injection ၁၅၀၀၊ Pimcef Injection ၇၀၀၊ Carbol Injection ၂၃၀၀၊ Doxol 80MG For Solution ၁၆၀၊ Ronem Injection ၄၂၀၊ Duphaston Tablet ၃၀၀၀၊ Supralip Tablet ၂၀၀၀၊ Serc Tablets ၁၀၀၀၊ Eldicet Tablets ၂၂၉၂ ခု၊ Diretary Supplement Probiotic ၄၅၀၀၊ Meropenem Injection ၃၁၁၂၄ခု၊ Oxysav Injection ငါးခု၊ G.O Immune Soft Gel Cap ၈၃၀၄ ခု၊ Oxygen Mask ၁၂၉ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၄ ခု၊ Oxygen Concentractor Equipment ၁၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Mask ၃၀၀၀၊ မျက်နှာကာ ၁၂၆၀၀၀၊ Oximeter ၆၀၀၀၀၊ Oxygen Cylinder ၇၈၇၅ ခု၊ Oxygen Regulator ၅၅၀၀၊ Blood Pressure Monitor ၈၀၁၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၅ ခု၊ နှာခေါင်းစည်း ၁၄၉၇၉၉၆ ခု၊ လက်အိတ် ၆၀၃၄ ခု၊ Oxygen Bag ၄၀၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ Isolation Gown ၄၆၅၀၀၊ Goggles ၁၀၀၀၀ နှင့် ဆေးဝါးမျိုးစုံ ၄၆ မျိုး ၅၅၅၂၆၆ ဒသမ ၅၀၅ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ မူဆယ်) တွင် ကုမ္ပဏီ ၁၃ ခုတို့မှ Oxygen Cylinder ၂၃၅၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၅၀၊ နှာခေါင်းစည်း ၂၇၉၆၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၄၀၈ ကုဗမီတာ၊ Flow Meter ၄၄၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၁၆၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ Syringe ၂၃၆၇၄ ခု၊ Infusion ၁၈၇၂ ခု၊ Ampicillin Capsule ၁၁၇၇၈ ကီလိုဂရမ်၊ Micronazole Nitrate (Cream) ၅၀၀ ကီလိုဂရမ်၊ Surgical Gown ၇၅၀၀ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ၃၇ ပွဲဆက် ရှုံးပွဲမရှိတဲ့ ပထမဆုံးနိုင်ငံအသင်းဖြစ်လာတဲ့ အီတလီ



ဥရောပရဲ့ နာမည်ကြီးအသင်းတစ်သင်းဖြစ်တဲ့ အီတလီအသင်းဟာ စက်တင်ဘာ ၈ ရက်ညပိုင်းက လစ်သူရေးနီးယားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် နိုင်ငံအသင်းတွေထဲမှာ ၃၇ ပွဲဆက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တဲ့ ပထမဆုံးနိုင်ငံအသင်း ဖြစ်လာခဲ့ပါတယ်။

အီတလီအသင်းဟာ လစ်သူရေးနီးယားအသင်းနဲ့ ပွဲစဉ်မှာ ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးတွေကိုတော့ မွိုက်ကီယန်က ၁၁ မိနစ်နဲ့ ၂၉ မိနစ်တို့မှာနှစ်ဂိုး၊ ရက်စ်ပါဒိုရီက ၂၄ မိနစ်မှာတစ်ဂိုးနဲ့ ဒီလော်ရန်ဇိုက ၅၄ မိနစ်မှာတစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ကျန်တစ်ဂိုးကတော့ ပွဲကစားချိန် ၁၄ မိနစ်မှာ လစ်သူရေးနီးယား ကစားသမား အက်ကူစီကိုယ့်ဂိုးကို ပြန်သွင်းမိသလိုဖြစ်ခဲ့ရာကနေ ရရှိခဲ့တာဖြစ်ပါတယ်။

ယူရို ၂၀၂၀ ချန်ပီယံဆုဖလားကို မကြာသေးမီက ရရှိထားတဲ့ အီတလီအသင်းဟာ အခုလစ်သူရေးနီးယားအသင်းနဲ့ ပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်မိနစ် ၃၀ အတွင်း လေးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဟာ အသင်းရဲ့သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်လည်း ဖြစ်လာခဲ့ပါတယ်။

အီတလီအသင်းဟာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၀ ရက်က နေးရှင်းလိဂ်ပြိုင်ပွဲမှာ ပေါ်တူဂီအသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း သုံးနှစ်ကြာအထိ ရှုံးပွဲမရှိစံချိန်ကို ထိန်းထားနိုင်ခဲ့တာဖြစ်ပြီး လက်ရှိအုပ်စု(C)မှာလည်း ကစားဖို့လေးပွဲအလိုမှာ အမှတ်ပေးဇယားထိပ်ကနေ ဒုတိယနေရာက ဆွစ်ဇာလန်အသင်းကို ခြောက်မှတ်အထိဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

---



## အလက်ဇန်းဒါးဗီရက်ဗ်နဲ့ ဂျိုကိုဗစ်တို့ အမေရိကန်အိုးပင်းဆီမီးဖိုင်နယ်တွင် ထိပ်တိုက်တွေ့ဆုံ

ဂျာမနီပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အလက်ဇန်းဒါးဗီရက်ဗ်ဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းဆီမီးဖိုင်နယ်အဆင့်မှာ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အိုလံပစ်ချန်ပီယံ အလက်ဇန်းဒါးဗီရက်ဗ်ဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ တောင်အာဖရိက တင်းနစ်ကစားသမား အယ်လ်လွိုက်ဟာရစ်ကို ပြိုင်ပွဲယှဉ်ပြိုင်ချိန် နှစ်နာရီကျော် ကစားပြီး နောက် ၇-၆(၈-၆)၊ ၆-၃၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီတင်းနစ်ကစားသမား အလက်ဇန်းဒါးဗီရက်ဗ်ဟာ ဇူလိုင်လအတွင်းကလည်း တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်နဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့တဲ့အပြင် အိုလံပစ်ပြိုင်ပွဲမှာ အမျိုးသားတစ်ဦးချင်း တင်းနစ်ချန်ပီယံဆုဖလားကိုပါ ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား ဂျိုကိုဗစ်ကတော့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ အီတလီတင်းနစ်ကစားသမား ဘာရက်တီနီကိုအနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး တင်းနစ်ကစားသမားဘဝတစ်လျှောက် ၂၁ ကြိမ်မြောက် ဂရမ်းဆလန်းဆုဖလားကိုရယူနိုင်ဖို့ မျှော်လင့်ထားသူလည်း ဖြစ်ပါတယ်။

---

# ဗြိတိန်ဆယ်ကျော်သက်အရွယ် တင်းနစ်မယ် အမ်မာရာဒူကာနူ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် တက်လှမ်း

ဗြိတိန် ဆယ်ကျော်သက်အရွယ် တင်းနစ်မယ် အမ်မာရာဒူကာနူဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှာ ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါဘန်စစ်ကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကိုတက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အသက် ၁၈ နှစ်အရွယ် အမ်မာရာဒူကာနူဟာ ဘီလင်ဒါဘန်စစ်နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကွာတားဖိုင်နယ်မှာ သူ့ရဲ့ တင်းနစ်အရည်အချင်းကို အပြည့်အဝ အသုံးချနိုင်ခဲ့ပြီး ၆-၃၊ ၆-၄ ဆိုတဲ့ နှစ်ပွဲပြတ်ရလဒ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အမ်မာရာဒူကာနူဟာ အခုလိုအနိုင်ရရှိခဲ့တာကြောင့် ကမ္ဘာ့အဆင့် ၅၀ သို့ တက်လှမ်းခွင့်ရရှိတော့မှာဖြစ်ပြီး ဗြိတိန်ရဲ့ နံပါတ်တစ်တင်းနစ်မယ်တစ်ဦးဖြစ်လာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

အမ်မာရာဒူကာနူဟာ ဆီမီးဖိုင်နယ်အဆင့်မှာ မာရီယာဆက်ကာရီနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဂရိတင်းနစ်မယ် မာရီယာဆက်ကာရီဟာ ကွာတားဖိုင်နယ်အဆင့်မှာ ချက်တင်းနစ်မယ် ကာရိုလီနာပီလစ်ကိုဗာကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အမ်မာရာဒူကာနူဟာ လက်ရှိမှာ ကမ္ဘာ့အဆင့် ၁၅၀ မှာ ရှိနေတာဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၀၀ ကျော်တင်းနစ်မယ်တွေထဲက အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲအမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ တတိယမြောက်တင်းနစ်မယ်လည်း ဖြစ်လာခဲ့ပါတယ်။




ငွေကြယ် - ရေးသားသည်

---

Formula 1

## အီတလီပြိုင်ကားမောင်းပြိုင်ပွဲနဲ့ လွဲချော်ရတော့မယ့် ဖင်လန်ဖော်မြူလာဝမ်းပြိုင်ကားမောင်းသမား ရိတ်ကိုနန်





ဖင်လန်နိုင်ငံသား ဖော်မြူလာဝမ်းပြိုင်ကားမောင်းသမား ရိတ်ကိုနန်ဟာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရတာကြောင့် အခုတစ်ပတ်အတွင်းမှာ ယှဉ်ပြိုင်ကစားမယ့် အီတလီပြိုင်ကားမောင်း ပြိုင်ပွဲနဲ့ လွဲချော်ရတော့မှာ ဖြစ်ပါတယ်။

အသက် ၄၁ နှစ်အရွယ်ရှိ ရိတ်ကိုနန်ဟာ ပြီးခဲ့တဲ့တစ်ပတ်အတွင်းကကျင်းပခဲ့တဲ့ နယ်သာလန် ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ကိုဗစ်-၁၉ ရောဂါကနေ ဘယ်အချိန် ပြန်လည်သက်သာလာမယ်ဆိုတာလည်း မသိရသေးဘူးလို့ သိရပါတယ်။

ကမ္ဘာ့ချန်ပီယံဟောင်း ရိတ်ကိုနန်ဟာ အခုနှစ်ဖော်မြူလာဝမ်း ရာသီကုန်ဆုံးချိန်မှာ အနားယူတော့မှာ ဖြစ်တယ်လို့ ပြီးခဲ့တဲ့သတင်းပတ်အတွင်းက ကြေညာထားခဲ့တာဖြစ်ပါတယ်။ ရိတ်ကိုနန်ဟာ ဖော်မြူလာဝမ်းပြိုင်ကားမောင်းသမားဘဝကို ၂၀၀၁ ခုနှစ်က စတင်ခဲ့တာဖြစ်ပြီး လက်ရှိအချိန်မှာ ဖော်မြူလာဝမ်း ပြိုင်ပွဲကနေ ဆုဖလား ၂၁ ကြိမ်အထိရရှိထားခဲ့သူလည်း ဖြစ်ပါတယ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဗောဓိသေယျရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း









## ဦးသန်းနွယ်(Oscar)
**BA.Eco**
**ကုန်သွယ်ရေး(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အမှတ်(၁၆)၊ ပွဲစားလမ်းနေ (ဦးအုန်းဖေ-ဒေါ်အမာ)တို့၏သား၊ ဦးဖေသန်း၊ ဒေါ်လှဝင်းတို့၏ ညီ/မောင်၊ ဒေါ်စိန်စိန်၊ ဒေါ်သန်းသန်းအေးတို့၏ အစ်ကို၊ (ဦးအောင်ဆန်း)၊ (ဦးမြင့်သိန်း)၊ (ဒေါ်သန်းသန်းငွေ)၊ (ဦးကျော်လှမင်း)တို့၏အစ်ကို၊ တူ/တူမ ၁၉ ယောက်တို့၏ ဦးလေး၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၉-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါ ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်စိုးနိုင် (သူနာပြုဆရာကြီး-ငြိမ်း)
**လူမှုထူးချွန် ပထမဆင့်(၂/၀၃)**
**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီးနေ (ဦးလှမောင်-ဒေါ်စိုး)တို့၏ သား၊ (ဦးသန်းထွန်း)-ဒေါ်ခင်ငွေးမြင့်တို့၏ ညီ၊ ဦးတင့်လွင်-ဒေါ်ခင်မေစစ်၊ (ဦးသိန်းထွန်း)-ဒေါ်မြင့်မြင့်လေးတို့၏ အစ်ကို၊ ဦးဇော်ဝင်း-ဒေါ်ဝင်းပပနိုင်၊ ဒေါ်လွင်မေလတ်၊ ဒေါ်မေမိုးစံ၊ ဦးဝေမျိုးဟန်-ဒေါ်ကေသီဝင်း၊ ဦးနေလင်းနိုင်-ဒေါ်ခင်မျိုးမြင့်တို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ (ဒေါ်ခင်နွဲ့ဥဏ်)၏ ချစ်လှစွာသော ခင်ပွန်း မင်္ဂလာဒုံမြို့နယ်နေ ဦးကျော်စိုးနိုင်သည် ၈-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ည ၈:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများကို အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဖြိုးဖြိုးအိ (ဘိုကလေးမြို့)
**B.Sc (Zoology)၊ IFL (Japanese)**
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၀၃၃)၊ ဘုရင့်နောင်တာဝါ (၁A)နေ (ဦးအုန်းခင်-ဒေါ်ကြိုင်ကြိုင်)တို့၏ သမီးထွေး၊ (ဦးခင်မောင်ထွဋ်-ဒေါ်စန်းမြင့်)၊ (ဦးအောင်ထွဋ်-ဒေါ်ခင်မြမြ)၊ ဒေါ်တင်အေး (လ/ထ ညွှန်မှူး-ငြိမ်း၊ လ၀က)၊ ဦးရန်အောင်-ဒေါက်တာပပ၊ (ဒေါက်တာဝင်းချို-ဒေါ်ချိုချို)၊ ဦးသောင်းထွဋ်-ဒေါ်သဇင်ဦးတို့၏ညီမ ဒေါ်ဖြိုးဖြိုးအိသည် ၈-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၂၂ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ တောင်ပိုင်းခရိုင်၊ ပဒါန်ရေကျော် ရွာအုပ်စု၊ ဦးပိုင်အမှတ်(၁၅၃)၊ ဘုရားငူကွင်း၊ အကွက်အမှတ်(၁၂/၃)၊ ကိုယ်ပိုင် လမ်းသွယ် ပေ(၃၀)လှိုင်သာယာ၊ တွံတေးကားလမ်း၊ မျက်နှာစာ ပေ(၁၀၀) ရှေ့နောက် ပေ(၉၀)၊ အကျယ်ရှိ စက်မှုဂရန်မြေအား မှတ်ပုံတင်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်သိန်း[၁၂/ကမရ(နိုင်) ၀၃၂၂၈၄]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးမြင့်သူ [၁၃/ကခန(နိုင်)၀၁၄၀၂၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းမြင့်(LL.B,WIPO,Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**(၄၃)၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မကွေး လမ်းနှင့် ပေါ်တော်မူလမ်းထောင့်၊ အမှတ်(၅၁၈)ဟုခေါ်တွင်သော ဧရိယာပေ (၄၀x၆၀)ရှိ ပါမစ်အမည်ပေါက် ဦးတင်ဝင်း(LTBN-၀၂၁၅၆၈)ပါမစ်မြေအမျိုး အစားတွင် လမ်းထောင့်ဘက်အခြမ်း ပေ(၂၀x၆၀)မြေနှင့် ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်သူဇာဝင်း[၁၂/အစန(နိုင်)၁၈၄၁၉၇]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူ ဦးမြင့်ဇော်သိန်း[၉/ညဥန(နိုင်)၁၆၁၅၀၉]ကိုင်ဆောင်သူမှ (၁-၉-၂၀၂၂) ရက်တွင် အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးညွှန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃)(၃၀-၈-၂၀၁၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၀၉-၇၈၁၉၁၀၃၄၇)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ အမှတ်(၃/ခ)၊ လှူငယ် သစ္စာ လမ်းဟုခေါ်တွင်သည့် ပထမထပ်၊ ယာဘက်ခန်းဧရိယာ ပေ(၁၃x၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာဝမ်း[၁၂/ရကန(နိုင်)၀၄၂၃၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မေထွေး[၁၀/မလမ (နိုင်)၁၅၁၉၅၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက်ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းအရောင်းအဝယ် အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံတွင် ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မျိုးညွှန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃/၁၃)(၃၀-၈-၂၀၁၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း-၀၉-၇၈၁၉၁၀၃၄၇)**

## ဦးဝင်းမောင်
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**သစ်တောဦးစီးဌာန**
**အသက်(၇၀)**

ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၅၈)နေ (ဦးမောင်ငယ်-ဒေါ်စိန်တင့်)တို့၏သား၊ [ဦးမြင့်ဆွေဝင်း (သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)]-ဒေါ်အေးအေးသန်း တို့၏ သားသမက်၊ ဒေါ်နီလာဝင်း(ဒုခရိုင် တရားသူကြီး-ငြိမ်း)၏ခင်ပွန်း၊ မောင်ငြိမ်းဆွေဝင်း၊ မောင်မိုးဆွေဝင်းတို့၏ဖခင်သည် ၉-၉-၂၀၂၂ ရက် နံနက် ၇:၁၅ နာရီတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် မီးသဂြိုဟ်ပြီးစီး ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "အများသိစေရန်"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၄၄၈/၄၅၆)၊ (၄)ခန်းတွဲ၊ (၄)ထပ်၊ အလျား ၂၇၁/၂'x အနံ ၅၀'၊ အကျယ်ရှိသော တိုက်ခန်းမှာ ဦးကျော်ကျော်မင်း[၉/ပမန(နိုင်)၀၁၄၆၈၈]နှင့် ဒေါ်အိုင်ရာဘီဘီ(ခ) ဒေါ်နီလာ[၁၂/ဗတထ(နိုင်)၀၂၄၈၉၇]တို့ ဇနီးမောင်နှံနှစ်ဦး နေထိုင်ပိုင်ဆိုင်ခဲ့သည့်တိုက်ခန်းဖြစ်ပါသည်။ ၎င်းတို့ကွယ်လွန်ချိန်တွင် အမွေဆက်ခံရန် သား/သမီး၊ အမွေစားအမွေခံ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်ခဲ့ခြင်းမရှိသဖြင့် နှစ်ဖက်အမွေခံညီအစ်ကိုမောင်နှမများမှ ညီမျှစွာခွဲဝေရယူရန် နှစ်ဖက်သဘောတူပြုလုပ်ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းတို့နှစ်ဦးပိုင်ဆိုင်ခဲ့သည့် တိုက်ခန်းကိုရောင်းချမည်ဖြစ်၍ သက်ဆိုင်သည်ဟု အဆိုရှိသူများက တရားဝင်အထောက်အထားများနှင့်တကွ (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဥ္ဇာဖြိုးမောင်**
**အထက်တန်းရှေ့နေ (စဉ်-၅၂၁၅၁)**
**09-785149259, 09-250506626**
**အမှတ်(၇၉၇)၊ ရော(၁၈)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပ**

## အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ မြေကွက်အမှတ်(၁၄၄၁)၊ ဧရိယာ ပေ(၄၅x၆၀)ရှိ ဦးအောင်ကိုကို အမည်ပေါက် ဂရန်မြေနှင့် ယင်းမြေ၏အကျိုးခံစားခွင့်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးမင်းမြတ်[၁၄/ညတန(နိုင်)၀၉၂၀၀၀] မှ အပြီးအပိုင် ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ထားပြီးသော မြေကွက်ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါမြေကွက်သည် ကျွန်ုပ်မိတ်ဆွေ လက်ဝယ် ပိုင်ဆိုင်သောမြေကွက်ဖြစ်၍ မည်သူမှ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ကျူးကျော်ခြင်း၊ အမည်ပြောင်းလဲခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**ရှေ့နေများအသင်း နားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၀)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၆၆၅)၊ အကျယ်အဝန်း (၀.၀၆၄) ဧကရှိ ဒေါ်စန်းစန်း[၁၂/မရက(နိုင်)၀၄၇၅၂၉]ဂရန်အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် နေအိမ်(၂)လုံးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိ သူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ချူကြာထွမ် [၁၃/ကလတ(နိုင်) ၁၃၀ ၃၁၃]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် (B.A(ECO)H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)**
**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၃၁၂၁၉၊ ၀၉-၉၆၈၉၁၄၉၈၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် (၉၃၉/က)၊ အကျယ်အဝန်း (အလျား ၂၀ပေxအနံ ၆၀ပေ) ရှိဒေါ်စန်းအေးအမည်ပေါက် ပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီလာမြင့် [၅/ကဘလ(နိုင်)၀၀၀၀၈၆]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် (B.A(ECO)H.G.P)**
**အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)**
**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၃၁၂၁၉၊ ၀၉-၉၆၈၉၁၄၉၈၆**

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရီဝင်း (ကြေး/မြေ-ငြိမ်း)

ဇနီး၊ သားသမီးနှင့် မြေးများအပေါ်တွင် သံယောဇဉ်ကြီးမားပြီး တာဝန်ကျေခဲ့တဲ့ဖေကြီး မိသားစုနှင့်ခွဲခွာသွားတာ ၁၀-၉-၂၀၂၂ ရက်မှာ (၁)လပြည့်ခဲ့ပေမယ့် ခုထိခံစားအောက်မေ့သတိရနေဆဲပါ။ ဖေကြီးအတွက်ရည်စူးပြီး အစဉ်မပြတ် လှူဒါန်းခဲ့တဲ့ ကုသိုလ်ကောင်းမှုများနှင့်ဖေကြီးပြုလုပ်ခဲ့တဲ့ ဒါန၊ သီလ၊ ဝိပဿနာ ကုသိုလ်ကောင်းမှုများကြောင့် မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။ ကျန်ရစ်သူ ဇနီး၊ သားသမီးနှင့် မောင်နှမတွေပြုလုပ်ခဲ့သမျှသော ကုသိုလ်အစုစုတို့ကိုလည်း သာဓု ခေါ်ဆိုနိုင်ပါစေ- ဖေကြီးရေ အမျှ-အမျှ-အမျှ။

**ဖေကြီးကို နေ့စဉ်သတိရနေတဲ့ ချစ်ဇနီး ဒေါ်နန်းသိန်းနု**
**တူ/သားကြီး - ဦးမျိုးသီဟထွန်း-ဒေါ်သူဇာအေး**
**သမီးကြီး - ဦးတင့်ထွန်းအောင်-ဒေါ်နန်းနီလာဝင်း**
**သားငယ် - ဦးရန်ဝင်းအောင်-ဒေါ်နိုဘယ်အောင်**
**သမီးငယ် - ဒေါ်ဇင်မာဝင်း**
**မြေးများ - မအေးမြတ်သွန်းဖြူ၊ မအိမ့်မြတ်ပန်းချီ၊ မောင်ခွန်စွမ်းသာ၊ မထူးမြတ်အိမ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယကာကြီး
## သီရိသုဓမ္မမဏိဇောတဓရ ဦးမိုး(မုံရွာဆရာမိုး)
**(မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း)**
## အသက်(၇၈)နှစ်

၇-၉-၂၀၂၂(အင်္ဂါနေ့)တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန် သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝေဝင်း (ဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါ်ရင်ရင်တင့်**
**(ဇွဲရတနာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇လမ်း(အလယ်)၊ အမှတ် (၁၄၆)၊ မြေညီထပ်ယာဘက်ခန်း၊ အကျယ်အဝန်း (၁၂ ၁/၂'x ၅၀')ရှိ ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင် ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ မိခင်ဖြစ်သူဒေါ်လှကြည်[၁၂/ကတတ(နိုင်)၀၁၇၀၃၆] နှင့် သားသမီး (၄)ယောက်ဖြစ်သော ၁။ ဒေါ်နိုင်နိုင်ဦး [၁၂/ကတတ(နိုင်)၀၁၇၀၃၇]၊ ၂။ ဒေါ်တိုးတိုးခိုင်[၁၂/ကတတ(နိုင်)၀၂၀၂၇၄]၊ ၃။ ဒေါ်ခင်သက်နွယ်(ကိုယ်စား) ဦးအောင်ကိုကိုဦး [၉/မထလ(နိုင်)၀၀၁၆၇၀]၊ ၄။ ဦးအောင်ကိုကိုမျိုး [၁၂/ကတတ(နိုင်) ၀၀၀၉၀၄]တို့မှ ကန့်ကွက်ရန်မရှိ သဘောတူသဖြင့် ကျွန်ုပ်ကအရောင်း အဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့် ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီဝင်း [၁၂/ကတတ(နိုင်)၀၂၈၂၈၇]**
**Ph: 09-765404193**




## နေရောင်အောက်ကသက်ရှိတွေကို
## စောင့်ရှောက်ဖို့
## အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှု အပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းက ဖွဲ့စည်းထားသော NUG၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝှမ်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေးစု အနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဗို့ကျည် (ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ၊ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E)လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

## ကြေးမုံ ယနေ့ ဖတ်စရာ

**ယခုလို ကြား မြင် သိသည့် အကြောင်းအရာများကိုအခြေခံပြီး မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေသည့်အခြေအနေများကို အမှားနှင့်အမှန်၊ ဓမ္မနှင့် အဓမ္မ၊ အကြောင်းနှင့်အကျိုး၊ အကောင်းနှင့် အဆိုးကို ဝေဖန်ပိုင်းခြား လက်ခံသိမြင်နိုင်မယ်လို့ ယုံကြည်**

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား တွေ့ဆုံရှင်းလင်း

စာမျက်နှာ » ၆

**အမေရိကန်နှင့် အနောက်နိုင်ငံများအနေနဲ့ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်ဖို့ တွန်းအားပေးနေမှုကို ရှောင်ရှားသင့်**

စာမျက်နှာ » ၁၂

**၃၇ ပွဲဆက် ရှုံးပွဲမရှိတဲ့ ပထမဆုံးနိုင်ငံအသင်းဖြစ်လာတဲ့ အီတလီ**

စာမျက်နှာ » ၂၅



## ပြည်ပအဝတ်အထည်ဈေးကွက် မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံရှိအထည်ချုပ်စက်ရုံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းလာ

**ရန်ကုန် စက်တင်ဘာ ၉**

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိအထည်ချုပ်လုပ်ငန်းများ ကျဆင်းနေသော်လည်း ဥရောပတိုက်တွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆောင်ရွက်မှုဖြင့် အဝတ်အထည်ဈေးကွက်ဝယ်လိုအား မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းလာကြောင်း သိရသည်။

အထည်ချုပ်လုပ်သားများစွာဖြင့်လည်ပတ်ခဲ့သော ဒေသတွင်းနိုင်ငံအချို့မှ အထည်ချုပ်စက်ရုံများပိတ်ထားပြီး ထုတ်လုပ်မှုကျဆင်းချိန်တွင် အဝတ်အထည်သုံးစွဲမှုမြင့်တက်လာမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုနှင့်အတူ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ဈေးကွက်လိုအပ်ချက်အရ လည်ပတ်ခဲ့သော အထည်ချုပ်စက်ရုံများမှ လုပ်ငန်းရှင်များအဆင်ပြေခဲ့ပြီး အလုပ်သမားများလည်း အဆင်ပြေလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်က အထည်ချုပ်စက်ရုံပေါင်း ၆၀၀ ကျော်ရှိရာ ယခုအခါ ၅၀၀ ခန့်ရှိ၍ ပုံမှန်ဖွင့်လှစ်သောစက်ရုံများ ဆက်လက်လည်ပတ်ခြင်းနှင့် ကုမ္ပဏီအချို့က ထပ်မံရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့် အထည်ချုပ်စက်ရုံများ လုပ်ငန်းခွင်အဆင်ပြေလျက်ရှိသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❂